# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွှန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက် | ၂၀၂၂ ခုနှစ်၊ မတ် ၂၉ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၁၈၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၂၈

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ယနေ့နံနက်ပိုင်းတွင် အလွတ်သဘော တွေ့ဆုံဆွေးနွေးကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❒



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

# (၇၇)နှစ်မြောက်တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ် ပိုစတာကြီးများစိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်



နေပြည်တော် မတ် ၂၈

(၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ဘောဂသီရိအဝေးပြေးကားကွင်းအနီးရှိ မီးပွိုင့်လမ်းဆုံတွင် လည်းကောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်အနီး မီးပွိုင့်လမ်းဆုံတွင် လည်းကောင်း၊ အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းအနီး လမ်းဆုံတွင် လည်းကောင်း၊ ပင်လောင်း မီးပွိုင့်လမ်းဆုံနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ လည်းကောင်း မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ပြီး ဓာတ်သွေး၊ ဓာတ်မာန် တက်ကြွစေမည့်

*စာမျက်နှာ ၄ ကော်လံ ၄* ❖


ယနေ့ *ဖတ်စရာ*

**ပြည်ပဈေးကွက်ဝင် မြန်မာ့ကဏန်းပျော့ ရေရှည်ထုတ်ယူနိုင်ရေး ကဏန်းဘောမဲ့ဇုန်များ ဖော်ဆောင်ရန် ကြိုးပမ်းလျက်ရှိ**

ပြည်တွင်းသတင်း | စာ - ၆

..................

**တောင်ကိုရီးယားနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ကျဆင်း**

နိုင်ငံတကာသတင်း | စာ - ၁၃

..................

**ကိုဗစ်-၁၉ အကျော့သစ် ထပ်မံရိုက်ခတ်လာဦးမလား ဆိုတဲ့ စိုးရိမ်နေတဲ့ အမေရိကန်ပြည်သူတွေ**

နိုင်ငံတကာရေးရာ | စာ - ၁၄

မြန်မာ့အလင်း

## ငြိမ်းချမ်းရေး အဖြေရှာနိုင်မည့် အခွင့်အခါကောင်းများ မလွတ်စေလို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် (၇၇) နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းတွင် "တပ်မတော်အနေနဲ့ ထာဝရငြိမ်းချမ်းရေး ရရှိဖို့အတွက် အကြမ်းဖက်အဖွဲ့တွေနဲ့ အကြမ်းဖက်အဖွဲ့အစည်းကို အားပေးထောက်ခံတဲ့ အဖွဲ့တွေကလွဲရင် NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေနဲ့ အမြဲမပြတ် တွေ့ဆုံဆွေးနွေးသွားမှာဖြစ်သလို လက်မှတ်ရေးထိုးထားခြင်းမရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့လည်း လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားတဲ့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲတွေ ပြုလုပ်သွားမှာဖြစ်တယ်" ဟူ၍ ပြောကြားခဲ့သည်။

လာမည့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဆိုလျှင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ စုစည်းမှု၊ စည်းလုံးညီညွတ်မှု စွမ်းအားဖြင့် ကြိုးပမ်းရယူခဲ့သည့် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေး သက်တမ်းမှာ ၇၅ နှစ်ပြည့် စိန်ရတုကာလသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ လွတ်လပ်ရေးရပြီးခဲ့သည့် ၇၅ နှစ်တာ ကာလအတွင်း မိမိတို့နိုင်ငံသည် လက်နက်ကိုင်ပဋိပက္ခများအတွင်း ကျရောက်ခဲ့ရပြီး တည်ငြိမ်အေးချမ်းမှုကို အပြည့်အဝမရရှိခဲ့ခြင်းက နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေရခြင်း၏ အဓိကအကြောင်းရင်းခံပင်ဖြစ်သည်။ ထို့အပြင် မျက်မှောက်ကာလတွင် ပြောင်းလဲလာနေသည့် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများအကြားတွင် မြန်မာနိုင်ငံသည် စည်းလုံးညီညွတ်ပြီး သာယာဝပြောသည့် နိုင်ငံ၊ အင်အားခိုင်မာတောင့်တင်းပြီး ခေတ်မီဖွံ့ဖြိုးသည့်နိုင်ငံအဖြစ် ရပ်တည်သွားနိုင်ရန် လွန်စွာအရေးကြီးလျက်ရှိပြီး စည်းလုံးညီညွတ်မှု လျော့ရဲကာ သူတစ်လူ ငါတစ်မင်း စစ်နွံအတွင်း ကျရောက်သွားမည်ဆိုပါက တစ်စစီပြိုကွဲကာ ကမ္ဘာ့မြေပုံပေါ်မှ ပျောက်ကွယ်သွားမည်ဖြစ်သည်။ သို့ဖြစ်သည့်အတွက် တိုင်းပြည်၏ လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံသာယာဝပြောရေးအတွက် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးကို တပ်မတော်က အလေးအနက်ထား ကြိုးပမ်းနေခြင်းပင်ဖြစ်သည်။

လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးအတွက် လက်တွေ့ကျသော ဆောင်ရွက်ချက်အနေဖြင့် တပ်မတော်သည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့မှစကာ ယခုနှစ် နှစ်ကုန်ပိုင်းအထိ လေးနှစ်ကျော်ကြာ တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှုကို ရပ်စဲထားသည့်အပြင် ကြိုတင်ကန့်သတ်ချက်မထားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ရန်လည်း ဖိတ်ခေါ်ကမ်းလှမ်းထားသည်။ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် ပါဝင်သည့် သဘောတူညီချက်များအတိုင်း တပ်မတော်က ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်သွားမည်ဖြစ်ရာ NCA သည် သာမန်အပစ်အခတ်ရပ်စဲရုံမျှ သဘောတူစာချုပ်မျိုးမဟုတ်ဘဲ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကြီးဆီသို့ ဦးတည်သွားရမည့် နိုင်ငံရေးလမ်းပြမြေပုံလည်း ဖြစ်သည်။ လက်နက်ကိုင်အဖွဲ့အစည်းတို့အနေဖြင့် အခွင့်သာခိုက် လိုက်ပါလျှောက်လှမ်းကြခြင်းဖြင့် ပြည်သူ့အကျိုး၊ ဒေသအကျိုး၊ ပြည်ထောင်စု၏ အကျိုးတို့ကို ဆောင်ကြဉ်းနိုင်ကြမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် တပ်မတော်က ဦးဆောင်သည့် အိမ်စောင့်အစိုးရဖြစ်ရာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲများတွင် ပို၍ပင် ခရီးပေါက်နိုင်ကြမည်ဖြစ်သည်။ ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့် လက်နက်ကိုင်ပဋိပက္ခများ ပျောက်ကွယ်သွားကာ ဒေသတည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ ဖြစ်ပေါ်လာသည့် သာဓကများလည်း ရှိပြီးဖြစ်သည့်အလျောက် ထာဝရငြိမ်းချမ်းရေးသို့ ဦးတည်ကာ စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးနိုင်ကြပါစေကြောင်း။ ။



(၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံ၌ ရေပန်းများ၊ မီးအလှများ တပ်ဆင်ထားရှိပြီး တပ်မတော်နေ့ အထိမ်းအမှတ် မီးရှူးတိုင်၊ ပထမ၊ ဒုတိယ၊ တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ မင်းမြတ်သုံးပါး ရုပ်တုတို့အား အများပြည်သူ မည်သူမဆို ဝင်ရောက်ကြည့်ရှုအပန်းဖြေလှေ့လာနိုင်ရန် တပ်မတော်ပန်းခြံအား မတ်လ ၂၈ ရက်မှ ဧပြီလ ၁ ရက်အထိ နေ့စဉ် ညနေ ၅ နာရီမှ ည ၉ နာရီခွဲအထိ ဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ လှိုင်ကော်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဌေးအောင် ကို လားရှိုးတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင်နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

## အာဆီယံလူငယ်ဓာတ်ပုံပြိုင်ပွဲ ၂၀၂၂ (ASEAN Youth Photo Competition 2022) ကျင်းပမည်

**နေပြည်တော် မတ် ၂၈**

အာဆီယံလူငယ်ဓာတ်ပုံပြိုင်ပွဲ ၂၀၂၂ (ASEAN Youth Photo Competition 2022)ကို ကမ္ဘောဒီးယားနိုင်ငံ ပညာရေး၊ လူငယ်နှင့် အားကစားဝန်ကြီးဌာနမှ ဦးဆောင်ပြီး "အပြန်အလှန် အကျိုးဖြစ်ထွန်းစေရေး ပေါင်းစည်းအားဖြင့် ဖော်ဆောင်ပေး" ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါဓာတ်ပုံပြိုင်ပွဲကို ၂၀၂၂ ခုနှစ် မတ်လမှ ဇွန်လအထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်လိုသော လူငယ်ဓာတ်ပုံပညာရှင်များအနေဖြင့် (၂၀၂၂) ခုနှစ် ဧပြီလ ၁၀ ရက် နောက်ဆုံးထား၍ Online Application မှတစ်ဆင့် ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

စည်းကမ်းချက်များအနေဖြင့် ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များသည် အသက်(၁၈ – ၃၅)နှစ်အတွင်းရှိ အာဆီယံနိုင်ငံသားဖြစ်ရမည်။ ပြိုင်ပွဲဝင် ဓာတ်ပုံသည် အာဆီယံဒေသအတွင်း ရိုက်ကူးထားသောပုံဖြစ်ပြီး ယခင်က ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိထားသည့် ဓာတ်ပုံများမဖြစ်ရ။ ပြိုင်ပွဲဝင်ဓာတ်ပုံအမျိုးအစားသည် – JPG (or) JPEG ဖြစ်ရမည်။ Resolution သည် 150 – 300 DPI အတွင်းရှိရမည်။ File size 3–5 MB အရွယ်အစားဖြစ်ရမည်။ ဓာတ်ပုံအား အနည်းငယ် ဖြတ်ဖောက်ခြင်း၊ ကာလာချိန်ညှိခြင်းပြုလုပ်နိုင်သည်။ ဓာတ်ပုံတွင် ဘောင်များ၊ ရေစာမှတ်များ၊ အချိန်အမှတ်အသားများ မပါရှိရပါ။ ယှဉ်ပြိုင်သူတစ်ဦးသည် ဓာတ်ပုံတစ်ပုံသာ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ခေါင်းစဉ်အား အင်္ဂလိပ်ဘာသာဖြင့် စကားလုံး (၁၀)လုံးထက် မပိုရ၊ Caption အား စကားလုံး (၃၀) လုံးထက် မပိုရ။ ရှင်းလင်းချက်အား စကားလုံး (၁၀၀) လုံး ထက်မပိုဘဲ အင်္ဂလိပ်ဘာသာဖြင့် ရေးသားရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲအား အာဆီယံနိုင်ငံအဆင့်၊ ဒေသတွင်းအဆင့် အဆင့်(၂)ဆင့် သတ်မှတ်၍ ရွေးချယ်ဆုချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပြီး ပထမအဆင့်တွင် သက်ဆိုင်ရာအာဆီယံနိုင်ငံများမှ အကောင်းဆုံးဓာတ်ပုံ(၅)ပုံကို နိုင်ငံ့ကိုယ်စားပြုရွေးချယ်သွားမည်ဖြစ်ကာ ဒုတိယအဆင့်အနေဖြင့် ဒေသတွင်းအကဲဖြတ်အဖွဲ့ဝင်(၉)ဦး ပါဝင်သည့် အဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည် ဖြစ်သည်။

ပြိုင်ပွဲတွင် အကောင်းဆုံးဆု (၃)ဆု၊ ရေပန်းအစားဆုံး ဓာတ်ပုံဆု (၁)ဆု၊ အထူးဆု (၁၀) ဆုတို့ကို ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ပြီး ချီးမြှင့်မည့်ဆုများ၏ စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၃၀၀ ဖြစ်သည်။ အဆိုပါပြိုင်ပွဲဝင်အစီအစဉ်များနှင့်ပတ်သက်၍ https://mail.google.com/mail/u/0/#inbox/FMfcgzGmvLZmRbmrxInCGWpBgXWXqGCP?projector=1&messagePartld=0.91https://mail.google.com/mail/u/0/#inbox/FMfcgzGmvL ZmRbmr XinCGWpBgXWx GCP?Projector =1&message Partld=0.10 Link များတွင် ဝင်ရောက်ကြည့်ရှု စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ဝန်ထမ်းသစ်များအနေဖြင့် သမိုင်းပေးတာဝန်များကို လက်ဆင့်ကမ်းရယူပြီး ရေရှည်တည်တံ့အောင်မြင်သော ဂုဏ်သိက္ခာရှိသည့်ဌာနကြီးအဖြစ် ဆက်လက်ရှင်သန်ရပ်တည်နိုင်ရန် ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် မတ် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းသစ်များ ကြိုဆိုပွဲနှင့် စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းသစ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက “MRTV နှင့် ကောင်းသောနေ့” တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကား ပြောကြားရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြောင်းလဲ တိုးတက်နေသော နည်းပညာ၊ အတတ်ပညာများနှင့်အညီ စီစဉ်တင်ဆက်လျက်ရှိသည့် သတင်းနှင့် အစီအစဉ်များ အရည်အသွေး ပိုမိုကောင်းမွန်စေရန်၊ Content ပိုင်းဆိုင်ရာ အသစ်အသစ်များ ဖန်တီးထုတ်လုပ်နိုင်ရန်အတွက် ဝန်ထမ်းအင်အားများ ပြည့်မီအောင် ဖြည့်တင်းရေးနှင့် ဝန်ထမ်းသစ်များ စွမ်းဆောင်ရည်မြှင့်တင်ရေးကို အလေးပေး ဆောင်ရွက်လျက်ရှိကြောင်း၊ MRTV ၏ လုပ်ငန်းစဉ်များသည် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်းနှင့် လုပ်ဆောင်၍မရဘဲ အားလုံးပူးပေါင်းလုပ်ဆောင်မှုနှင့်သာ အကောင်အထည်ဖော် ဆောင်ရွက်ရသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

## ကြိုးပမ်းဆောင်ရွက်

ဝန်ထမ်းသစ်များအနေဖြင့် ဝန်ထမ်းတစ်ဦး လိုက်နာရမည့် ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာစောင့်ထိန်းကြရန် လိုအပ်ပြီး စဉ်ဆက်မပြတ် လေ့လာသင်ယူရင်း စွမ်းဆောင်ရည်ပြည့်ဝသည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း၊ ခေတ်အဆက်ဆက်တွင် MRTV ၏ ဝန်ထမ်းများက တာဝန်ကျေပွန်ခဲ့ကြသကဲ့သို့ မျိုးဆက်သစ်ဝန်ထမ်းများဖြစ်သည့် ဝန်ထမ်းသစ်များအနေဖြင့်လည်း သမိုင်းပေးတာဝန်များကို လက်ဆင့်ကမ်းရယူပြီး ရေရှည်တည်တံ့အောင်မြင်သော ဂုဏ်သိက္ခာရှိသည့် ဌာနကြီးအဖြစ် ဆက်လက်ရှင်သန်ရပ်တည်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို တန်ဖိုးထားပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၅)နှစ်မြောက် စိန်ရတုနေ့ အခမ်းအနားသို့ ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့ပြီး နိုင်ငံတော်အတွက် ထာဝရတည်ရှိနေမည့် နိုင်ငံတော်က အားထားရသော၊ ပြည်သူကအားကိုးရသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဖြစ်စေရန် လမ်းညွှန်မှာကြားခဲ့ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းသစ်များကြိုဆိုပွဲနှင့် စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရေခံမြေခံကောင်းမွန်မှုနှင့်အတူ ဝန်ထမ်းသစ်များ၏ ခွန်အားသစ်များ၊ ကြိုးစားဆောင်ရွက်မှုများဖြင့် ဝန်ထမ်းသစ်များ၏ ဘဝများလည်း တိုးတက်ပါစေ၊ MRTV လည်း (၇၆)နှစ်မြောက်မှသည် ရာစုနှစ်ပေါင်းများစွာအထိ အောင်မြင်မှုများနှင့် ဆက်လက်လျှောက်လှမ်းနိုင်ပါစေ၊ ပြည်သူ့အကျိုးပြုဝန်ဆောင်မှု လုပ်ငန်းများကိုလည်း ဆက်လက်ပေးစွမ်းနိုင်ပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။

## ဖျော်ဖြေတင်ဆက်

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက “သီချင်းများပေါင်းစပ် တစ်ခန်းရပ်ပြဇာတ်” တေးသရုပ်ဖော်ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဝန်ထမ်းသစ်များအတွက် ရုံးဝတ်စုံ လုံချည်များ ပေးအပ်သည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက “ရှင်သန်နေမည် MRTV”တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သင်တန်းသားသင်တန်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းသစ်များ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းကို မတ် ၂၈ မှ ဧပြီ ၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသို့ ရုပ်သံကျွမ်းကျင် (၂)၊ အသံလွှင့်ကျွမ်းကျင် (၂)၊ အနုပညာရှင် (၂)၊ အငယ်တန်းအင်ဂျင်နီယာ (၂)၊ ရုပ်သံကျွမ်းကျင် (၄)၊ စက်မှုကျွမ်းကျင် (၄)၊ အငယ်တန်းစာရေးနှင့် နေ့စားဝန်ထမ်း စုစုပေါင်း ၂၈၄ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းတွင် ဝန်ထမ်းများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်နှင့်စည်းကမ်း၊ ဌာနခွဲများအလိုက် လုပ်ငန်းတာဝန်များ ခွဲခြားလုပ်ဆောင်မှုများကို သိရှိနိုင်ရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့များမှ ဆရာ ဆရာမများနှင့် ဌာနမှ အရာထမ်းများက သင်ကြားပို့ချပေးကြမည်ဖြစ်သည်။

## နေ့လယ်စာကို အတူတကွ သုံးဆောင်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းသစ်များနှင့်အတူ Office Canteen တွင် နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မဟာသင်္ကြန်တွင် နေပြည်တော်ရှိ မဏ္ဍပ်များ၌ လှည့်လည်သီဆိုကပြဖျော်ဖြေကြမည့် ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စားပြု မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ၏ သင်္ကြန်ယိမ်းအကများ ကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးပြီး ယိမ်းအဖွဲ့များအလိုက် ဆုငွေများ ပေးအပ်သည်။

ယင်းနောက် MRTV DTH စနစ်အတွက် စက်ပစ္စည်းများ ပြင်ဆင်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပင်မအဆောက်အဦအတွက် လေအေးပေးစနစ် တပ်ဆင်ပေးဝေမှုများ စဉ်ဆက်မပြတ် ကောင်းမွန်နေစေရေးအတွက် အဆင့်လိုက် ပြုပြင်ဆောင်ရွက်မည့်အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ နေ့ကလေးထိန်းကျောင်းသို့ရောက်ရှိပြီး ဝန်ထမ်းများ၏ သားသမီးများအတွက် စီစဉ်ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးကာ ကလေးများအတွက် သင်္ကြန်ရေပက်ကစားစရာအရုပ်များ ပေးအပ်ခဲ့သည်။ **သတင်းစဉ်**

# ပေါက်ခေါင်းမြို့နယ် ဥပဒေရုံးသစ်နှင့် ပြည်မြို့နယ်အတွင်းရှိ ကျေးလက်မီးလင်းရေးဖွင့်ပွဲများ ကျင်းပ



**ပေါက်ခေါင်း မတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်း (၇၇) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပေါက်ခေါင်းမြို့နယ် ဥပဒေရုံးသစ်နှင့်ပြည်မြို့နယ်အတွင်း ကျေးလက်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားများ မတ် ၂၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥပဒေရုံးသစ် ဖွင့်ပွဲအခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ဥပဒေရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစန်းလွင်နှင့် တိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** မြို့နယ် ဥပဒေရုံး ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းကာ ဥပဒေရုံး အဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ပေါက်ခေါင်းမြို့နယ် ဥပဒေရုံး အဆောက်အအုံသစ်သည် အလျား ၃၆ ပေ၊ အနံ ၂၅ ပေ၊ အမြင့် ၁၂ ပေ၊ အာရ်စီတစ်ထပ် အဆောက်အအုံအမျိုးအစားဖြစ်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောက်လုပ်ပေးခြင်းဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် (၇၇)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ပြည်မြို့နယ် ငှက်ပစ်တောင်ကျေးရွာ ကျေးလက်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ကျေးရွာအတွင်း လျှပ်စစ်မီးဖြန့်ဝေပေးခဲ့သည်။ အဆိုပါ ငှက်ပစ်တောင်ကျေးရွာ ကျေးလက်မီးလင်းရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၅၆၈ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့နယ် သရေခေတ္တရာမြို့ဟောင်းရှိ ရှေးဟောင်းသုတေသနပြတိုက်သို့ သွားရောက် ကြည့်ရှုလေ့လာခဲ့သည်။ **တင်စိုး(ပဲခူး)**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် မတ် ၂၈**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၆၂ ဦး၊ အမျိုးသမီး ၁၃၈ ဦး စုစုပေါင်း ၄၀၀ တို့ကို လက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များ ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းရင်းသားကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးမှု(ဖိုရမ်)ဖွင့်ပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၈**

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုတည်ဆောက်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာလာစေရေးရည်ရွယ်၍ တိုင်းရင်းသားကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးမှု(ဖိုရမ်)ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဆလိုင်းအန်ဒရူးငွန်ကျုံးလျန်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးများအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသော တိုင်းရင်းသားကိုယ်စားလှယ်များ၊ Facilitator (ကူညီဆောင်ရွက်ပေးသူ) များ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေးမှု(ဖိုရမ်)ကို ကျင်းပရခြင်းဖြစ်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုရရှိရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု အထောက်အကူပြုစေရေးအတွက် ဆောင်ရွက်သင့်သည့် အချက်များကိုသိရှိပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် ငြိမ်းချမ်းရေးအတွက် အထောက်အကူဖြစ်စေရန်၊ အနာဂတ်နိုင်ငံတော် အေးချမ်းသာယာစေရန်၊ တစ်ဦးနှင့်တစ်ဦး အမြင်ချင်းဖလှယ်၍ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုခိုင်မာလာစေရန် ရည်ရွယ်ချက်များဖြင့် ဆွေးနွေးမှု(ဖိုရမ်)ကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ဖိုရမ်ကျင်းပသည့် နှစ်ရက်တာကာလအတွင်း ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (Union Peace Dialogue Joint Committee – UPDJC) သုံးပွင့်ဆိုင်မှ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်သင့်သည့် အချက်များ၊ တိုင်းရင်းသားရေးရာနှင့် NCA ဆိုင်ရာ သုံးသပ်ခြင်းများ၊ ဒေသအလိုက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခြေအနေများ၊ ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုစေမည့် ဆောင်ရွက်သင့်သည့်အချက်များ စသည်တို့ကို ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် တိုင်းရင်းသားကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးမှု(ဖိုရမ်)ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် အကျိုးရလဒ်များကိုအခြေခံ၍ နိုင်ငံတော်ကချမှတ်ထားသည့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက် မိမိတို့အနေဖြင့် ပိုမို၍ ပူးပေါင်းဆောင်ရွက်လာနိုင်မည်ဖြစ်သဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ အဖွဲ့ဝင်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ပထမနေ့ နံနက်ပိုင်းဆွေးနွေးမှုအစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က UPDJC သုံးပွင့်ဆိုင်မှ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများ အပိုင်း(၁) ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်သင့်သည့်အချက်များကိုလည်းကောင်း ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က တိုင်းရင်းသားရေးရာနှင့် NCA ဆိုင်ရာသုံးသပ်ခြင်း အပိုင်း(၁)ကို ဆွေးနွေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဆလိုင်းအန်ဒရူးငွန်ကျုံးလျန်က ဒေသအလိုက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဆွေးနွေးသည်။

**ခေါင်းစဉ်များအလိုက် ဆွေးနွေး**

ယင်းနောက် တက်ရောက်လာကြသူများက အုပ်စု သုံးစုခွဲ၍ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ၏ မြေပြင်အခြေအနေ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ ပိုမိုအားကောင်းလာစေရေးအတွက် ဖြည့်ဆည်းပံ့ပိုးပေးနိုင်မည့် အခြေအနေများကို ခေါင်းစဉ်များအလိုက် ဆွေးနွေးအကြံပြုကြသည်။

အဆိုပါဖိုရမ်မှ ပညာရှင်များ မျှဝေပေးသော နည်းလမ်းကောင်းများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားရေးရာဝန်ကြီးများနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရန်အတွက် အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်ပြီး ဖိုရမ်ကို မတ် ၂၈ ရက်မှ ၂၉ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❒ *ရှေ့ဖုံးမှ*

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ကော်မတီအဖွဲ့ဝင်များ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်သည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ခိုင်အောင်စိုးသန်းနှင့် ဗဟိုကော်မတီဝင် ခိုင်အောင်ဟိန်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှ ဒုတိယစစ်ဦးစီးချုပ်အဆင့်ရှိ စောတဲ့ခူးနှင့် ဗဟိုဆက်ဆံရေးဌာနမှူး စောကျော်သန်းဌေး၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်- ငြိမ်းချမ်းရေးကောင်စီ (KNU/ KNLA-PC)မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးနှင့် ဗဟိုကော်မတီဝင် စောအောင်ကောင်းရွှေ၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO)မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ခွန်မင်းသိန်းနှင့် ဗဟိုကော်မတီဝင် ခွန်ဇွဲထိုရ်၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) မှ အတွင်းရေးမှူး-၁ စဝ်စိုင်းငင်းနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နိုင်ငံတော်အစိုးရမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဖိတ်ခေါ်မှုအခြေအနေ၊ ပဋိပက္ခများ လျှော့ချနိုင်ရေး၊ ယုံကြည်မှုတည်ဆောက်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်ရှိငြိမ်းချမ်းရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ကိုယ်စားလှယ်များက တစ်ဖွဲ့ချင်းစီ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်သည့် သဘောထားများကို အလွတ်သဘော ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌက ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးအတွက် အခြေခံလိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် သဘောထားများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီသည် တက်ရောက်လာကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တစ်ဖွဲ့ချင်းစီ သီးခြားတွေ့ဆုံ၍ လက်ရှိငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးဆောင်ရွက်နိုင်မှုများ၊ ဆက်လက်လုပ်ဆောင်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များ၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကို ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိသည်။

အလားတူ ပင်လောင်းလမ်းဆုံမှ စစ်ရေးပြကွင်းကြီးသို့ သွားရောက်သည့် လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ဆောင်ပုဒ်များကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် စိုက်ထူထားပြီး စစ်ရေးပြကွင်းအဝင်ဝရှိ မုခ်ဦးကြီးကိုလည်း ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။ စစ်ရေးပြကွင်းကြီးတွင် ခံ့ညားစွာ စိုက်ထူထားသည့် ပထမ၊ ဒုတိယနှင့် တတိယမြန်မာနိုင်ငံတို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးတို့၏ ကြေးရုပ်တုကြီးများကိုလည်းကောင်း၊ (၇၇)နှစ်မြောက် တပ်မတော်နေ့ တံဆိပ်ကြီးကိုလည်းကောင်း၊ ပန်းအလှများဖြင့်ခြယ်သထားပြီး စစ်ရေးပြကွင်းကြီးအတွင်းတွင်လည်း ဗမာ့လွတ်လပ်ရေးတပ်မတော်အလံ၊ ဗမာ့ကာကွယ်ရေးတပ်မတော်အလံ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)အလံများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ညွှန်ကြားရေးမှူးရုံး အလံများ၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ်အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၏ ရောင်စုံအလံများကိုလည်း လွှင့်ထူထားသည့်အပြင် မီးထွန်းညှိထားသည့် တပ်မတော်နေ့ မီးရှူးတိုင်ကိုလည်း ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။

ထို့အပြင် (၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင်လည်း မီးအလှများဖြင့် ဖန်တီးပုံဖော်ထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် (၇၇) နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ်တံဆိပ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များတွင် အသုံးပြုသည့် ယာဉ်ယန္တရားပုံစံငယ်များ၊ ရေယာဉ်ပုံစံငယ်များ၊ လေယာဉ်ပုံစံငယ်များ၊ ရဟတ်ယာဉ်ပုံစံငယ်များနှင့် လက်နက်ပုံစံတုများကို ပြသထားသည်။ ပန်းခြံအတွင်း ဖိုင်ဘာဖြင့်ပြုလုပ်ထားသည် စစ်သည်ရုပ်တုငယ်များ၊ ပုံဖော်ထားသည့် ပန်းအလှများ၊ သစ်ပင်များတွင် တပ်ဆင်ထားသည့် မီးရောင်စုံများဖြင့် ပြုလုပ်အလှဆင်ထားရှိရာ လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တော်လှန်ရေးပန်းခြံတွင်လည်း မုခ်ဦးများ၊ ပန်းအလှပင်များ၊ (ကြည်း၊ ရေ၊ လေ)တံဆိပ်၊ သမိုင်းဝင်စစ်ထွက်သပြေပင်နှင့် မြင်းချည်တိုင် သပြေပင်တို့တွင် မီးအလှများဆင်ထားပြီး (၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် မီးအလှများ၊ မီးရှူးတိုင်အလှမီးများ၊ တင့်ကားပုံ၊ စစ်ရေယာဉ်ပုံ၊ ရဟတ်ယာဉ်ပုံ၊ တပ်မတော်သုံးအမြောက်ပုံများကို မီးအလှဆင်ပြီး ထွန်းညှိထားရှိသည်။

ထို့ပြင် (၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌လည်း မီးရောင်စုံများ၊ မီးအလှများဖြင့် ထွန်းညှိ၍ ဂုဏ်ပြုအလှဆင်မှုများ ပြုလုပ်ထားရှိရာ အဆိုပါနေရာများသို့ လာရောက်အပန်းဖြေ လည်ပတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံခြားပညာတော်သင်များ၏ လေ့လာသင်ကြားမှု အတွေ့အကြုံများဖလှယ်ခြင်းဆိုင်ရာ အခမ်းအနားကျင်းပ



နေပြည်တော် မတ် ၂၈

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက် ၉ နာရီ တွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း၌ ကျင်းပသော ဩစတြေးလျနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ရှိ တက္ကသိုလ်များတွင် ဖွင့်လှစ်ပို့ချခဲ့သော မဟာဘွဲ့သင်တန်းများသို့ အောင်မြင်စွာ တက်ရောက်ခဲ့ကြသည့် ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့မှ အရာထမ်းနှစ်ဦးတို့၏ လေ့လာသင်ကြားမှု အတွေ့အကြုံများ ဆွေးနွေးဖလှယ်သည့်အခမ်းအနားသို့ တက်ရောက်သည်။ (ယာပုံ)

**စီစဉ်ဆောင်ရွက်လျက်ရှိ**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပြီး အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းများကို စိစစ်၍ ပြည်ပသို့ ပညာတော်သင်များစေလွှတ်ခြင်း၊ ပြန်လည်ရောက်ရှိသည့်အခါတွင်လည်း သင်ယူလေ့လာရရှိခဲ့သည့် ပညာရပ်ဆိုင်ရာဆည်းပူးလေ့လာမှု အတွေ့အကြုံများကို ပြန်လည်မျှဝေခြင်း၊ လက်တွေ့လုပ်ငန်းနယ်ပယ်များတွင် ပေါင်းစပ်အသုံးချခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး ဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုသင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်၍ ဝန်ထမ်းများအတွက် ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများ၊ ဗဟုသုတမျှဝေခြင်း အစီအစဉ်များကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယနေ့အခမ်းအနားတွင် ပညာတော်သင်များက ပညာသင်ကာလအတွင်း လေ့လာဆည်းပူးခဲ့သည့် ဘာသာရပ်များ၊ သင်ကြားပို့ချမှု အတွေ့အကြုံများ၊ သုတေသနပြုလေ့လာမှုများ၊ စာတမ်းပြုစု ရေးသားမှုနှင့် မြန်မာနိုင်ငံတွင် လက်တွေ့ကျင့်သုံးဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**ဦးစားပေးဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်၍ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်နေကြောင်း၊ သို့ဖြစ်ရာ ဝန်ကြီးဌာနအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးကို အထူးအလေးထား၍ ပညာတော်သင်များကို စဉ်ဆက်မပြတ် စေလွှတ်ပေးလျက်ရှိကြောင်း၊ ပညာတော်သင်များအနေဖြင့်လည်း ရရှိလာသည့် အခွင့်အရေးကို အကျိုးရှိရှိအသုံးချ၍ သင်ယူလေ့လာကြရန်နှင့် သင်ယူရရှိလာသည့် အတွေ့အကြုံများကိုလည်း ဌာနတွင် ပြန်လည်မျှဝေခြင်း၊ လက်တွေ့လုပ်ငန်း နယ်ပယ်များတွင် ပေါင်းစပ်အသုံးပြုခြင်းများဖြင့် ဌာနအတွက် ပြန်လည်အကျိုးပြု ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ သက်ဆိုင်ရာဌာန အကြီးအကဲများ၊ အဆင့်မြင့်အရာထမ်းများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




# တိုင်းစစ်ဌာနချုပ်အသီးသီး၌ (၇၇) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားများ ကျင်းပ

နေပြည်တော် မတ် ၂၈

(၇၇) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားများကို မတ် ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်တိုင်း စစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တို့၌ ကျင်းပပြုလုပ်ကြရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများက တက်ရောက် မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် (၇၇) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော် ကျင့်ဝတ်ပြိုင်ပွဲများတွင် ပထမဆု ရရှိကြသည့် အရာရှိ၊ စစ်သည်များနှင့် အဆင့်တိုးမြှင့်ခြင်းခံရသည့် စစ်သည်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများက အဆင့်တံဆိပ်များ၊ ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တပ်မတော်နေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပပြုလုပ်ပြီး ဆုရရှိသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ကြသည်။ ညပိုင်းတွင် (၇၇) နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲများကို တိုင်းစစ်ဌာနချုပ်များအလိုက် ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး ကြိုးပမ်း

နေပြည်တော် မတ် ၂၈

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူ ဖြစ်စေရန်အတွက် မတ် ၂၇ ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများသည် အမ်းမြို့ရှိ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များတွင် မွေးမြူထားရှိသော DYL ဝက်မွေးမြူရေးခြံ၊ နို့စားနွားမွေးမြူရေးခြံ၊ အသားတိုးနွားမွေးမြူရေးခြံ၊ ဥစားကြက် မွေးမြူရေးခြံ၊ အသားတိုး ကြက်မွေးမြူရေးခြံ၊ ငါးမွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် လေးဝတီမွေးမြူရေးအစာစပ် လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပုလောမြို့နယ် ကျောက္ကာကျေးရွာရှိ အိမ်ခြေ ၅၀၀ ကျော် ဆိုလာဖြင့် မီးလင်း

ပုလော မတ် ၂၈

(၇၇) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မဟာဓာတ်အားလိုင်းပြင်ပ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းဖြင့် ဆိုလာအသေးစား ဓာတ်အားလိုင်းစနစ် မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ ရက်က ပုလောမြို့နယ် ကျောက္ကာကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း၊ ညွှန်ကြားရေးမှူး ဦးရဲခေါင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် စက်ရုံကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည် ပက်ဖျန်းပြီး Solar Pump House ကို လှည့်လည်ကြည့်ရှုရာ Techno-Hill Engineering Co.,ltd. မန်နေဂျင်း ဒါရိုက်တာ ဒေါ်ဘရဏီအောင်က ရှင်းလင်းတင်ပြသည်။

မဟာဓာတ်အားလိုင်းပြင်ပ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းဖြင့် ပုလောမြို့နယ် ကျောက္ကာကျေးရွာတွင် ၂၀၉ ကီလိုဝပ် အသေးစားဓာတ်အားလိုင်းစနစ်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၆၀ ရာခိုင်နှုန်း၊ ကုမ္ပဏီမှ ၂၀ ရာခိုင်နှုန်းနှင့် ပြည်သူထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်းဖြင့် ၂၀၁၉ ခုနှစ် မတ်လတွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၂၁ ခုနှစ် မေလမှစတင်၍ ဆိုလာအသေးစား ဓာတ်အားပေးစနစ်ဖြင့် လျှပ်စစ်ဓာတ်အားကို စတင်ရရှိအသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

အေးအေးမော် (ပုလော)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း MRCCI ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်သစ်များအား တွေ့ဆုံ

နေပြည်တော် မတ် ၂၈

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်းသည် ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်သစ်များကို Virtual စနစ်ဖြင့် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။** (ယာပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် အစိုးရနှင့် ဝန်ကြီးဌာန၏ စီးပွားရေးဆိုင်ရာ မူဝါဒများအား ရှင်းလင်းပြောကြားပြီး ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်မှုဆိုင်ရာ အသင်းအဖွဲ့များ အားကောင်းစေရေးနှင့် ညီနောင်အသင်းအဖွဲ့များအားလုံး ချိတ်ဆက်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက လက်ရှိလုပ်ငန်းဆောင်ရွက်မှုနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌက ညီနောင်အသင်းအဖွဲ့များအကြား၊ ပုဂ္ဂလိကနှင့် အစိုးရဌာနဆိုင်ရာများအကြား ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် MRCCI ဥက္ကဋ္ဌက အသင်း၏ ဖွဲ့စည်းဆောင်ရွက်မှုနှင့် လုပ်ငန်းတာဝန်များ၊ လက်ရှိ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များက ကုန်သွယ်မှုတွင် ကြုံတွေ့နေရသော အခက်အခဲများနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ် အမှာစကား ပြောကြားသည်။



တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပဈေးကွက်ဝင် မြန်မာ့ကဏန်းပျော့ ရေရှည်ထုတ်ယူနိုင်ရေး ကဏန်းဘေးမဲ့ဇုန်များ ဖော်ဆောင်ရန် ကြိုးပမ်းလျက်ရှိ

**ရန်ကုန် မတ် ၂၈**

မြန်မာနိုင်ငံမှ ထွက်ရှိသော ကဏန်းနှင့်ကဏန်းပျော့မှ ပြည်ပဝင်ငွေရရှိလျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း မြန်မာ့ကဏန်းပျော့ သယံဇာတ ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးနှင့် ပြန်လည်ဖြည့်တင်းနိုင်ရေးအတွက် ကဏန်းသဘာဝဘေးမဲ့ဇုန်များ ဖော်ဆောင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနသည် လုပ်ငန်းရှင်၊ လူမှုရေးအထောက်အကူပြု အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကဏန်းငယ်များ စားကျက်နယ်မြေဖြစ်သော တောင်ကုတ်မြို့တွင် ကဏန်းဘေးမဲ့ဇုန်ထားရှိပြီး ကျန်ရှိသော ဒေသများတွင်လည်း သဘာဝဘေးမဲ့ဧရိယာများ သတ်မှတ်ထားရှိရန် ကြိုးပမ်းလျက်ရှိသည်။

**ရေရှည်ထိန်းသိမ်း**

"ကဏန်းသယံဇာတရေရှည်ထိန်းသိမ်းနိုင်ဖို့ အနာဂတ်မှာ လုပ်ဆောင်သွားဖို့ ပြည်ထောင်စုဝန်ကြီးခရီးစဉ်မှာ လမ်းညွှန်ထားတာရှိတယ်။ လတ်တလောဝယ်လိုအားရှိပေမယ့် သယံဇာတကို ပြန်ပြီးဖြည့်တင်းထားမှုမရှိဘူးဆိုရင် မြန်မာ့သယံဇာတတွေ ဆုံးရှုံးနိုင်တယ်။ လက်ရှိ ကဏန်းဘေးမဲ့ဇုန် နည်းနေသေးတဲ့အတွက် ဆက်လက်ဖော်ဆောင်ဖို့နဲ့ ကဏန်းသယံဇာတတွေကို ရေရှည်ထိန်းသိမ်းနိုင်အောင် စီမံကိန်းဆောင်ရွက်ဖို့ရှိပါတယ်"ဟု ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသက်ဦးက ပြောသည်။



ရခိုင်ပြည်နယ်၌ ကဏန်းပျော့မွေးမြူထားမှုကို တွေ့ရစဉ်။

**ပြည်ပသို့ ပို့ဆောင်လျက်ရှိ**

ရခိုင်ပြည်နယ်အတွင်း သံတွဲခရိုင်၊ စစ်တွေခရိုင်နှင့် ကျောက်ဖြူခရိုင်တို့မှ ကဏန်းအများဆုံး ထွက်ရှိလျက်ရှိသဖြင့် အဆိုပါခရိုင်များတွင် ကဏန်းမှ ကဏန်းပျော့ထုတ်လုပ်၍ အေးခဲစက်ရုံဖြင့် အသင့်ထုပ်ပိုးပြီး ပြည်ပသို့ ပို့ဆောင်လျက်ရှိသည်။ စစ်တွေမြို့တွင် ကဏန်းပျော့ ထုတ်လုပ်သောကုမ္ပဏီနှစ်ခုနှင့် တိုးချဲ့စမ်းသပ်လျက်ရှိသော စက်ရုံသုံးရုံ၊ သံတွဲတွင် ကုမ္ပဏီနှစ်ခုနှင့် ကျောက်ဖြူတွင် ကဏန်းပျော့စက်ရုံ နှစ်ရုံတို့ဖြင့် အေးခဲစက်ရုံများမှ ပြည်ပသို့ ကဏန်းပျော့ကို အများဆုံးတင်ပို့လျက်ရှိသည်။

**တိုက်ရိုက်တင်ပို့**

ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေချို၊ ရေငန်စပ်တို့တွင် ဈေးကွက်ဝင် မြန်မာ့ကဏန်းများ ထုတ်ယူလျက် တရုတ်၊ ဂျပန်၊ တရုတ် (ထိုင်ပေ)၊ ဥရောပနိုင်ငံများသို့ ကဏန်းပျော့များ တင်ပို့လျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် အေးခဲစက်ရုံ မရှိသေးသည့်အတွက် ယင်းဒေသမှထွက်ရှိသော ကဏန်းများကို ရန်ကုန်မြို့သို့ တိုက်ရိုက်တင်ပို့လျက်ရှိပြီး ရခိုင်ပြည်နယ်ရှိ အေးခဲစက်ရုံများမှ ထွက်ရှိသည့် မြန်မာ့ ကဏန်းပျော့များကို ပြည်ပသို့ တင်ပို့လျက်ရှိသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**



ကဏန်းပျော့များ ပြည်ပတင်ပို့ရန် အေးခဲစက်ရုံ၌ ထုပ်ပိုးနေစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မတ် ၂၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည် ရောဂါအခံရှိ သူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်၌ ဒေသခံပြည်သူ ၅၁၆၇ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နှင့် ရန်ကင်းမြို့နယ်၌ ဒေသခံပြည်သူ ၆၃၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၃၇၀၉ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၌ ဒေသခံပြည်သူ ၁၂၄၉၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၌ ဒေသခံပြည်သူ ၄၄၅၅၀ နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ဒေသခံပြည်သူ ၃၂၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မုံရွာမြို့၌ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲနှင့် နွေရာသီသင်တန်းများ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**စစ်ကိုင်း မတ် ၂၈**



စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လူငယ်များဘက်စုံဖွံ့ဖြိုး တိုးတက်ရေး အသိပညာပေး ဟောပြောပွဲနှင့် နွေရာသီသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၈ ရက်က မုံရွာမြို့ အလုံတပ်မြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းခန်းမတွင် ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ကျောင်းသား ကျောင်းသူများသည် ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်ခြင်းနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ယဉ်ကျေးလိမ္မာသော သားငယ်သမီးငယ်များ ဖြစ်လာစေရန် အခြေခံပညာကျောင်းများသည် အဓိကတာဝန် ဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများသည် ယခုလိုနွေရာသီကျောင်းပိတ်ရက် ကာလများကို ကျောင်းသား ကျောင်းသူများအတွက် အချိန်ကိုအကျိုးရှိစွာ အသုံးပြု၍ ဟောပြောပွဲနှင့် သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းဖြင့် နိုင်ငံတော်က အားကိုးအားထားရသော နိုင်ငံသားကောင်းများစွာ ပေါ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ အနေဖြင့်လည်း ကျောင်းပိတ်ရက်အချိန်ကို အကျိုးရှိစွာဖြင့်အသုံးချ၍ မိမိတို့အလိုရှိသော ပညာရပ်များကို စိတ်ပါဝင်စားစွာ လေ့လာသွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ပညာရေးဦးစီးမှူး ဦးတိုးဝင်းက ဟောပြောပွဲနှင့် သင်တန်းများ ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက လူငယ်များ စာရိတ္တမြင့်မားရေးနှင့် မျိုးချစ်စိတ်ဓာတ်အကြောင်းအရာများအား ဟောပြောကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က သင်တန်းသား သင်တန်းသူများအတွက် ငွေကျပ် ငါးသိန်းအား ပေးအပ်ရာ အလုံတပ်မြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီးက လက်ခံရယူပြီး အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်က အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ဆရာမတစ်ဦးက လက်ခံရယူသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်ဓာတ်ပုံများနှင့် စာအုပ်၊ စာစောင်များအား လိုက်လံကြည့်ရှုအားပေးပြီး အလုံ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများ ကွန်ပျူတာအခြေခံ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် အင်္ဂလိပ်စကားပြော အခြေခံသင်ကြားနေမှုများအား ကြည့်ရှုအားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် နေရပ်ပြန် (IDPs) အိမ်ထောင်စုများအား အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများနှင့် အိမ်မိုးသွပ်များ ထောက်ပံ့ပေးအပ်

မြစ်ကြီးနား မတ် ၂၈



**ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းရှိ နေရပ်နန်ဆန်ယန်ကျေးရွာသို့ ပြန်လည်အခြေချနေထိုင်ကြမည့် နေရပ်စွန့်ခွာယာယီခိုလှုံရာစခန်း (IDPs) နေ အိမ်ထောင်စု ၇၃ စုတို့အား အရေးပေါ် ကယ်ဆယ်ရေးပစ္စည်းများနှင့် အိမ်မိုးသွပ်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို မတ် ၂၈ ရက်က ပြည်နယ် အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က နေရပ်စွန့်ခွာ ပြည်သူများ ပြန်လည် နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ အလေးထား ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့အစိုးရအဖွဲ့အနေဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ အဖွဲ့အစည်းအသီးသီးကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်နေကြပါကြောင်း၊ ယနေ့ နေရပ် နန်ဆန်ယန်ကျေးရွာသို့ ပြန်လည် အခြေချနေထိုင်မည့် အိမ်ထောင်စုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများကို ထောက်ပံ့ပေးနိုင်သည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် မိသားစုများ ရေရှည်ရပ်တည်နိုင်ရေးအတွက် အဖွဲ့အစည်းအသီးသီးက ဝိုင်းဝန်း ချိတ်ဆက်ကူညီဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်း ပြောကြားသည်။

ထို့နောက် နန်ဆန်ယန်ကျေးရွာသို့ ပြန်လည်အခြေချနေထိုင်မည့် နေရပ်ပြန် (IDPs) အိမ်ထောင်စု ၇၃ စု၊ လူဦးရေ ၃၅၄ ဦးတို့အတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက စုစုပေါင်း ငွေကျပ် ၁၁၇၆၇၀၀၀ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ၇၃ ပုံးနှင့် အိမ်မိုးသွပ် ၁၅၀၀ တို့ကို ထောက်ပံ့ပေးအပ်သည်။ ထို့နောက် နေရပ်ပြန်လည်နေထိုင်မည့် အိမ်ထောင်စုများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ပြည်နယ် ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**

# နေပြည်တော်၌ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ ရုံးခန်းဖွင့်လှစ်၍ စားသုံးဆီများကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချ

**နေပြည်တော် မတ် ၂၈**



နေပြည်တော်ကောင်စီ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ရုံးခန်းဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီ နယ်မြေ ဇမ္ဗူသီရိမြို့နယ် မြို့မဈေး ပွဲရုံတန်း (ပ/၂၃၈) ၌ ကျင်းပခဲ့ပြီး စားသုံးသူပြည်သူများကို သက်သာသော ဈေးနှုန်းဖြင့် စားသုံးဆီများကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါရုံးခန်း ဖွင့်လှစ်ခြင်း အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အသင်းသူ အသင်းသားများ တက်ရောက်ကြသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ စားသုံးသူပြည်သူများ စားသုံးဆီကို သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ ရုံးခန်းဖွင့်လှစ်ကာ ရောင်းချပေးခြင်း ဖြစ်ပြီး တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၅၉၀၀ နှုန်းဖြင့် လွတ်လပ်စွာ လာရောက်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

"နေပြည်တော် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းကို စက်တင်ဘာ ၂၈ ရက်မှာ ဖွဲ့စည်းခဲ့ပါတယ်။ အသင်းရဲ့ သက်တမ်းကတော့ ခြောက်လ ရှိပါပြီ။ အသင်းရဲ့ လုပ်ငန်းတွေကိုတော့ အသင်းမှာရှိတဲ့ ရာသက်ပန်အသင်းသား ၁၉ ဦးနဲ့ ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းချုပ်ကနေ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ရည်ညွှန်းဈေးနှုန်းနဲ့ ခွဲဝေပေးတဲ့အခါ နေပြည်တော်အတွက် ရရှိတဲ့ စားသုံးဆီတွေကို နေပြည်တော်မှာရှိတဲ့ အသင်းရဲ့ နယ်မြေခံ ရာသက်ပန်အသင်းဝင် လက်လီလက်ကား ကုန်သည်တွေကနေ တစ်ဆင့် နေပြည်တော်အတွင်းမှာရှိကြတဲ့ စားသုံးသူပြည်သူတွေကို သတ်မှတ်ဈေးနှုန်းနဲ့ ရောင်းချနေတာဖြစ်ပါတယ်" ဟု နေပြည်တော်ကောင်စီ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးအောင်ကိုထက်က ပြောသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ စားသုံးသူပြည်သူများအတွက် အသင်း၏ အစီအစဉ်ဖြင့် ဈေးများ၊ ဝန်ထမ်းအိမ်ရာများနှင့် ကျေးရွာများကိုလည်း စားသုံးဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် လှည့်လည် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"စားအုန်းဆီ တစ်ပိဿာကို ငွေကျပ် ၅၉၀၀ ပဲဆိုတော့ ဈေးသက်သက်သာသာနဲ့ ရတဲ့အတွက် ၁၀ ပိဿာ လာဝယ်တာပါ။ ကျွန်မက အကြော်စုံရောင်းတာဖြစ်တဲ့အတွက် ဆီဈေးတွေ တက်တော့ အကြော်ဈေးကို တက်ပြီး ရောင်းနေရတယ်။ အခုလိုဈေးနှုန်း သက်သာစွာနဲ့ရတော့ စားသုံးသူတွေ အဆင်ပြေအောင် အကြော်ဈေးကို ပြန်ချပြီး ရောင်းမှာပါ" ဟု စားရင်ကောင်း မုန့်ဟင်းခါးနှင့် အကြော်စုံဆိုင်ပိုင်ရှင် ဒေါ်ချိုချိုက ပြောသည်။

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင် အသင်းမှ လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိခဲ့သည့် အရောင်းဆိုင်များသည် အသားတင်အကျိုးအမြတ် ၂ ရာခိုင်နှုန်းထက် မပိုသည့် ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့် ပြည်သူ့အတွက် အငှားအရောင်းအိမ်ရာများ

*ခရမ်းစိုးမြင့်*

**ကယားပြည်နယ်သည် ဧရိယာ ၄၅၃၀ စတုရန်းမိုင် ကျယ်ဝန်းပြီး ၂၀၁၄ သန်းခေါင်စာရင်းအရ လူဦးရေ ၂၈၆၆၂၇ ဦး နေထိုင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် အငယ်ဆုံးပြည်နယ်တစ်ခုလည်းဖြစ်သည်။ မြန်မာနိုင်ငံအတွက် ပထမဆုံး ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ခဲ့သည့် လောပိတရေအားလျှပ်စစ်စီမံကိန်းမှ တစ်နိုင်ငံလုံးသို့ ၁၉၆၀ ပြည့်နှစ်မှ စတင်ပြီး လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိသည်။ ယခုအခါ မြန်မာနိုင်ငံတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်း၊ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများတိုးတက်လာခြင်းကြောင့် ကယားပြည်နယ်၏ မြို့တော်ဖြစ်သော လွိုင်ကော်မြို့သည် အာဆီယံသန့်ရှင်းသော ခရီးသွားမြို့တော်စံနှုန်းများဆိုင်ရာဆု (ASEAN Clean Tourist City Standard Award) ကို ၂၀၂၀ ပြည့်နှစ်တွင် ရရှိခဲ့သည်။**

ကယားပြည်နယ်တွင် လွိုင်ကော်ခရိုင်နှင့် ဘောလခဲခရိုင် ဟူ၍ရှိပြီး မြို့နယ်ပေါင်း ခုနစ်မြို့နယ်ရှိသည်ဖြစ်ရာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ် ခုနစ်မြို့နယ်လုံးတွင် ဝန်ထမ်းအိမ်ရာစခန်းများ တည်ဆောက်ပေးကာ ဝန်ထမ်းများ၏ နေရေးအခက်အခဲကို ဖြေရှင်းပေးနိုင်ခဲ့သလို မြို့ပြဖွံ့ဖြိုးရေးအတွက် Town Plan များ ရေးဆွဲပေးနိုင်ခဲ့ပြီးဖြစ်သဖြင့် ပြည်နယ်အတွင်း အိမ်ရာဖွံ့ဖြိုးရေးကဏ္ဍဆိုင်ရာအပြင် မြို့ပြဖွံ့ဖြိုးရေးကဏ္ဍများကိုပါ အပြည့်အဝအထောက်အကူပြု ဆောင်ရွက်ပေးနိုင်ခဲ့သည်ဟု သိရသည်။



လွိုင်ကော်မြို့နယ်ရှိ ဝန်ထမ်းအိမ်ရာအဆောက်အအုံများကို တွေ့ရစဉ်။

**❍ ကယားပြည်နယ်အတွင်း အခြေချနေထိုင်လိုသည့် ဌာနဆိုင်ရာ အငြိမ်းစားဝန်ထမ်း ၁၅၆ ဦးအတွက် အထပ်မြင့် အငြိမ်းစားအိမ်ရာစီမံကိန်းဖော်ဆောင်ရန် လွိုင်ကော်မြို့ မထောခူကျေးရွာအုပ်စု မြေနေရာ လေးဧကပေါ်တွင် လေးခန်းတွဲ လေးထပ်(သို့မဟုတ်) လေးခန်းတွဲ ငါးထပ်အဆောက်အအုံ ၁၂ လုံး တည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိ**

### တိုးချဲ့ဆောက်လုပ်

ပြည်နယ်အတွင်း အလိုအပ်ဆုံးဖြစ်သည့် ဝန်ထမ်းအိမ်ရာများကို လွိုင်ကော်ခရိုင် လွိုင်ကော်မြို့နယ်တွင် ၁၉၅၆ ခုနှစ်မှစ၍ လေးခန်းတွဲ နှစ်ထပ် ခြောက်လုံး၊ အိမ်ခန်းပေါင်း ၄၈ ခန်းဖြင့် စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ နှစ်ထပ် ခြောက်ခန်းတွဲ ကိုးလုံး၊ အခန်းပေါင်း ၅၄ ခန်း၊ လေးခန်းတွဲ နှစ်ထပ် သုံးလုံး၊ အခန်းပေါင်း ၂၄ ခန်း၊ လေးခန်းတွဲ သုံးထပ် နှစ်လုံး၊ အခန်းပေါင်း ၂၄ ခန်း၊ စုစုပေါင်းအိမ်ခန်း ၁၀၂ ခန်းအထိ တိုးချဲ့ဆောက်လုပ်နိုင်ခဲ့သည်။

ထို့နောက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ သုံးထပ် လေးလုံး၊ အခန်းပေါင်း ၄၈ ခန်းကို ခွင့်ပြုဘဏ္ဍာငွေ ၈၂၄ သန်းဖြင့် ထပ်မံတည်ဆောက်နိုင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင်လည်း လေးခန်းတွဲ သုံးထပ် လေးလုံး၊ အခန်းပေါင်း ၄၈ ခန်းအား ခွင့်ပြုဘဏ္ဍာငွေ ၈၀၂ ဒသမ ၃၅၈ သန်းဖြင့် ထပ်မံတည်ဆောက်နိုင်ခဲ့သည်။ ထို့အပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ သုံးထပ်၊ ငါးလုံး အခန်းပေါင်း ၆၀ ကို ခွင့်ပြုဘဏ္ဍာငွေ ၁၀၇၇ ဒသမ ၆၇၆ သန်းဖြင့် ထပ်မံတည်ဆောက်နိုင်ခဲ့သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ သုံးထပ် လေးလုံး၊ အခန်းပေါင်း ၄၈ ခန်းကို ခွင့်ပြုဘဏ္ဍာငွေ ၈၁၈ ဒသမ ၄၅၈ သန်းဖြင့် ထပ်မံတိုးချဲ့ပေးနိုင်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ သုံးထပ် လေးလုံး၊ အခန်းပေါင်း ၄၈ ခန်းကို ခွင့်ပြုဘဏ္ဍာငွေ ၁၁၁၁ ဒသမ ၆၆၆ သန်းဖြင့် ထပ်မံတိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ သုံးထပ် သုံးလုံး၊ အခန်းပေါင်း ၃၆ ခန်းကို ခွင့်ပြုဘဏ္ဍာငွေ ၇၄၈ ဒသမ ၅၃၅ သန်းဖြင့် ထပ်မံတိုးချဲ့တည်ဆောက်ခဲ့ပြီး လေးခန်းတွဲ ငါးထပ် နှစ်လုံး၊ အခန်းပေါင်း ၄၀ ကို ခွင့်ပြုဘဏ္ဍာငွေ ၈၄၃ ဒသမ ၂၉၁ သန်းဖြင့် ထပ်မံတည်ဆောက်ခဲ့ရာ လွိုင်ကော်မြို့တွင် ဝန်ထမ်းအိမ်ရာ စုစုပေါင်း အဆောက်အအုံအလုံးရေ ၄၀၊ အခန်းပေါင်း ၄၃၀ တည်ဆောက်နိုင်ခဲ့ပြီး ဝန်ထမ်းအိမ်ထောင်စု ၄၃၀ ကို အိမ်ခန်းနေရာချထားပေးနိုင်ခဲ့သည်ဟု သိရသည်။

ထို့အပြင် ဒီးမော့ဆိုမြို့နယ်တွင်၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ နှစ်ထပ် တစ်လုံး အခန်းပေါင်း ရှစ်ခန်းကို ခွင့်ပြုဘဏ္ဍာငွေ ၁၄၅ သန်းဖြင့် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ သုံးထပ် တစ်လုံး၊ အခန်းပေါင်း ၁၂ ခန်းကို ခွင့်ပြုဘဏ္ဍာငွေ ၂၀၁ ဒသမ ၆၆၃ သန်းဖြင့် တိုးချဲ့တည်ဆောက်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ ငါးထပ် တစ်လုံး၊ အခန်းပေါင်း ၂၀ ကို ခွင့်ပြုဘဏ္ဍာငွေ ၄၁၅ ဒသမ ၀၃၁ သန်းဖြင့် ထပ်မံတိုးချဲ့တည်ဆောက်နိုင်ခဲ့သဖြင့် ဒီးမော့ဆိုမြို့နယ်တွင် စုစုပေါင်း အဆောက်အအုံ အလုံးရေ သုံးလုံး၊ အခန်းပေါင်း ၄၀ ကို တည်ဆောက်ပြီး ဝန်ထမ်းအိမ်ထောင်စု ၄၀ ကို အိမ်ခန်း နေရာချထားပေးနိုင်ခဲ့သည်။

### အခန်းပေါင်း ၃၆ ခန်း တည်ဆောက်နိုင်ခဲ့

ဖရူဆိုမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၌ လေးခန်းတွဲ သုံးထပ် တစ်လုံး၊ အခန်းပေါင်း ၁၂ ခန်းကို ကယားပြည်နယ် အစိုးရအဖွဲ့မှ ခွင့်ပြုဘဏ္ဍာငွေ ၁၂၇ ဒသမ ၁၀၀ သန်းဖြင့် တည်ဆောက်ခဲ့ပြီး လွှဲပြောင်းလက်ခံရရှိခဲ့သည်။ ထို့အပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ သုံးထပ် တစ်လုံး၊ အခန်းပေါင်း ၁၂ ခန်းကို ခွင့်ပြုဘဏ္ဍာငွေ ၂၀၁ ဒသမ ၆၆၇ သန်းဖြင့် ထပ်မံတိုးချဲ့တည်ဆောက်ခဲ့သည်။ ထို့နောက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ သုံးထပ် တစ်လုံး၊ အခန်းပေါင်း ၁၂ ခန်းကို ခွင့်ပြုဘဏ္ဍာငွေ ၂၄၅ ဒသမ ၁၇၉ သန်းဖြင့် ထပ်မံတည်ဆောက်ပေးနိုင်ခဲ့ရာ ဖရူဆိုမြို့နယ်တွင် စုစုပေါင်းအဆောက်အအုံ အလုံးရေ သုံးလုံး၊ အခန်းပေါင်း ၃၆ ခန်း တည်ဆောက်နိုင်ခဲ့ပြီး ဝန်ထမ်းမိသားစု ၃၆ စုကို အိမ်ခန်းများ နေရာချထားပေးနိုင်ခဲ့သည်။

ရှားတောမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၌ လေးခန်းတွဲ သုံးထပ်၊ ၁၂ ခန်းကို ကယားပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုဘဏ္ဍာငွေ ၁၂၇ ဒသမ ၁၀၀ သန်းဖြင့် တည်ဆောက်ခဲ့ပြီး လွှဲပြောင်းလက်ခံရရှိခဲ့သည်။ ထို့အပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ သုံးထပ်၊ ၁၂ ခန်းကို ခွင့်ပြုဘဏ္ဍာငွေ ၂၀၇ ဒသမ ၄၈၄ သန်းဖြင့် တည်ဆောက်ပြီးစီးခဲ့သည်။၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နှစ်ခန်းတွဲ သုံးထပ်၊ ခြောက်ခန်းကို ခွင့်ပြုဘဏ္ဍာငွေ ၁၂၉ ဒသမ ၀၂၃ သန်း တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ရှားတောမြို့နယ်တွင် စုစုပေါင်း အဆောက်အအုံ သုံးလုံး၊ အခန်းပေါင်း ၃၀ တည်ဆောက်နိုင်ခဲ့ပြီး ဝန်ထမ်းမိသားစု ၃၀ ကို အိမ်ခန်းနေရာချထားပေးနိုင်ခဲ့သည်။

ဘောလခဲမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ လေးခန်းတွဲ သုံးထပ်၊ ၁၂ ခန်းကို ခွင့်ပြုဘဏ္ဍာငွေ ၂၀၇ ဒသမ ၅၀၀ သန်းဖြင့် တည်ဆောက်ပြီးစီးခဲ့သည်။ ထို့နောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ လေးခန်းတွဲ သုံးထပ်၊ ၁၂ ခန်းကို ခွင့်ပြုဘဏ္ဍာငွေ ၁၉၈ ဒသမ ၃၀၀ သန်း ဖြင့် တည်ဆောက်ပေးနိုင်ခဲ့သည်။ ထို့အပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ လေးခန်းတွဲ သုံးထပ်၊ ၁၂ ခန်းကို ခွင့်ပြုဘဏ္ဍာငွေ ၂၀၄ ဒသမ ၂၅၀ သန်းဖြင့် တည်ဆောက်ပေးနိုင်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ လေးခန်းတွဲ သုံးထပ်၊ ၁၂ ခန်းကို ခွင့်ပြုဘဏ္ဍာငွေ ၂၁၄ ဒသမ ၄၈၄ သန်းဖြင့် တည်ဆောက်ပေးနိုင်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ လေးခန်းတွဲ သုံးထပ်၊ ၁၂ ခန်းကိုလည်း ခွင့်ပြုဘဏ္ဍာငွေ ၂၁၄ ဒသမ ၄၅၅ သန်းဖြင့် တည်ဆောက်ပေးနိုင်ခဲ့သည်။ ထို့အပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ သုံးထပ်၊ ၁၂ ခန်းကို ခွင့်ပြုဘဏ္ဍာငွေ ၂၀၂ ဒသမ ၀၀၀ သန်းဖြင့် တည်ဆောက်ပေးနိုင်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ လေးခန်းတွဲ သုံးထပ်၊ ၁၂ ခန်းကို ခွင့်ပြုဘဏ္ဍာငွေ ၂၄၇ ဒသမ ၅၆၁ သန်းဖြင့် တည်ဆောက်ပေးနိုင်ခဲ့သောကြောင့် ဘောလခဲမြို့နယ်တွင် စုစုပေါင်း အဆောက်အအုံ ခုနစ်လုံး၊ အခန်းပေါင်း ၈၄ ခန်း တည်ဆောက်နိုင်ခဲ့ပြီး ဝန်ထမ်းမိသားစု ၈၄ စုကို အိမ်ခန်းနေရာချထားပေးနိုင်ခဲ့သည်။

### နေရာချထားပေး

ဖားဆောင်းမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၌ လေးခန်းတွဲ သုံးထပ်၊ ၁၂ ခန်းကို ကယားပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုဘဏ္ဍာငွေ ၁၂၇ ဒသမ ၁၀၀ သန်းဖြင့် တည်ဆောက် ခဲ့ပြီး လွှဲပြောင်းလက်ခံရရှိခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ လေးခန်းတွဲ သုံးထပ်၊ ၁၂ ခန်းကို ခွင့်ပြုဘဏ္ဍာငွေ ၂၅၅ ဒသမ ၅၀၀ သန်းဖြင့် တည်ဆောက်ပေးနိုင်ခဲ့၍ ဖားဆောင်းမြို့နယ်တွင် စုစုပေါင်းအဆောက်အအုံ နှစ်လုံး၊ အခန်းပေါင်း ၂၄ ခန်း တည်ဆောက်နိုင်ခဲ့ပြီး ဝန်ထမ်းမိသားစု ၂၄ စုကို အိမ်ခန်းနေရာချထားပေးနိုင်ခဲ့သည်။

မယ်စဲ့မြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ လေးခန်းတွဲ သုံးထပ်၊ ၁၂ ခန်းကို ကယားပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုဘဏ္ဍာ ငွေ ၁၂၇ ဒသမ ၁၀၀ သန်းဖြင့် တည်ဆောက်ခဲ့ပြီး လွှဲပြောင်းလက်ခံရရှိခဲ့သည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ သုံးထပ်၊ ၁၂ ခန်းကို ခွင့်ပြုဘဏ္ဍာငွေ ၂၀၆ ဒသမ ၀၀၀ သန်းဖြင့် တည်ဆောက် ပြီးစီးခဲ့သည်။ ထို့အပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ လေးခန်းတွဲ သုံးထပ်၊ ၁၂ ခန်းကို ခွင့်ပြုဘဏ္ဍာငွေ ၂၅၅ ဒသမ ၇၂၀ သန်းဖြင့် တည်ဆောက်ပြီးစီးခဲ့၍ မယ်စဲ့မြို့နယ်တွင် စုစုပေါင်း အဆောက်အအုံသုံးလုံး၊ အခန်းပေါင်း ၃၆ ခန်း တည်ဆောက်နိုင်ခဲ့ပြီး ဝန်ထမ်းမိသားစု ၃၆ စုကို အိမ်ခန်းနေရာချထားပေးနိုင်ခဲ့သည်။

*စာမျက်နှာ ၉ သို့*

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်း ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ကျော့ပျော်မြို့ရှိ ယုဇနလမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်

**ကျုံ့ပျော် မတ် ၂၈**

(၇၇)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျုံ့ပျော်မြို့ အောင်ဆန်းရပ်ကွက်ရှိ ယုဇနလမ်းကွန်ကရစ်လမ်းသစ်ကို မတ် ၂၆ ရက်က ဖွင့်လှစ်သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇေယျမင်းက ကွန်ကရစ်လမ်းသစ်ကို လမ်းအတွင်း နေထိုင်ကြသူများသာမက အသုံးပြုသူများကပါ ရေရှည်တည့်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိမ်းသိမ်းကြရန် တိုက်တွန်းပါကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ဝင်းက မြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် မြို့ရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၂၁ - ၂၀၂၂ ခုနှစ် ခြောက်လတာ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်း လမ်းတံတားလုပ်ငန်း ၁၄ ခု လျာထားခဲ့ပြီး ၇၉၀ ဒသမ ၆၁၀၅ သိန်းဖြင့် တင်ဒါအောင်မြင်ခဲ့ကြောင်း၊ ယခုဖွင့်လှစ်မည့် ယုဇနလမ်းကို အဖွဲ့ရန်ပုံငွေဖြင့် ၁၉၈၆ ခုနှစ်တွင် မြေသားလမ်းအဖြစ်မှ ကျောက်ချောလမ်းသို့လည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် ထပ်မံ အဆင့်မြှင့်တင်ပေးခဲ့ပြီး ယခု ၂၀၂၁ -၂၀၂၂ ခုနှစ် ခြောက်လတာ ဘဏ္ဍာနှစ်အတွင်းတွင် ကတ္တရာလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း ပြောကြားသည်။



အဆိုပါလမ်းသည် ဗိုလ်ချုပ်လမ်းနှင့် အောင်ဆန်းရပ်ကွက် တာသစ်လမ်းတို့ကို ဆက်သွယ်ပေးထားသော လမ်းဖြစ်ပြီး အရှည် ၆၃၉ ပေ၊ အကျယ် ၁၂ ပေ ရှိသည်။ တင်ဒါအောင်မြင်ငွေကျပ် ၁၅၉ ဒသမ ဝ၈ သိန်းဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**လပြည့်ဦး(ပြန်/ဆက်)**

## ကျား / မအခြေပြု အကြမ်းဖက်မှု ခံစားရသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အသိပညာမြှင့်တင်ရေး ဆွေးနွေး

**မုဒုံ မတ် ၂၈**

ကျား/မအခြေပြု အကြမ်းဖက်မှုခံစားရသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအပါအဝင် အခြားလိုအပ်သော ဝန်ဆောင်မှုများရရှိနိုင်ရေး အသိပညာမြှင့်တင်ရေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မုဒုံမြို့နယ်ပြည်သူ့ဆေးရုံရှိ ကျောက်ကပ်ဆေးဌာနခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကျန်းမာရေးစီးဦးဌာနမှူး ဒေါက်တာကျော်မိုးနိုင်က ကျား/မ အခြေပြုအကြမ်းဖက်မှုနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ကျား/မအခြေပြု အကြမ်းဖက်မှုပုံစံအမျိုးမျိုး၊ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်ပတ်သက်သည်များ၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ စီးပွားရေးနှင့်ငွေကြေးဆိုင်ရာအကြမ်းဖက်မှုများ၊ နည်းပညာသုံးအကြမ်းဖက်မှုများ၊ အမျိုးသမီးနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှုကြောင့် ကျန်းမာရေး ဆိုးကျိုးရလဒ်များ စသည့်အချက်များကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဇော်၊ ဒုမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်ဆွေ၊ မြို့နယ် လက်/ထောက်ပညာရေးမှူး ဒေါ်ကေသီစံ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးအရာရှိ ဒေါ်သိမ့်သိမ့်အောင်၊ ကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**



**ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။**
**ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ**

*စာမျက်နှာ ၈ မှ*

ထို့အပြင် ပြည်သူများအတွက် အငှားအိမ်ရာကို လှိုင်ကော်မြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၌ ရှစ်ခန်းတွဲ နှစ်ထပ် နှစ်လုံး၊ အခန်းပေါင်း ၃၂ ခန်းကို ခွင့်ပြုဘဏ္ဍာငွေ သန်း ၅၀၀ ဖြင့် ကယားပြည်နယ်အစိုးရအဖွဲ့က တည်ဆောက်ပြီးစီးခဲ့ပြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက လွှဲပြောင်းပေးအပ်ခဲ့ရာ ပြည်သူများအတွက် အိမ်ထောင်စု ၃၂ စုကို အိမ်ခန်းနေရာချထားပေးနိုင်ခဲ့သည်။

ထို့အပြင် အငြိမ်းစားများအတွက် အရောင်း အိမ်ရာ အကောင်အထည်ဖော်နိုင်ရန် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကယားပြည်နယ် ညွှန်ကြားရေးမှူးရုံးအနေဖြင့် ကယားပြည်နယ်အတွင်း အခြေချနေထိုင်လိုသည့် ဌာနဆိုင်ရာ အငြိမ်းစားဝန်ထမ်း ၁၅၆ ဦးအတွက် အထပ်မြင့် အငြိမ်းစား အိမ်ရာစီမံကိန်းဖော်ဆောင်ရန် လှိုင်ကော်မြို့ မထောခူကျေးရွာအုပ်စု မြေနေရာ လေးကေပေါ်တွင် လေးခန်းတွဲလေးထပ်(သို့မဟုတ်) လေးခန်းတွဲ ငါးထပ်အဆောက်အအုံ ၁၂ လုံး တည်ဆောက်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

**မြို့ပြဖွံ့ဖြိုးရေးပုံစံများ**

ကယားပြည်နယ် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနသည် ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုကို ခံယူလျက် ပြည်နယ်အတွင်း လှိုင်ကော်မြို့ကို ၂၀၁၃ ခုနှစ်၌လည်းကောင်း၊ ဘောလခဲမြို့ကို ၂၀၁၄ ခုနှစ်၌လည်းကောင်း၊ မယ်စဲ့မြို့နှင့် ဖားဆောင်းမြို့ကို ၂၀၁၆ ခုနှစ်၌ လည်းကောင်း၊ ဖရူဆိုမြို့နှင့် ရှားတောမြို့ကို ၂၀၁၈ ခုနှစ်၌လည်းကောင်း၊ မယ်ဆည်နမ်ကျေးရွာနှင့် ခုံးဟန့်စံပြကျေးရွာတို့၌ ၂၀၁၉ ခုနှစ်တွင်လည်းကောင်း မြို့ပြဖွံ့ဖြိုးရေးပုံစံများ (Concept Plan) များကို ရေးဆွဲပြီး ကယား ပြည်နယ်လွှတ်တော်၌ မှတ်တမ်းတင်အတည်ပြုအောင် ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရသည်။ ။



ဖရူဆိုမြို့နယ်ရှိ ဝန်ထမ်းအိမ်ရာအဆောက်အအုံများကို တွေ့ရစဉ်။



ဒီးမော့ဆိုမြို့နယ်ရှိ ဝန်ထမ်းအိမ်ရာအဆောက်အအုံကို တွေ့ရစဉ်။

# ၂၄-၃-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို မတ် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေး ခန်းမ၌ ကျင်းပသည်။**

***ယမန်နေ့မှ အဆက်***



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၂) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် တက်ရောက်သည့် သတင်းမီဒီယာများကို တွေ့ရစဉ်။

**သူရိယနေ့ဝန်းဂျာနယ်မှ ဒေါ်သဇင်ဦးက** ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပါတီများကို စစ်ဆေးရာတွင် NLD ပါတီနှင့် SNLD ပါတီတို့က အစစ်ဆေးခံခြင်း မရှိသည်ကို တွေ့ရကြောင်း၊ ရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ကြေညာချက်တွင် မတ်လ ၉ ရက်နေ့ နောက်ဆုံးထား၍ စစ်ဆေးမည်ဖြစ်ကြောင်းနှင့် အစစ်ဆေးမခံပါက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ(၂၄)၊ ပုဒ်မခွဲ (ဂ၊ ဃ၊ င)တို့တွင် ပါဝင်သည့် ပြဋ္ဌာန်းချက်များအရ အနိမ့်ဆုံးပြစ်ဒဏ်မှာ နိုင်ငံရေးပါတီအဖြစ်မှ ၃ နှစ် ရပ်ဆိုင်းနိုင်ကြောင်းနှင့် အမြင့်ဆုံး ပြစ်ဒဏ်အဖြစ် ပါတီမှတ်ပုံတင်ခြင်းကိုဖျက်သိမ်း၍ ပါတီကိုဖျက်သိမ်းသည်အထိ အပြစ်ပေးအရေးယူ ဆောင်ရွက်သွားမည်ဟုလည်း ကြေညာချက်တွင်ပါဝင်ကြောင်း၊ ထို့ကြောင့် အဆိုပါကြေညာချက် အတိုင်း မည်သည့်အချိန်တွင် အရေးယူဆောင်ရွက်သွားမည်ကိုသိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် စစ်ဆေးရန်အတွက် ပါတီ ၁၀ ပါတီ ကျန်ရှိသေးကြောင်း၊ အဆိုပါပါတီများတွင် ယခု သတင်းထောက်ကြီးမေးမြန်းသည့် NLD ပါတီ နှင့် SNLD ပါတီတို့လည်းပါဝင်ကြောင်း၊ ထိုပါတီများကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်တွင် အစစ်ဆေးခံရန်အတွက် ဖေဖော်ဝါရီလ ၈ ရက်က အကြောင်းကြားခဲ့ကြောင်း၊ သို့သော် သတ်မှတ်ထားသည့်နေ့ရက်တွင် လာရောက်အစစ်ဆေးခံရန် ပျက်ကွက်ခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါပါတီ ၂ ပါတီကို ဖေဖော်ဝါရီလ ၁၇ ရက်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၄ (က)အရ ၂၀၂၂ ခုနှစ် မတ် ၉ ရက် မတိုင်မီ လာရောက်အစစ်ဆေးခံရန်အတွက် ထပ်မံအကြောင်းကြားခဲ့ကြောင်း၊ ထိုသို့ အကြောင်းကြားခဲ့သော်လည်း သတ်မှတ်ထားသည့်နေ့အထိ လာရောက် အစစ်ဆေးခံခြင်းမရှိဘဲ ထပ်မံပျက်ကွက်ခဲ့ကြောင်း၊ မိမိတို့စာဖြင့် အကြောင်းကြားစဉ်ကလည်း ပုဒ်မ ၂၄(က) အရ သတ်မှတ်ရက်တွင် လာရောက်အစစ်ဆေးခံရန် ပျက်ကွက်ပါက ပုဒ်မ ၂၄(ဂ၊ဃ၊င)တို့နှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဆိုသည့် အချက်လည်းပါဝင်ကြောင်း၊ ထိုပုဒ်မများအရ သတ်မှတ်ကာလအတွင်း ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိသည့် ပါတီများကို ၃ နှစ် ယာယီရပ်ဆိုင်းခြင်းနှင့် ထိုသို့ ရပ်ဆိုင်းထားသည့်ကာလ အတွင်း ပုဒ်မခွဲ(ဃ)အရ သတ်မှတ်ထားသည့် လုပ်ငန်းများမှအပ အခြားလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုရန် ပြဋ္ဌာန်းထားကြောင်း၊ ထို့အပြင် ပုဒ်မခွဲ (င) အရ သတ်မှတ်ကာလအတွင်း လိုက်နာဆောင်ရွက်ခြင်းမပြုပါက ပါတီကိုဖျက်သိမ်းသည်အထိ အရေးယူနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အဆိုပါ ပျက်ကွက်မှုကို စုံစမ်းစစ်ဆေးရန်အတွက် ကော်မရှင်အဖွဲ့ဝင်များက( Pilot Project) ဖြင့် ခရီးများသွား၍ စစ်ဆေးဆောင်ရွက်နေပါကြောင်း၊ တပ်မတော်နေ့နောက်ပိုင်းတွင် ထိုအဖွဲ့များပြန်လည်ရောက်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ၎င်းအဖွဲ့အားလုံး ပြန်လည်ရောက်ရှိပါက စီမံခန့်ခွဲရေးကော်မတီ စုံညီအစည်းအဝေးပြုလုပ်၍ ဥပဒေနှင့်အညီ လိုအပ်သလိုဆုံးဖြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆုံးဖြတ်ဆောင်ရွက်ချက်များကို ပြည်သူလူထုသိရှိနိုင်ရန်အတွက် အသိပေးထုတ်ပြန်သွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar Public Press မီဒီယာမှ အယ်ဒီတာ ကိုခန့်က** ပြီးခဲ့သည့် ရွေးကောက်ပွဲများတွင် ပါတီကိုယ်စားလှယ်လောင်းများ၏ ပညာအရည်အချင်းများ နိမ့်ကျလျက်ရှိသည်ကို တွေ့ရကြောင်း၊ အကျင့်စာရိတ္တပိုင်းဆိုင်ရာ အားနည်းသူများနှင့် မြန်မာဗျည်း အက္ခရာများကိုပင် ကောင်းစွာမဖတ်နိုင်သူများက အမတ်လောင်းများဖြစ်လာကြကြောင်း၊ ထို့အပြင် ပြင်ပလူနေမှုဘဝတွင်လည်း ငွေကြေးပိုင်းဆိုင်ရာ မသမာမှုများနှင့် ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ပြစ်မှုရှိသူများက ကိုယ်စားလှယ်လောင်းများအဖြစ် ဝင်ရောက် အရွေးခံ၍ လွှတ်တော်အမတ်များဖြစ်လာကြကြောင်း၊ တိုင်းကျိုး ပြည်ပြုလုပ်ငန်းများကို ဆောင်ရွက်ရမည့်သူများအနေဖြင့် အဆိုပါကိစ္စများကို ဆင်ခြင်ရမည်ဟု ထင်မြင်မိကြောင်း၊ ထိုကိစ္စများကို UEC အနေဖြင့် မည်ကဲ့သို့သော ထိန်းချုပ်ကန့်သတ်မှုများ ဆောင်ရွက်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** သတင်းထောက်ကြီး မေးမြန်းသည့်မေးခွန်းမှာ မေးခွန်းကောင်း တစ်ခုဖြစ်ကြောင်း၊ မိမိတို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ယခင်ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများ၏ အခြေအနေကိုသုံးသပ်၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေ အပါအဝင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို သုံးသပ်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ သုံးသပ်ပြင်ဆင်ဆောင်ရွက်ပြီးပါက သတင်းထောက်ကြီးမေးမြန်းခဲ့သည့် ကိစ္စကို သိရှိနိုင်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Trend News မှ အယ်ဒီတာချုပ် ဦးဝဏ္ဏ**က ဇေကမ္ဘာဦးခင်ရွှေနှင့် ၎င်း၏ သားကို ဖမ်းထားသည်ဟု အွန်လိုင်းတွင် သတင်းများပြန့်နေကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင်အနေဖြင့် အသေးစိတ်ပြောပြပေးစေလိုကြောင်းနှင့် နောက်ထပ်မေးခွန်းတစ်ခုမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွက် မည်သည့်နိုင်ငံရေးထွက်ပေါက်ရှိသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ဇေကမ္ဘာဦးခင်ရွှေနှင့် ၎င်း၏သားကို ဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ ဖြစ်ခဲ့သည့်ဇာတ်လမ်းမှာ ရှည်လျားကြောင်း၊ အခြားသတင်းဌာနများက ရေးသားနေမှုများကိုလည်း တွေ့ရကြောင်း၊ ပြည့်စုံမှုမရှိသည့် သတင်းများလည်းရှိကြောင်း၊ မိမိအနေဖြင့် ဖြစ်ခဲ့သည့်ဖြစ်စဉ်ကိုသာ ပြောလိုကြောင်း၊ ယင်းဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ပုလဲလမ်းရှိ ကာကွယ်ရေးဝန်ကြီးဌာနပိုင် မြရိပ်ညို ဟိုတယ်မြေ ၁၃ ဒသမ ၇၉ ဧကကျော် ငှားရမ်းခြင်းနှင့် ပတ်သက်၍ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်ဖြစ်ကြောင်း၊ ထိုမြေနေရာ ၁၃ ဒသမ ၇၉ ဧကကျော်ကို စစ်ထောက်ချုပ်ရုံးနှင့် ဇေကမ္ဘာကုမ္ပဏီတို့အကြား ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် MoA လက်မှတ်ရေးထိုး၍ စာချုပ်ချုပ်ဆို ငှားရမ်းခဲ့ကြောင်း၊ ထိုသို့လက်မှတ်ရေးထိုးရာတွင် စစ်ထောက်ချုပ်ရုံးနှင့် ဇေကမ္ဘာကုမ္ပဏီတို့အကြား လက်မှတ်ရေးထိုး ခြင်းဖြစ်သော်လည်း ကာကွယ်ရေးဝန်ကြီးဌာနပိုင်မြေယာဖြစ်သည့် အတွက် အဆိုပါမြေ ငှားရမ်းခြင်းမှရရှိသည့် ငွေကြေးများကို နိုင်ငံတော်ဘတ်ဂျက်အဖြစ် ပြန်လည်ပေးသွင်းရကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၏ ရငွေအဖြစ် စာရင်းပေါ်ကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၏ ရငွေမှာ နိုင်ငံတော်ဘတ်ဂျက်သာ ဖြစ်သည့်အတွက် နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရခြင်း ဖြစ်ကြောင်း၊ တပ်မတော်ကရရှိသည့်ငွေ မဟုတ်သည်ကိုအသိပေးလို ကြောင်း၊ MoA စာချုပ်၏ စည်းကမ်းအရ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၃၈၂ သန်းအား ငါးကြိမ်ခွဲ၍ ပေးသွင်းရမည်ဖြစ်ကြောင်း၊ ၆လအတွင်း BOT စာချုပ်ချုပ်ဆိုနိုင်ရေး ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ ဇေကမ္ဘာကုမ္ပဏီအနေဖြင့် မြေအသုံးချမှုအတွက် ပရီမီယမ်ကြေး အဖြစ် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅၅၂ သန်းကို ဖေဖော်ဝါရီလနှင့် ဩဂုတ်လတို့တွင် နှစ်ကြိမ်ပေးသွင်းခဲ့ပြီးဖြစ်ကြောင်း၊ သုံးကြိမ်စာ အတွက် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၈၂၉ သန်း ပေးရန်ကျန်ရှိကြောင်း၊ ကုမ္ပဏီကို ယင်းကိစ္စနှင့်ပတ်သက်၍ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လမှ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအထိ (၈)ကြိမ် အကြောင်းကြားခဲ့သော်လည်း ပေးသွင်းခဲ့ခြင်းမရှိကြောင်း၊ ထိုကာလအတွင်း ဇေကမ္ဘာကုမ္ပဏီ အနေဖြင့် ပြည်ပကုမ္ပဏီတစ်ခုဖြစ်သည့် Akunutnan Development ကုမ္ပဏီနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည်ဟု ၂၀၁၈ ခုနှစ်တွင် တင်ပြခဲ့ကြောင်း၊ ယင်းကိစ္စအား ခွင့်မပြုနိုင်ကြောင်းကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အကြောင်းပြန်ကြားခဲ့ကြောင်း၊ ထိုကာလအတွင်း ဇေကမ္ဘာကုမ္ပဏီက ခွင့်ပြုချက်မရရှိဘဲ ကာကွယ်ရေးဝန်ကြီးဌာနပိုင် မြေအတွင်းရှိ ရှေးဟောင်းအဆောက်အဦ စာရင်းတွင်ပါဝင်သည့် မြို့တော်ဝန်အိမ် House(C)နှင့် မြို့တော်ဝန်ညွှဲ့ဂေဟာ အဆောက် အဦအမှတ်(D) အပါအဝင် အဆောက်အဦ ၄ လုံးအားဖြိုဖျက်ခဲ့ပြီး မြေပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ၂၀၁၈ ခုနှစ်၊ ဧပြီလတွင် အကြောင်းကြား ခဲ့ကြောင်း၊ အဆိုပါကိစ္စအား ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့တွင် ဥပဒေအရအရေးယူနိုင်ရန်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းအချိန်တွင် ဇေကမ္ဘာကုမ္ပဏီက ၎င်းတို့ ဖြိုဖျက်ပြီးဖြစ်သည့် မြို့တော်ဝန်အိမ်နှင့် မြို့တော်ဝန်ညွှဲ့ဂေဟာတို့အား ရှေးဟောင်းစာရင်းဝင်၊ မဝင် စစ်ဆေး ပေးရန် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအား ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် တင်ပြခဲ့ကြောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနမှလည်း ယင်းလ ၇ ရက်နေ့တွင် အဆိုပါအဆောက်အဦ များသည် ရှေးဟောင်းအဆောက်အဦစာရင်းတွင် ပါဝင်မှုမရှိဟု ပြန် ကြားခဲ့ကြောင်း၊ သတိပြုရမည့်အချက်မှာ ကုမ္ပဏီအနေဖြင့် အဆောက်အဦများကို ဖြိုဖျက်ပြီးမှသာ ရှေးဟောင်းစာရင်းဝင်၊ မဝင် တောင်းခံခဲ့သည့်အချက်ဖြစ်ကြောင်း၊ ထိုတောင်းခံမှုကို သာသနာရေး နှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အထက်ပါအတိုင်း ပြန်ကြားခဲ့သည်ကို လည်းတွေ့ရှိခဲ့ရကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ တပ်မတော်က ၂၀၁၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ဥပဒေအကြံပြုချက်များ တောင်းခံခဲ့ကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ် ရုံး၏ ဥပဒေအကြံပြုချက်များတွင် စည်းကမ်းဖောက်ဖျက်မှုများ တွေ့ရှိရသည့်အတွက် လုပ်ငန်းများပိတ်သိမ်းရန်ဟု ၂၀၁၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် အကြောင်းပြန်ကြားခဲ့ကြောင်း၊ ဇေကမ္ဘာကုမ္ပဏီ အား ၎င်းတို့ဖြိုဖျက်ခဲ့သည့် မြို့တော်ဝန်အိမ်အဆောက်အဦအမှတ်(C) ကို မူလလက်ရာအတိုင်း ပြန်လည်ဆောက်လုပ်ပေးရန် စစ်ထောက်ချုပ် ရုံးက အကြောင်းကြားခဲ့ကြောင်း၊ ကုမ္ပဏီဘက်မှလည်း ပြန်လည် ဆောက်လုပ်ပေးမည်ဟု သဘောတူခဲ့ကြောင်း၊ ဇေကမ္ဘာကုမ္ပဏီ အနေဖြင့် MoA စာချုပ်ပါ စည်းကမ်းချက်များအရ မြေအသုံးချခ ပေးသွင်းရန် ပျက်ကွက်ခဲ့ခြင်းနှင့် ရှေးဟောင်းလက်ရာအဆောက်အဦ တစ်လုံးအပါအဝင် အဆောက်အဦလေးလုံးဖြိုဖျက်ခဲ့ခြင်း၊ ခွင့်ပြုချက် မရှိဘဲ နိုင်ငံခြားကုမ္ပဏီတစ်ခုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း များပြုလုပ်ခဲ့သည့်အတွက်

***စာမျက်နှာ ၁၁ သို့***

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယခင်ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများ၏ အခြေအနေကိုသုံးသပ်၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေအပါအဝင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို သုံးသပ်ပြင်ဆင်ဆောင်ရွက်လျက်ရှိ**

*စာမျက်နှာ ၁၀ မှ*

MoA စာချုပ်ရပ်စဲနိုင်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ၂၀၁၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် အကြံပြုချက် တောင်းခံခဲ့ကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်များအရ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် MoA စာချုပ်ရပ်စဲပြီဖြစ်ကြောင်းကို ကုမ္ပဏီသို့ အကြောင်းကြားခဲ့ကြောင်း၊ ထိုသို့အကြောင်းကြားပြီးနောက်ပိုင်းတွင် လုပ်ထုံးလုပ်နည်းများအရ တရားမဝင်နေထိုင်သူများနှင့် ပရိဘောဂပစ္စည်းများအား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖယ်ရှားခဲ့ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ ၎င်းတို့နစ်နာဆုံးရှုံးသည်ဟုယူဆသောကြောင့် ဇေကမ္ဘာကုမ္ပဏီက တပ်မတော်ကို ပြန်လည်တရားစွဲဆိုခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် တပ်မတော်အနေဖြင့် ဇေကမ္ဘာကုမ္ပဏီက တရားစွဲဆိုခဲ့မှုနှင့် ပတ်သက်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးထံ ဥပဒေ အကြံပြုချက်များ တောင်းခံခဲ့ကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အကြံပြုချက်တွင် တရားမကျင့်ထုံးဥပဒေပုဒ်မ (၈၀) အရ တရားမဝင်သည့်အတွက် ကုမ္ပဏီအနေဖြင့် စည်းကမ်းဖောက်ဖျက်ခဲ့ကြောင်း ပေါ်လွင်သဖြင့် တပ်မတော်အနေဖြင့် ပေးလျော်ရန်မလိုဟု အကြံပြုချက်ရရှိခဲ့ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းချက်များရှိပြီးဖြစ်ကြောင်း၊ ရှေးဟောင်းအဆောက်အဦများနှင့် ပတ်သက်ပါက ရှေးဟောင်းအဆောက်အဦများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၂ (က) ၌ အဓိပ္ပာယ်ဖွင့်ဆိုထားပြီးဖြစ်ကြောင်း၊ ရှေးဟောင်းအဆောက်အဦနှင့်ပတ်သက်၍ လွယ်ကူစွာပြောရမည်ဆိုပါက မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်ဆိုသည့် စကားလုံးများပါဝင်ကြောင်း၊ နှစ်ပေါင်း ၁၀၀ သက်တမ်းရှိသည့် အရာဝတ္ထုပစ္စည်းများနှင့် လူနေအဆောက်အဦများကိုဆိုလိုကြောင်း၊ ယင်းတို့ဖြိုဖျက်ခဲ့သည့် မြို့တော်ဝန်အိမ်သည် ၁၉၀၁ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် ပြင်ဦးလွင်မြို့မှ သော်ကအဆောက်အဦ၊ ၁၈၇၁ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်ရှိ ပဲခူးကလပ်အဆောက်အဦ၊ ၁၉၁၃ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် မြိတ်မြို့ရှိ ဦးဝင်းဗိုလ် (ဦးကိုင်ကို) နေအိမ်နှင့် စစ်တွေမြို့တွင်ရှိသော "မြ" တည်းခိုခန်း၊ ၁၉၀၈ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် ကသာအရေးပိုင်နေအိမ်တို့နှင့် ပုံစံ အတူတူပင်ဖြစ်ကြောင်း၊ ဇေကမ္ဘာကုမ္ပဏီမှဖြိုဖျက်ခဲ့သည့် မြို့တော်ဝန်အိမ်သည် ၁၉၀၀ ပြည့်နှစ်နှင့် ၁၉၂၀ ကိုလိုနီခေတ်ကာလအတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်သောကြောင့် နှစ်ပေါင်း ၁၀၅ နှစ်မှ ၁၁၅ နှစ်သက်တမ်းရှိသော အဆောက်အဦ ဖြစ်ကြောင်း၊ မိမိပြောကြားခဲ့သည့် ပဲခူးကလပ်အဆောက်အဦ၊ သော်ကအဆောက်အဦများနှင့် ပုံစံတူဖြစ်ခြင်းကြောင့် ၎င်းအဆောက်အဦသည် နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိသည့်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပြန်လည်စိစစ်ရာတွင် ရှေးဟောင်းအဆောက်အဦ ဖြစ်သည်ကိုတွေ့ရှိခဲ့ကြောင်း၊ ရှေးဟောင်းအဆောက်အဦများနှင့် ပတ်သက်၍ ပုဒ်မ ၂၄ နှင့် ပုဒ်မ ၁၉ (က) တို့အရ ရှေးဟောင်းအဆောက်အဦနှင့် သတ်မှတ်ထားသည့် ပရိဝုဏ်အတွင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၏ စာဖြင့်ခွင့်ပြုချက်မရရှိဘဲ ရှေးဟောင်းအဆောက်အဦအား ဖျက်ဆီးခြင်း၊ ပျက်စီးအောင် ဆောင်ရွက်ခြင်းမပြုရဆိုသည့် အချက်အား ပုဒ်မ ၁၉ (က) တွင် ပြဋ္ဌာန်းထားကြောင်း၊ ထို့အတူ ပုဒ်မ ၂၄ တွင်လည်း ထိုပြစ်မှုများ ကျူးလွန်ခဲ့ပါက ရာဇဝတ်မှုမြောက်ကြောင်း၊ အနည်းဆုံးပြစ်ဒဏ်မည်မျှချမှတ်ရမည်ကို ပြဋ္ဌာန်းထားကြောင်း၊ ထို့ကြောင့် ယင်းကိစ္စကို တပ်မတော်က ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်နေ့တွင် ဗဟန်းမြို့မရဲစခန်း၌ အမှုဖွင့်လှစ်ခဲ့ကြောင်း၊ ပုဒ်မ ၂၄ အရ ရဲအရေးယူပိုင်ခွင့်ရှိသည့် အမှုဖြစ်သောကြောင့် သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်လှစ်စွဲဆိုခဲ့ပြီး ဥပဒေအရ တရားစီရင်နိုင်ရန်အတွက် ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဖြေကြားသည်။

ဆက်လက်၍ ဒုတိယမေးခွန်းကို ဆက်လက်ဖြေကြားရမည် ဆိုပါက အဆိုပါမေးခွန်းသည် ခြုံငုံ၍ ဖြေကြားရမည့်မေးခွန်းဖြစ်ကြောင်း၊ နိုင်ငံရေးထွက်ပေါက်ဆိုသည့် စကားလုံးသည် ယခင် နဝတ၊ နယကခေတ်ကတည်းကပင် ခေတ်စားခဲ့သည့် စကားလုံးဖြစ် ကြောင်း၊ Exit Strategy ထွက်ပေါက်မဟာဗျူဟာဟု ပြောကြကြောင်း၊ တပ်မတော်သား ၂၅ ရာခိုင်နှုန်းကို လွှတ်တော် အထဲတွင်ထားခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ တပ်မတော်အနေဖြင့် နိုင်ငံရေးနယ်ပယ်မှထွက်ခွာ၍ Professional လိုင်းသို့ပြောင်းရန် အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဆိုသည့် သုံးသပ်ချက်များ လည်းရှိကြောင်း၊ ယင်းသုံးသပ်ချက်များကို မိမိအနေဖြင့် ဝေဖန်မှုများ မပေးလိုကြောင်း၊ နိုင်ငံရေးထွက်ပေါက်ဟူသည့် စကားလုံးနှင့် ပတ်သက်၍ ပြောလိုသည်မှာ ကမ္ဘာ့နိုင်ငံအသီးသီးရှိ တပ်မတော် အသီးသီးတွင် မတူညီသည့် သမိုင်းကြောင်းများရှိကြောင်း၊ မြန်မာ့တပ်မတော်သည် မြင့်မြတ်သည်ဟု မပြောလိုကြောင်း၊ ကိုလိုနီလက်အောက်တွင် ကျရောက်ခဲ့သည့် နိုင်ငံများရှိ တပ်မတော်များသည် ကိုလိုနီ လက်အောက်မှလွတ်မြောက်ရန်အတွက် ပြည်သူ လူထုနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာ့တပ်မတော် သည်လည်း အလားတူပင်ဖြစ်ကြောင်း၊ မြန်မာ့တပ်မတော်ကို စတင်ထူထောင်ကတည်းက မျိုးချစ်စိတ်ရှိသော လူငယ်များနှင့် ရဲဘော်သုံးကျိပ်ဝင်များပူးပေါင်း၍ စတင်ဖွဲ့စည်း ထူထောင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ရဲဘော်သုံးကျိပ်ဝင်များသည်လည်း နိုင်ငံရေးတွင် တက်ကြွစွာပါဝင်သည့် ကျောင်းသားလူငယ်များနှင့် ဖွဲ့စည်းခဲ့သည့် တပ်မတော်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် လွတ်လပ်ရေး မရမီကပင် နိုင်ငံရေးနှင့်ယှဉ်တွဲပါဝင်ခဲ့ကြောင်း၊ အလားတူ သမိုင်းကြောင်းများကို ကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့ဖူးသည့်နိုင်ငံများရှိ တပ်မတော်များတွင် တွေ့နိုင်ကြောင်း၊ နိုင်ငံရေး အနည်းငယ်ဖြစ်စေ၊ အများအပြား ဖြစ်စေပါဝင်ပတ်သက်ရကြောင်း၊ တပ်မတော်အနေဖြင့် မည်သည့်အတွက်ကြောင့် နိုင်ငံရေးတွင်ပါဝင် ပတ်သက်သလဲဆိုသည့် မေးခွန်း၏ဇာစ်မြစ်က ပိုသိမှသာလျှင် သတင်းထောက်ကြီးပြောသည့် နိုင်ငံရေးထွက်ပေါက်ကိုလည်း သိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံရေး တွင် မည်သည့်အတွက်ကြောင့် ပါဝင်ပတ်သက်နေသည်ကို ထဲထဲဝင်ဝင်သိရန်လိုကြောင်း၊ လွတ်လပ်ရေးသမိုင်းကြောင်းတွင် ပါဝင်ပတ်သက်ခဲ့သော်လည်း လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် မပါဝင်တော့သည့် တပ်မတော်များလည်းရှိကြောင်း၊ လွတ်လပ်ရေး ရပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် မည်သည့်စနစ်ကျင့်သုံးခဲ့သည် ကို သိရန်လိုကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံရေး ခေါင်းဆောင်များ သွားရောက်အရေးဆိုသောကြောင့် ရရှိခဲ့သည့် လွတ်လပ်ရေးအတွက် ကြိုတင်ပြင်ဆင်သည့်ကာလတွင် တိုင်းပြု ပြည်ပြုလွှတ်တော်များ ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းတိုင်းပြု ပြည်ပြုလွှတ်တော်တွင် မည်သူက မည်သည့်အကြောင်းကို တင်ပြခဲ့ သည့် သမိုင်းကြောင်းများရှိကြောင်း၊ ထို့နောက် မိမိတို့နိုင်ငံတွင် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ လွတ်လပ်ရေးရရှိရန် အောင်ဆန်း-အက်တလီစာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီးနောက်ပိုင်း နုအက်တလီစာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ ထိုစာချုပ်ထဲတွင် တပ်မတော်နှင့်ပတ်သက်သည့် အကြောင်း အရာများနှင့် နိုင်ငံရေးနှင့် ပတ်သက်သည့် အကြောင်းအရာများ အသေးစိတ်ပါဝင်ကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း တပ်မတော်သည် နိုင်ငံရေးတွင် မည်သည့်အတွက်ကြောင့် ပါဝင်ပတ်သက်ရသည်ကို သိရှိကြရန်လိုကြောင်း၊ သတင်း ထောက်ကြီးများ မကြာခဏပြောလေ့ရှိသည့် စစ်ဘောင်ကျယ်သည် ဆိုသည့် အကြောင်းအရာနှင့် ဆက်စပ်နေကြောင်း၊ နိုင်ငံရေး ဘောင်မကျယ်ဘဲ စစ်ဘောင်ကျယ်ရသည့် အကြောင်းရင်းသည် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း အယူဝါဒရေးရာနှင့် တိုင်းရင်းသားရေးရာအရ ပြည်တွင်းသောင်းကျန်းမှုများ ပေါ်ပေါက် လာခြင်းကြောင့်ဖြစ်ကြောင်း၊ လွတ်လပ်ရေးနှင့်အတူ ယှဉ်တွဲ ပေါ်ပေါက်လာသည့် ပြည်တွင်းစစ် ပဋိပက္ခကြောင့် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအကျပ်အတည်း ဖြစ်ပေါ်နေခြင်းဖြစ်သည်ဟု စာရေးဆရာများရေးလျှင် တစ်ကြောင်းတည်းနှင့်ပြီးကြောင်း၊ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးမှ သောင်းကျန်းသူ (သူပုန်) ပေါ်ခြင်းမဟုတ်ကြောင်း၊ လွတ်လပ်ရေးမရခင်ကတည်းက သောင်းကျန်းသူ (သူပုန်) ပေါ်သည်မှာ အခြားနိုင်ငံများနှင့်မတူညီ ကြောင်း၊ မြန်မာနိုင်ငံအစိုးရဟု မပေါ်ပေါက်ခင် ဖဆပလမှ ထူထောင်သည့် တိုင်းပြုပြည်ပြုလွှတ်တော်များ စတင်ပေါ် ပေါက်လာကတည်းကပင် ထိုသူများကိုဆန့်ကျင်မည့် သူပုန်များ ပေါ်ပေါက်နေပြီဖြစ်ကြောင်း၊ ရခိုင်တွင် ဦးစိန္တာနှင့် ဗုံပေါက်သာကျော်တို့ဦးစီးသည့် အလံနီကွန်မြူနစ်ပါတီသည် မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်ကတည်းကပင် လွတ်လပ်ရေးရလျှင် ဖြစ်ပေါ်လာမည့်အစိုးရကို ကြိုတင်ဆန့်ကျင်မည့် အဖွဲ့များရှိကြောင်း၊ ရခိုင်မြောက်ပိုင်းတွင်ရှိသည့် မူဂျာဟစ် အဖွဲ့သည်လည်း လွတ်လပ်ရေးမရခင်ကတည်းကပင် ကြိုတင် ဆန့်ကျင်နေကြကြောင်း၊ ပျဉ်းမနားဒေသတွင်ရှိသည့် အလံနီအဖွဲ့ တချို့ဆိုလျှင်လည်း အလားတူပင် တော်လှန်နေပြီ ဖြစ်ကြောင်း၊ စာဖြင့်သမိုင်းတွင်ခဲ့သည့် အဖွဲ့သုံးဖွဲ့ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် လွတ်လပ်ရေးမရခင်ကတည်းကပင် သူပုန်များ ပေါ်ပေါက်ရန်အတွက် ကြိုတင်စရန်ရိုက်ထားသည့် တိုင်းပြည်ဟု ပြောလိုကြောင်း၊ လွတ်လပ်ရေးမရမီ ၃ လခန့်ကပင် ကြိုတင် စရန်ရိုက်ထားကြောင်း၊ လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလတွင် ရရှိပြီး ယင်းနှစ် မတ်လတွင် ကွန်မြူနစ်အဖွဲ့က တောခိုသွားကြောင်း၊ နောက်ပိုင်းတွင် KNDO ကဲ့သို့သော အဖွဲ့များပေါ်ပေါက်လာခဲ့ကြောင်း၊ တပ်မတော် အနေဖြင့် နိုင်ငံရေးတွင် ပါဝင်ပတ်သက်ခြင်းမရှိဘဲ Professional Army ဖြစ်ရန်အတွက် ပထမဆုံး လိုအပ်ချက်မှာ လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းရေးဖြစ်သည်ဟု မိမိထင်ကြောင်း၊ သတင်းထောက်ကြီးမေးသည့် တပ်မတော်၏ ထွက်ပေါက်ဆိုသည်မှာ တပ်မတော်က လုပ်ဆောင်နေသည့်၊ မျှော်မှန်းချက်၊ ရည်မှန်းချက်မှာ မြန်မာနိုင်ငံတွင် အဓိကအကျဆုံး ပြဿနာဖြစ်ကြောင်း၊ အများ ပြောနေသည့် စစ်ဘက်နယ်ဘက် ဆက်ဆံရေးဟုပြောသည် ဖြစ်စေ၊ တပ်မတော်အနေဖြင့် နိုင်ငံရေးနှင့် မပတ်သက်ရဟူသည့် ရည်မှန်းချက်၊ ရည်ရွယ်ချက်ဖြစ်စေ၊ မည်သို့ပြောသည်ဖြစ်စေ မိမိတို့ ပထမဆုံးဖြေရှင်းရမည့် ပြဿနာမှာ မြန်မာနိုင်ငံတွင်ဖြစ်ပွား ခဲ့သည့်၊ ဖြစ်ပွားနေဆဲဖြစ်သည့်၊ လက်နက်ကိုင်ပဋိပက္ခများကို အရင်ဆုံး ဖြေရှင်းရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဖြစ်ပွား နေသည့် လက်နက်ကိုင်ပဋိပက္ခများတွင် မည်သည့်အကြောင်း အရာကို အသုံးချနေသည်ဆိုသည့်အချက်ကိုကြည့်၍ ထိုအချက် ကို ဖြေရှင်းရမည်ဖြစ်ကြောင်း၊ မိမိအမြင် ပြောရလျှင် မကျေနပ်မှုနှင့် နိုင်ငံရေးကို အသုံးချနေသည်ဟု ထင်မြင်မိကြောင်း၊ မကျေနပ်မှုနိုင်ငံရေးနှင့် ပတ်သက်၍ မိမိပြောလိုသည်မှာ လူထု၏စိတ်ထဲတွင်ဖြစ်စေ၊ တိုင်းရင်းသားများ၏ စိတ်ထဲတွင်ဖြစ်စေ ဖြစ်ပေါ်နေသည့် မကျေနပ်နိုင်မှုများကို ပိုမိုနှိုးဆွ၍ လက်နက်ကိုင် ဖြစ်အောင် တိုက်တွန်းနေသည့်၊ လက်နက်ကိုင်ဖြစ်အောင် လမ်းကြောင်းပေးနေသည့်ကိစ္စများကို ဖြေရှင်းရမည်ဖြစ်ကြောင်း၊ ယခု လက်နက်ကိုင်ပြီး ဆောင်ရွက်နေသည့်အဖွဲ့များ၊ လက်နက်ကိုင် ပဋိပက္ခများနှင့် ပတ်သက်နေသည့် အဖွဲ့များ၏ စိတ်ထဲတွင်ရှိနေသည့် မကျေနပ်မှုများကို အနည်းဆုံးအဆင့်သို့ လျှော့ချနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုအဖွဲ့၊ လုပ်ငန်းအဖွဲ့၊ ညှိနှိုင်းရေးအဖွဲ့ များ ဖွဲ့စည်း၍ ဆောင်ရွက်နေကြောင်း၊ အဆိုပါ အဖွဲ့များအနေဖြင့် မည်သည့်အချက်ကိုလိုချင်သည်၊ မည်သို့ဖြစ်ချင်သည်၊ မည်သည့် ကိစ္စများကို ပူးပေါင်းဆောင်ရွက်မည်ဆိုသည့် အဆင့်များမှ သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်ဟု အလေးထားသတ်မှတ်ပြီး လက်နက်ကိုင်ပဋိပက္ခများ လျှော့ချနိုင်ရေးဆောင်ရွက်လျက် ရှိကြောင်း၊ အရင်းအမြစ်များကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ယင်းကိစ္စများနှင့် ဆက်စပ် ဆောင်ရွက်ရမည့်ကိစ္စမှာ ရွေးကောက်ပွဲကိစ္စဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို တစ်နိုင်ငံလုံးနေရာအနှံ့အပြားတွင် အခြေခံ ဥပဒေ၏ ပုဒ်မ ၇ အရ တစ်နိုင်ငံလုံးတွင် စစ်မှန်ပြီး စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည်ဆိုသည့် စာကြောင်း တစ်ကြောင်းကို အဓိပ္ပာယ်ဖွင့်မည်ဆိုပါက များစွာရရှိမည်ဖြစ်ကြောင်း၊ မိမိတို့ပြည်သူလူထုလိုလားသည်မှာ ၁၉၈၈ တွင်လည်း ပါတီစုံ ဒီမိုကရေစီစနစ်ကို တောင်းဆိုခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို ထိုအချိန်က ရှိခဲ့သည့်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ပေး ခဲ့ရမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးရန် လိုလား သည်ဆိုပါက ပါတီများအနေဖြင့် လွတ်လပ်စွာ ရွေးချယ်ခံပိုင်ခွင့်ရှိ ရမည်ဖြစ်ကြောင်း၊ ပြည်သူများသည်လည်း လွတ်လပ်စွာဖြင့် အကြားအလပ်မရှိ မဲပေးပိုင်ခွင့်ရှိရမည်ဖြစ်ကြောင်း၊ မည်သည့်ဒေသ ကိုမျှ ချန်လှပ်၍မရကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများ လျှော့ချနိုင်ရန်အတွက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အကြားအလပ်မရှိအောင် ကျင်းပ နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြန်လည် ဖြေကြားသည်။

**မိမိတို့အစိုးရအနေဖြင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ လျှော့ချနိုင်ရန်အတွက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိ**

**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အကြားအလပ်မရှိအောင် ကျင်းပနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

*(ဆက်လက်ဖော်ပြပါမည်)*

# အီကွေဒေါနိုင်ငံ၌ ပြင်းအား ၆ ဒသမ ၀ ရှိ ငလျင်လှုပ်၊ နေအိမ်နှင့် ဆေးရုံများ ပျက်စီး

ကွီတို မတ် ၂၈

**အီကွေဒေါနိုင်ငံ ကမ်းရိုးတန်းပြည်နယ်ဖြစ်သည့် အက်စမာရာလက်ဒ် အီကွေဒေါဒေသတွင် မတ် ၂၆ ရက်တွင် ပြင်းအား ၆ဒသမ ၀ ရှိ ငလျင်လှုပ်ခဲ့ရာ ဆေးရုံများ၊ ဒေသခံနေအိမ်များနှင့် ပြည်သူလူထုနှင့် သက်ဆိုင်သည့်အဆောက်အအုံများ ပျက်စီးခဲ့ရသည်ဟု မတ် ၂၇ ရက်တွင် အာဏာပိုင်များက ပြောသည်။**

ငလျင်မှာ မတ် ၂၆ ရက် ဒေသစံတော်ချိန် ၁၁ နာရီ ၂၈ မိနစ်တွင် လှုပ်ခတ်ခဲ့ခြင်း ဖြစ်ပြီး ငလျင်လှုပ်ခတ်ပြီးနောက် နောက်ထပ် ငလျင်ငယ်များလည်း ထပ်မံလှုပ်ခဲ့ကြောင်း အီကွေဒေါ ဘူမိရူပဗေဒသိပ္ပံက ထုတ်ပြန်ခဲ့သည်။ ထုတ်ပြန်ချက်များအရ နေအိမ် ၂၈ လုံးမှာ ပျက်စီးသွားခဲ့သည်။ ကျန်းမာရေးစင်တာ သုံးခု နှင့် ပြည်သူ့အဆောက်အအုံ သုံးလုံးမှာလည်း ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည်။ ကနဦး ပြည်နယ် ၂၄ ခုအနက် ၁၁ ခုတွင် ငလျင်ဒဏ် ခံစားရပြီး အက်စမာရာလက်ဒ်မြို့တွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



ငလျင်ဒဏ်ကြောင့် နေအိမ်ပျက်စီးမှုကို တွေ့ရစဉ်။

# နိုင်ငံတကာ အကောင်းဆုံး ဇာတ်ကားဆု Drive My Car ကားရရှိ

**တိုကျို မတ် ၂၈**

ဂျပန် ရုပ်ရှင်ဇာတ်ကားဖြစ်သည့် Drive My Car ဇာတ်ကားမှာ ၂၀၂၂ ခုနှစ်အတွက် အကောင်းဆုံး နိုင်ငံတကာရုပ်ရှင်ဆုကို ရရှိခဲ့သည်။ ယခုနှစ်အတွက် အကယ်ဒမီဆုပေးပွဲကို မတ် ၂၇ ရက်က ဟောလိဝုဒ်တွင် အခမ်းအနားဖြင့် ကျင်းပခဲ့သည်။ ဆုလက်ခံရရှိပြီးနောက် ရုပ်ရှင် ဒါရိုက်တာ ဟာမာဂူချိရူဆူကီက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ အဆိုပါ ရုပ်ရှင်တွင် ပါဝင်ခဲ့ကြသည့် သရုပ်ဆောင်များအားလုံးကို ကျေးဇူးတင်စကား ပြောကြားခဲ့သည်။



ရုပ်ရှင် ဒါရိုက်တာ ဟာမာဂူချိရူဆူကီ။

Drive My Car ဇာတ်ကားမှာ ၂၀၀၉ခုနှစ် နောက်ပိုင်း ပထမဆုံး အကယ်ဒမီဆုရရှိသည့် ဂျပန်ရုပ်ရှင်ကားဖြစ်ပြီး အကောင်းဆုံး ဒါရိုက်တာဆု၊ အကောင်းဆုံး ရုပ်ရှင်ဆုတို့အတွက် ဆန်ခါတင် စာရင်းဝင်ခဲ့သည်။ ကန်းရုပ်ရှင်ပွဲတော်တွင်လည်း အဆိုပါရုပ်ရှင်ဇာတ်ကားမှာ ဆုရရှိခဲ့သည်။

ယခုနှစ်အတွက် ရွှေကမ္ဘာလုံးဆုပေးပွဲတွင်လည်း အင်္ဂလိပ်စကားပြော မဟုတ်သည့် အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားအဖြစ် ဆုရရှိခဲ့သည်။

အင်န်အိတ်ချ်ကေ

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၀၇၇ ဦး ထပ်မံတွေ့ရှိ

**ဂျကာတာ မတ် ၂၈**

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၃၀၇၇ ထပ်မံတွေ့ရှိခဲ့ပြီးနောက် စုစုပေါင်းကူးစက်ခံရသူဦးရေမှာ ၅၉၉၈၉၅၃ ဦး ရှိလာသည်ဟု အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

သေဆုံးသူဦးရေမှာလည်း နောက်ထပ် ၁၀၀ ထပ်တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာ ၁၅၄၆၇၀ ရှိလာသည်။ အင်ဒိုနီးရှားအစိုးရသည် နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးပေးသည့်အစီအစဉ်ကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိသည်။ ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးသည့်ဦးရေမှာ ၁၉၅ ဒသမ ၈၈ သန်းရှိပြီး ဒုတိယအကြိမ်ကာကွယ်ဆေးထိုးပြီးသူ ၁၅၇ ဒသမ ၈၄သန်းရှိသည်။ အင်ဒိုနီးရှားနိုင်ငံသည် ပြီးခဲ့သည့်နှစ် ဇန်နဝါရီလမှစတင်ကာ ကာကွယ်ဆေးအစုလိုက် ထိုးပေးသည့်အစီအစဉ်ကို စတင်ခဲ့သည်။

ဆင်ဟွာ

.................................

# ဂျော်ဒန်နိုင်ငံ၌ ကိုဗစ်-၁၉ စည်းကမ်းသတ်မှတ်ချက်ဖြစ်သည့် လူစုလူဝေးပြုလုပ်ခွင့်နှင့် ပတ်သက်၍ ကန့်သတ်ချက်များကိုဖြေလျှော့ပေး

**အမ္မန် မတ် ၂၈**

ဂျော်ဒန်နိုင်ငံတွင် ကိုဗစ် -၁၉ ကန့်သတ်ချက်များကို ဖြေလျှော့လိုက်ကြောင်း ဝန်ကြီးချုပ် ဘီရှာ အယ် ခက်ဆာဝိန်းက နိုင်ငံပိုင်သတင်းအေဂျင်စီတွင် ဖော်ပြခဲ့သည်။ အသစ်ဖြေလျှော့လိုက်မှုတွင် အဆောက်အအုံအတွင်းနှင့် အပြင်တို့တွင် လူစုလူဝေးပြုလုပ်ခွင့်ကို ခွင့်ပြုပေးခဲ့ပြီး အဆောက်အအုံပြင်ပတွင် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန် အမိန့်ကိုလည်း ဖယ်ရှားပေးခဲ့သည်။

ဘာသာရေးအဆောက်အအုံများတွင် လူအချင်းချင်း ခပ်ခွာခွာနေရန်တားမြစ်တော့မည် မဟုတ်ပေ။ သို့သော်လည်း ဝတ်ပြုဆုတောင်းသူများသည် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရမည်ဖြစ်သည်။ မတ် ၂၇ရက်တွင် ဂျော်ဒန်နိုင်ငံ၌ နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ခံရသူဦးရေမှာ ၃၁၇၁ ဦး ထပ်တိုးလာခဲ့ပြီးနောက် စုစုပေါင်းကူးစက်ခံရသူဦးရေမှာ ၁၆၉၂၄၈၅ ဦးအထိ တိုးလာခဲ့ကြောင်း ဂျော်ဒန်ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

သေဆုံးသူဦးရေမှာလည်း နောက်ထပ် ၂၈ ဦး ထပ်တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာလည်း ၁၄၀၃၁ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ဂျော်ဒန်နိုင်ငံတွင် လက်ရှိ ကိုဗစ်-၁၉ ဝေဒနာခံစားရသူ ၂၁၇၅ ဦး ရှိသည်။

ဂျော်ဒန်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ်ထိုးပြီးသူ ၄၇၃၀၇၂၇ ဦးရှိပြီး ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပြီးသူ ၄၄၃၈၀၉၁ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

# အစ္စရေးနိုင်ငံ၌ လူနှစ်ဦး ပစ်သတ်ခံရပြီးနောက် သေနတ်သမား နှစ်ဦး အသေဖမ်းဆီးခံရ

**ဂျေရုဆလင် မတ် ၂၈**

အစ္စရေးနိုင်ငံမြောက်ပိုင်းတွင် မတ် ၂၇ ရက်က သေနတ်သမားနှစ်ဦးက ပစ်ခတ်မှု ပြုလုပ်ခဲ့ပြီးနောက် အစ္စရေးနှစ်ဦး သေဆုံးခဲ့ပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အစ္စရေးရဲတပ်ဖွဲ့၊ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းနှင့် ဒေသခံမီဒီယာများက အတည်ပြုပြောကြားခဲ့သည်။

သေနတ်သမားနှစ်ဦးမှာ အသေပစ်ခတ်ဖမ်းဆီးမခံရမီ စားသောက်ဆိုင်အနီးတွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ရဲစခန်းမှ ပြောရေးဆိုခွင့်ရှိသူ အီလီလီဗေးက ပြောသည်။



အခင်းဖြစ်ပွားရာနေရာတွင် အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

သေနတ်သမား နှစ်ဦးမှာ ဟာဒီရာမြို့ အရှေ့မြောက်ဘက် ၂၅ ကီလိုမီတာအကွာ ရှိ အာရပ်မြို့တွင် နေထိုင်သူများဖြစ်သည်။ အစ္စရေးအမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး သေနတ်ဒဏ်ကြောင့် ဆုံးပါးသွားခဲ့ပြီး ရဲအရာရှိ ခြောက်ဦးမှာလည်း ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုနှင့် ပတ်သက်၍ မည်သည့်အုပ်စု၏ လက်ချက်မှန်း မသိရသေးဟု ဆိုသည်။

ဆင်ဟွာ

# အစ္စရေးဝန်ကြီးချုပ် နဖ်တာလီဘန်းနက် ကိုဗစ်-၁၉ ကူးစက်ခံရ နိုင်ငံတစ်ဝန်း BA.2 အိုမီခရွန် ကိုဗစ်-၁၉ ဗိုင်းရပ်စ် မျိုးကွဲသစ် ကူးစက်ဖြစ်ပွား

**ဂျေရုစလင် မတ် ၂၈**

အစ္စရေးဝန်ကြီးချုပ် နဖ်တာလီဘန်းနက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသည်ဟု ၎င်း၏ရုံးက မတ် ၂၈ ရက်အစောပိုင်းက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ဝန်ကြီးချုပ်သည် နေထိုင်ကောင်းမွန်လျက်ရှိကြောင်းနှင့် ၎င်း၏အစီအစဉ်များကို စီစဉ်ထားသည့်အတိုင်း နေအိမ်မှ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

မတ် ၂၇ ရက်က ဘန်းနက်သည် အလည်အပတ်ရောက်ရှိနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်နှင့် ဂျေရုစလင်တွင် တွေ့ဆုံခဲ့သည်။ ညနေပိုင်းတွင် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားရာ နိုင်ငံမြောက်ပိုင်း ဟာဒယ်ရာမြို့သို့ သွားရောက်ခဲ့ပြီး အဆင့်မြင့်လုံခြုံရေးအရာရှိများနှင့် အခြေအနေသုံးသပ်ဆွေးနွေးခဲ့သည်။

အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက လွန်ခဲ့သောရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူသစ် ၁၅၅၉၆ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ ယခုအခါတွင် နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၈၆၉၈၁၉ ဦးအထိ ရှိလာပြီဖြစ်သည်။

နိုင်ငံတစ်ဝန်း BA.2 အိုမီခရွန် ကိုဗစ်-၁၉ ဗိုင်းရပ်စ်မျိုးကွဲသစ် ကူးစက်ဖြစ်ပွားမှုများ မြင့်တက်မှုနှင့်ကြုံတွေ့နေရသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် ကြာသပတေးနေ့က အသက် ၆၀ နှစ် အထက်များကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် ကြေညာပေးခဲ့သည်။

ဆင်ဟွာ



အစ္စရေးဝန်ကြီးချုပ် နဖ်တာလီဘန်းနက်။



အိမ်ဖြူတော်ပြန်ကြားရေး ဒုတိယအကြီးအကဲ ကာရင်ဂျန်ပါရီ။

## အိမ်ဖြူတော်ပြန်ကြားရေး ဒုတိယအကြီးအကဲ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွား

**ဝါရှင်တန် မတ် ၂၈**

အိမ်ဖြူတော်ပြန်ကြားရေး ဒုတိယအကြီးအကဲ ကာရင်ဂျန်ပါရီက မိမိတွင် ကိုဗစ်-၁၉ စစ်ဆေးတွေ့ရှိခဲ့ကြောင်း မတ် ၂၇ ရက်ညက ကြေညာခဲ့သည်။

ဥရောပသို့ အမေရိကန်သမ္မတဂျိုးဘိုင်ဒင်ခရီးစဉ် သွားရောက်ရာမှပြန်လည်ရောက်ရှိလာပြီးနောက် အစောပိုင်းနေ့တွင် ပီစီအာရ် စမ်းသပ်စစ်ဆေးမှုကို လုပ်ဆောင်ခဲ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိခဲ့သည်ဟု ဂျန်ပါရီက ပြောကြားခဲ့သည်။

လူမှုဝေးကွာ စည်းကမ်းချက်အတိုင်း ကျင်းပပြုလုပ်ခဲ့သည့် စနေနေ့ အစည်းအဝေးအတွင်း ဘိုင်ဒင်ကို နောက်ဆုံးတွေ့ဆုံခဲ့သည်ဟု ၎င်းက ထုတ်ဖော်ပြောကြားခဲ့သည်။ သို့သော်လည်း သမ္မတသည် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (စီဒီစီ) ၏ သတ်မှတ်လမ်းညွှန်ချက်များ အရ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူနှင့် အနီးကပ် ထိတွေ့ခဲ့သည်ဟု ယူဆ၍မရကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူနှင့် ခြောက်ပေထက်နည်းသည့် အကွာအဝေးတွင် ၁၅ မိနစ်ထက်ပိုပြီး ကြာကြာထိတွေ့ခဲ့မည်ဆိုပါက နီးကပ်စွာ ထိတွေ့ခဲ့သည်ဟု သတ်မှတ်ရမည် ဖြစ်ကြောင်း စီဒီစီက ပြောကြားထားသည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးကို အပြည့်အဝ ထိုးနှံထားပြီး အပိုဆောင်း ကာကွယ်ဆေးထိုးထားနိုင်မှုကို ကျေးဇူးတင်ကြောင်း၊ ကိုဗစ်-၁၉ လက္ခဏာအပျော့စားများသာ ဖြစ်ပွားကြောင်း ဂျန်ပါရီက ထပ်လောင်းပြောကြားလိုက်သည်။ အိမ်ဖြူတော် ကိုဗစ်-၁၉ လုပ်ထုံးလုပ်နည်းများအရ မိမိသည် နေအိမ်မှ အလုပ်လုပ်မည်ဖြစ်ကြောင်းနှင့် ငါးရက်ကြာ သီးသန့်ခွဲခြားနေထိုင်ပြီး ကိုဗစ်-၁၉ ပြန်လည်စစ်ဆေးကြည့်ပြီး ကိုဗစ်-၁၉ လုံးဝကင်းစင်သွားမှသာ လုပ်ငန်းခွင်ဝင်ရောက်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အသက် ၄၄ နှစ်ရှိ ဂျန်ပါရီသည် ယခုကာလအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများတွင် ထင်ရှားကျော်ကြားသည့် အမေရိကန်နိုင်ငံရေး သမားတစ်ဦးဖြစ်သည်။

ဆင်ဟွာ

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းခဲ့သည်မှာ ၆၂ ရက်မြောက်ရှိလာ

**နယူးဒေလီ မတ် ၂၈**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၂၇၀ ရှိလာသောကြောင့် မတ် ၂၈ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၃၀၂၀၇၂၃ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၁ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၅၂၁၀၃၅ ဦးအထိရှိလာခဲ့သည်။

နိုင်ငံအတွင်း လတ်တလောကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၁၅၈၅၉ ဦးအထိရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၂၈ ဦးအထိ လျော့နည်းလာခဲ့သည်။ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းခဲ့သည်မှာ ၆၂ ရက်မြောက်ရှိလာပြီဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူ စုစုပေါင်း ၄၂၄၈၃၈၂၉ ဦးရှိလာပြီဖြစ်သည်။ အဆိုပါပမာဏအနက် လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံမှ ဆင်းလာသူ ၁၅၆၇ ဦးရှိသည်။

ဆင်ဟွာ

## တောင်ကိုရီးယားနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ကျဆင်း

**ဆိုးလ် မတ် ၂၈**

လွန်ခဲ့သော ၂၄ နာရီနှင့် နှိုင်းယှဉ်လျှင် တောင်ကိုရီးယားနိုင်ငံတွင် မတ် ၂၇ ရက် ညသန်းခေါင်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၈၇၂၁၃ ဦး တိုးလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၂၀၀၃၀၅၄ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက မတ် ၂၈ ရက်က ပြောကြားလိုက်သည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ယခင်ရက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့်ပမာဏထက်ကျဆင်းခဲ့ကြောင်း ကိုရီးယားရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီ (ကေဒီစီ အေ) က ထုတ်ပြန် ကြေညာလိုက်သည်။ အိုမီခရွန်ဗိုင်းရပ်စ်ကူးစက် ပျံ့နှံ့နေစဉ်မကြာသေးမီက မြင့်တက်လာသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် ဆိုးလ်ဒေသ၏ ကိုဗစ်-၁၉ အစုလိုက်ကူးစက်ဖြစ်ပွားမှုကြောင့် ဖြစ်ကြောင်း သိရသည်။

ထပ်မံဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၃၄၁၈၉ ဦးမှာ ဆိုးလ်ဒေသခံများဖြစ်ကာ ၅၀၅၇၄ ဦးမှာ ချုံဂီပြည်နယ်မှဖြစ်ပြီး ၁၁၇၆ ဦးမှာ အင်ချွန်းမှဖြစ်သည်။ မြို့တော်မဟုတ်သည့် နေရာဒေသများတွင်လည်း ကိုဗစ်-၁၉ ဆက်လက်ကူးစက်ပြန့်ပွားလျက်ရှိပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားသူ ၉၀၆၉၉ ဦး သို့မဟုတ် ၄၈ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ ပြည်ပကူးစက်ဖြစ်ပွားသူ ၂၅ ဦးနှင့်အတူ စုစုပေါင်း ပြည်ပကူးစက်ဖြစ်ပွားသူ အရေအတွက် ၃၀၉၆၅ ဦးအထိ ရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ခံထားရပြီး စိုးရိမ်ရသောအခြေအနေခံစားနေရသူ ၁၂၇၃ ဦးရှိပြီး ယခင်ရက်ကထက် ၅၇ ဦး တိုးလာခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် ၂၈၇ ဦး ထပ်မံ သေဆုံးခဲ့သောကြောင့် စုစုပေါင်းသေဆုံးသူ ၁၅၁၈၆ ဦး အထိရှိလာခဲ့ပြီး သေဆုံးနှုန်းမှာ ၀ ဒသမ ၁၃ ရာခိုင်နှုန်းရှိသည်။

ဖေဖော်ဝါရီ ၂၆ ရက်တွင် အစုလိုက် ကာကွယ်ဆေးထိုးမှုများ စတင်ပြုလုပ်ခဲ့သည့် အချိန်မှ စတင်ကာ ယခုအချိန်အထိ လူပေါင်း ၄၄၉၄၄၂၈၉ ဦး စုစုပေါင်း နိုင်ငံ့လူဦးရေ၏ ၈၇ ဒသမ ၆ ရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခဲ့ပြီးဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပြီးသူပေါင်း ၄၄၄၇၂၆၄၄ ဦး သို့မဟုတ် ၈၆ ဒသမ ၇ ရာခိုင်နှုန်းရှိပြီဖြစ်သည်။

ထို့အတူ အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်းမှာလည်း ၃၂၆၂၉၃၂၁ ဦး သို့မဟုတ် လူဦးရေ၏ ၆၃ ဒသမ ၆ ရာခိုင်နှုန်းရှိသည်။

ဆင်ဟွာ

## လာအို၌ စတုတ္ထကြိမ်မြောက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးတော့မည်

**ဗီယန်ကျင်း မတ် ၂၈**

လာအိုကျန်းမာရေးဝန်ကြီးဌာနက အိုမီခရွန်ဗီဇပြောင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ကောင်းစွာခုခံနိုင်ရန် ကျန်းမာရေးဝန်ထမ်းများနှင့် အပြင်းအထန်ဖျားနာမှု အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသူများကို ဧပြီလမှစတင်ကာ စတုတ္ထအကြိမ်မြောက် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးတော့မည်ဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်လိုက်သည်။



လာအိုတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးသည် ဗိုင်းရပ်စ်ကို ခုခံနိုင်သည့် ပဋိပစ္စည်းကို အဆင့်မြှင့်တင်ရန်အတွက် အသုံးပြုသည့် အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးသည် အပြင်းအထန်ဖျားနာမှုကို လျှော့ချနိုင်ကြောင်း ဗီယန်ကျင်းတိုင်းမ် နေ့စဉ်သတင်းတွင် မတ် ၂၈ ရက်က ဖော်ပြလိုက်သည်။

လေးကြိမ်မြောက် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ရှေ့တန်းလုပ်သားများ၊ ခုခံကာကွယ်နိုင်ခြေနည်းသည့် နာတာရှည်ရောဂါသည်များနှင့် အသက် ၆၀ ကျော် အရွယ်များကို စတင်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း နေ့စဉ်သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

နောက်ထပ် အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းများကို နိုင်ငံခြားခရီးသွားကဏ္ဍကို အဓိကအားထားမှီခိုနေရသည့် ဒေသများနှင့် ရောဂါကူးစက်မှု မြင့်မားသည့်ဒေသများတွင် ထိုးပေးမည်ဖြစ်သည်။

ဒုတိယဦးစားပေးအုပ်စု အနေဖြင့် ရဲများ၊ နယ်စပ်တွင်အလုပ်လုပ်ကိုင်နေရသော အရာရှိများနှင့် သံတမန်များ၊ အလုပ်လာရောက်လုပ်ကိုင်သူများကို ထိုးပေးသွားမည်ဖြစ်သည်။

ဆင်ဟွာ

# ကိုဗစ်-၁၉ အကျော့သစ်ထပ်မံရိုက်ခတ်လာဦးမလားဆိုတဲ့ စိုးရိမ်နေတဲ့ အမေရိကန်ပြည်သူတွေ

*ထွန်းကျော်*

လတ်တလော ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု အရေအတွက်နဲ့ သေဆုံးမှုနှုန်းကျဆင်းလာသော်လည်း ကိုဗစ်- ၁၉ မျိုးကွဲတစ်ခုဖြစ်တဲ့ BA.2 လွှမ်းမိုးလာနိုင်တဲ့ ခံစားချက်နဲ့အတူ ကိုဗစ်- ၁၉ နောက်ထပ် တစ်ကျော့ အမေရိကန်နိုင်ငံရဲ့ နေရာတစ်ခုခုက ပေါ်ထွက်လာမလားဆိုတဲ့ စိုးရိမ်စိတ်တွေ အမေရိကန်ပြည်သူတွေကြား ပျံ့နှံ့လျက်ရှိပါတယ်။

**ကိုဗစ်-၁၉ သေဆုံးနှုန်းကျဆင်း**

နယူးယောက်တိုင်းမ်ရဲ့ စာရင်းကောက်ယူလေ့လာမှုအရ မတ် ၂၄ ရက်အထိ ခုနစ်ရက်တာ ကာလအတွင်း အမေရိကန်ပြည်ထောင်စုရဲ့ ကိုဗစ်- ၁၉ ပျမ်းမျှသေဆုံးနှုန်းဟာ ၈၃၀ အထိ ကျဆင်းခဲ့တယ်လို့ သိရပါတယ်။ လွန်ခဲ့တဲ့ ၁၄ ရက်တာကာလအတွင်းမှာ ၃၆ ရာခိုင်နှုန်း ပြောင်းလဲကျဆင်းမှု ရှိခဲ့ပါတယ်။ အလားတူပဲ ကိုဗစ်- ၁၉ ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားမှု ၃၀၃၈၇ အထိ ကျဆင်းခဲ့ပြီး ၁၅ ရာခိုင်နှုန်းအထိ ပြောင်းလဲကျဆင်းခဲ့ပါတယ်။

သို့သော်လည်း ကျွမ်းကျင်သူတွေက အမေရိကန်ပြည်ထောင်စုအတွင်းမှာ ဖြစ်ပေါ်လာနိုင်တဲ့ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသေဆုံးမှု မြင့်တက်လာမှာကို စောင့်ကြည့်လျက်ရှိပါတယ်။ ထို့အတူ ဘယ်လောက်ထိကြာကြာ ခုခံကာကွယ်ထားရမလဲဆိုတဲ့ အပေါ်လည်း သိချင်နေကြပါတယ်။

**ဆက်လက်စောင့်ကြည့်ရဦးမလား**

မကြာသေးမီက ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသေဆုံးမှုနှုန်းဟာ စိတ်ချရမယ့်အနေအထားတစ်ခုရောက်ရှိပြီဆိုတဲ့ လက္ခဏာမပြသေးသရွေ့ ကိုဗစ်- ၁၉ကို ဆက်လက်စောင့်ကြည့်နေရမလားဆိုတာကိုလည်း စိတ်ဝင်တစားသိချင်နေကြပါတယ်။

အမျိုးသားအဆင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ခြေရာခံစနစ်ဟာလည်း နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်လာမယ့် အခြေအနေကို အတည်ပြုပေးနိုင်မှာမဟုတ်ပါဘူး။ အစိုးရအနေနဲ့လည်း ကိုဗစ်- ၁၉ ကာကွယ်ဆေး၊ ကုသမှုနဲ့ စမ်းသပ်စစ်ဆေးမှုတွေအတွက် ရန်ပုံငွေပြတ်လပ်နေပြီလို့ အိမ်ဖြူတော်အရာရှိက ပြောကြားလိုက်ပါတယ်။

> **သက်ဆိုင်ရာအာဏာပိုင်တွေက BA.2 ကိုဗစ်- ၁၉ မျိုးကွဲတစ်ခုကြောင့် ကိုဗစ်-၁၉ နောက်ထပ်တစ်ကျော့ ထပ်မံရိုက်ခတ်လာနိုင်ခြေရှိတဲ့အပေါ် စိုးရိမ်နေကြပါတယ်။ အမေရိကန်နိုင်ငံသား ၆၅ ဒသမ ၄ ရာခိုင်နှုန်းဟာ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝ ထိုးပြီးပြီဖြစ်ပါတယ်။ သူတို့ထဲက ၄၄ ရာခိုင်နှုန်းဟာ အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှု ခံယူပြီးပြီဖြစ်ပါတယ်။ ဒါဟာ အနောက်ဥရောပနိုင်ငံတွေရဲ့ စုစုပေါင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး ပမာဏထက် အများကြီးလျော့နည်းနေသေးပါတယ်**




အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုရှိ မော်စကွန်းစင်တာရှိ ဂိမ်းတီထွင်သူများအစည်းအဝေးကို တက်ရောက်လာသူများ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ထားသည်ကို တွေ့ရစဉ်။

**ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုတွေ ကျဆင်း**

နောက်ထပ် ကိုဗစ်- ၁၉တစ်ကျော့ဖြစ်ပေါ်လာနိုင်မှုနဲ့အတူ ကိုဗစ်- ၁၉ ကာကွယ်ဆေးတွေရှိတော့ရှိနေတယ်။ ဒါပေမယ့် ခဏရပ်နားထားရမယ့် အနေအထားလည်း ရောက်နေပါတယ်။ လွန်ခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာနှောင်းပိုင်းကတည်းက ကနဦးကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးခြင်းနဲ့ အပိုဆောင်းကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးခြင်းဟာ အောက်ဆုံးအဆင့်အထိ ကျဆင်းခဲ့တယ်လို့ ဝါရှင်တန်ပို့စ်မှာ ဖော်ပြထားပါတယ်။

ဗုဒ္ဓဟူးနေ့မှာ ခုနစ်ရက်တာ ပျမ်းမျှကာကွယ်ဆေးထိုးခြင်းဟာ တစ်နေ့ ၁၈၂၀၀၀ ထက် လျော့နည်းလာခဲ့ပါတယ်။ လွန်ခဲ့တဲ့ သီတင်းပတ်ခြောက်ပတ်မှာ နေ့စဉ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုဟာ ကျဆင်းလာခဲ့ပါတယ်။

**ဥရောပထက် ကာကွယ်ဆေးထိုးနှုန်း နည်းနေသေး**

အခုတော့ သက်ဆိုင်ရာအာဏာပိုင်တွေက BA.2 ကိုဗစ်- ၁၉ မျိုးကွဲတစ်ခုကြောင့် နောက်ထပ် ကိုဗစ်- ၁၉ အကျော့ထပ်မံရိုက်ခတ်လာနိုင်ခြေရှိတဲ့အပေါ် စိုးရိမ်နေကြပါတယ်။

အမေရိကန်နိုင်ငံသား ၆၅ ဒသမ ၄ ရာခိုင်နှုန်းဟာ ကိုဗစ်- ၁၉ ကာကွယ်ဆေး အပြည့်အဝထိုးပြီးပြီဖြစ်ပါတယ်။ သူတို့ထဲက ၄၄ ရာခိုင်နှုန်းဟာ အပိုဆောင်းကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးမှုခံယူပြီးပြီ ဖြစ်ပါတယ်။ ဒါဟာ အနောက်ဥရောပနိုင်ငံတွေရဲ့ စုစုပေါင်း ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပမာဏထက် အများကြီးလျော့နည်းနေသေးပါတယ်။

**ကိုဗစ်-၁၉ ကန့်သတ်ချက်လျှော့ချဖို့ တောင်းဆို**

ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှောင့်နှေးမှုကြောင့် နောက်ထပ် ကိုရိုနာဗိုင်းရပ်စ်ထပ်တိုးဖြစ်ပေါ်လာနိုင်မှုကို စိုးရိမ်နေကြပါတယ်။ အစိုးရအတွက် ကိုဗစ်- ၁၉ကန့်သတ်ချက်လျှော့ချဖို့ တောင်းဆိုချက်တွေဟာလည်း လျော့နည်းသွားတယ်လို့ မရှိပါဘူး။

ဗုဒ္ဓဟူးနေ့က ဒယ်လ်တာလေကြောင်းလိုင်း၊ အမေရိကန်လေကြောင်းလိုင်းနဲ့ ယူနိုက်တက်လေကြောင်းလိုင်း အမှုဆောင်အရာရှိချုပ်အပါအဝင် လေကြောင်းလိုင်းအရာရှိတွေဟာ ပါးစပ်၊ နှာခေါင်းစည်း မဖြစ်မနေတပ်ရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်ကို ရုပ်သိမ်းဖို့ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ထံကို စာရေးသားခဲ့ကြပါတယ်။ လတ်တလောမှာ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်ကို ဧပြီ ၁၈ ရက်အထိ ပြဋ္ဌာန်းထားပါတယ်။

**စိုးရိမ်စိတ်တွေရှိနေတယ်**

အမေရိကန်ပြည်ထောင်စု၏ ခုခံအားအဆင့်မြင့်မားမှု၊ ပါးစပ်၊ နှာခေါင်းစည်းသုံးချင်သူများအတွက် အရည်အသွေးအမြင့်မားဆုံး ပါးစပ်၊နှာခေါင်းစည်းများရှိခြင်း၊ ဆေးရုံအဆင့်ဆေးကုသမှုပေးနိုင်သော နေရာများရှိခြင်း၊ ကာကွယ်ဆေးရရှိနိုင်မှု၊ ကုထုံးအသစ်များဖြင့် ကုသခြင်း စသည်တို့ကြောင့် အမေရိကန်အစိုးရအနေဖြင့် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်မှုကို ဖယ်ရှားပေးသင့်ကြောင်း ၎င်းတို့က ပြောကြားသည်။

ဘယ်လိုပဲဖြစ်ဖြစ်နောက်ထပ်ကိုဗစ်-၁၉ မျိုးစိတ်သစ်တစ်ခုနဲ့အတူ ကိုဗစ်-၁၉ အကျော့သစ်တွေ ထပ်ပြီးရိုက်ခတ်လာနိုင်မလားဆိုတဲ့ အပေါ် အမေရိကန်ပြည်သူတွေရဲ့ ရင်ထဲမှာတော့ စိုးရိမ်စိတ်တွေ ရှိနေတယ်ဆိုတာကတော့ ဘယ်လိုမှ ငြင်းမရနိုင်ပါဘူး။ ။

**ကိုးကား - ဆင်ဟွာ**

## ဖိလစ်ပိုင်နှင့် အမေရိကန် ဒေသတွင်းအကြီးဆုံး စစ်ရေးလေ့ကျင့်မှု ပြုလုပ်

**မနီလာ မတ် ၂၈**

ဖိလစ်ပိုင်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် မတ် ၂၈ ရက်က နှစ်စဉ်ပြုလုပ်နေကျ အကြီးဆုံး စစ်ရေးပူးတွဲလေ့ကျင့်မှုကို ပြုလုပ်ခဲ့ကြသည်။

ဘာလီကာတန် ၂၀၂၂ ဟုခေါ်သော အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် ဖိလစ်ပိုင်တပ်ဖွဲ့ဝင် ၃၈၀၀ နှင့် အမေရိကန်တပ်ဖွဲ့ဝင် ၅၁၀၀ ပါဝင်ခဲ့သည်။ ထို့အတူ ဒေသတွင်းရှိ တခြားစစ်ဘက်ဆိုင်ရာအဖွဲ့အစည်းများလည်း ပါဝင်လေ့လာခဲ့သည်။

ယခုကျင်းပခဲ့သည့် နှစ်နိုင်ငံ စစ်ရေးပူးတွဲလေ့ကျင့်မှုသည် ၂၀၁၅ ခုနှစ်မှစကာ အကြီးဆုံး ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ခုဖြစ်သည်။ ဘာလီကာတန် ၂၀၂၂ စစ်ရေးလေ့ကျင့်မှုကို အဓိက လူဇုန်ကျွန်းတွင် မတ် ၂၈ ရက်မှ ဧပြီ ၈ ရက်အထိ ပြုလုပ်မည်ဖြစ်သည်။

စစ်ဘက်ဆိုင်ရာ သတင်းများအရ နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ပင်လယ်ရေကြောင်း လုံခြုံရေးကို အဓိကဦးတည်ချက်ထားကြောင်း သိရသည်။ ထို့အပြင် ကုန်းရေနှစ်သွယ်စစ်ဆင်မှု၊ တိုက်ပွဲပုံစံ လေ့ကျင့်ခြင်း၊ မြို့တွင်းတိုက်ခိုက်မှုပုံစံ လေ့ကျင့်ခြင်း၊ လေကြောင်းတိုက်ခိုက်မှုပုံစံလေ့ကျင့်ခြင်း၊ အကြမ်းဖက်တန်ပြန်တိုက်ခိုက်မှုပုံစံလေ့ကျင့်ခြင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးသည့်ပုံစံများနှင့် သဘာဝဘေးဒုက္ခကယ်ဆယ်ရေးပုံစံ လေ့ကျင့်ခြင်းများပါဝင်သည်။

**ဆင်ဟွာ**



# မတ် ၂၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆၃ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိ

(၂၈–၃–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇–၃–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈–၃–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၆,၀၁၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါ ပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၀၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၇,၆၁၄,၃၃၄) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၁,၀၂၁) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၆၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၆၈,၈၁၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၃၀) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၈–၃–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၈၀) ခု | (၅၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင်GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၁) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၄၅) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂,၀၃၈) ခု | (၃၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၆၃၈) ခု | (၁၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၁,၄၇၂) ခု | (၅၅) ဦး |
| စုစုပေါင်း | (၁၆,၀၁၁) ခု | (၁၆၃) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ၍ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိရာ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင်လည်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကမ္ဘာ့နိုင်ငံအများစုမှ ကွာရန်တင်းဝင်ရောက်ရမှုမှ ဖြေလျှော့ပေးခြင်းအပါအဝင် ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သူများအပါအဝင် မည်သူတစ်ဦးတစ်ယောက်မှမကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများ၊ အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများစသည့် ဦးတည်အုပ်စုအားလုံးကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေးမထိုးနှံရသေးသော ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် သွားရောက်ဆက်သွယ်၍ အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၈ -၃ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၆၂၁၈၈၈ | ၆၄၄၅၇၀၂၆ | ၁၀၀၃၄၆၇ |
| ၂။ | အိန္ဒိယ | ၄၃၀၂၀၇၂၃ | ၄၂၄၈၃၈၂၉ | ၅၂၁၀၆၆ |
| ၃။ | ဘရာဇီး | ၂၉၈၄၂၄၁၈ | ၂၈၄၉၇၄၆၈ | ၆၅၈၉၂၆ |
| ၄။ | ပြင်သစ် | ၂၅၀၂၉၅၇၃ | ၂၃၀၂၃၂၀၀ | ၁၄၁၆၇၂ |
| ၅။ | ဗြိတိန် | ၂၀၆၉၁၁၂၃ | ၁၈၇၈၃၁၇၇ | ၁၆၄၄၅၄ |
| ၆။ | ဂျာမနီ | ၂၀၂၅၁၀၃၇ | ၁၅၈၇၃၄၀၀ | ၁၂၈၉၄၇ |
| ၇။ | ရုရှား | ၁၇၇၈၃၈၄၃ | ၁၆၆၈၉၉၇၇ | ၃၆၇၆၈၆ |
| ၈။ | တူရကီ | ၁၄၈၀၀၆၇၇ | ၁၄၄၅၆၈၅၇ | ၉၇၈၀၀ |
| ၉။ | အီတလီ | ၁၄၃၆၄၇၂၃ | ၁၂၉၄၃၀၅၀ | ၁၅၈၇၈၂ |
| ၁၀။ | တောင်ကိုရီးယား | ၁၂၀၀၃၀၅၄ | စိစစ်ဆဲ | ၁၅၁၈၆ |

## ၂၈-၃-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၉၀၁၁၄၇၃ | ၅၃၅၁၉၇၈ | ၄၂၃၀၆ |
| အင်ဒိုနီးရှား | ၆၀၀၁၇၅၁ | ၅၇၂၄၉၆၃ | ၁၅၄၇၇၄ |
| မလေးရှား | ၄၁၃၈၈၆၇ | ၃၈၇၀၉၃၇ | ၃၄၇၅၁ |
| ဖိလစ်ပိုင် | ၃၆၇၇၃၇၆ | ၃၅၇၆၅၀၀ | ၅၉၀၃၀ |
| ထိုင်း | ၃၅၅၃၇၂၀ | ၃၂၇၈၁၀၃ | ၂၄၈၈၃ |
| စင်ကာပူ | ၁၀၇၂၀၀၅ | ၁၀၁၆၇၉၉ | ၁၂၅၀ |
| မြန်မာ | ၆၁၁၀၂၁ | ၅၆၈၈၁၈ | ၁၉၄၃၀ |
| လာအို | ၁၆၉၂၅၆ | ၁၅၁၁၆၃ | ၆၆၁ |
| ကမ္ဘောဒီးယား | ၁၃၅၅၁၃ | ၁၃၁၄၅၉ | ၃၀၅၄ |
| ဘရူနိုင်း | ၁၃၂၁၉၄ | ၁၂၅၈၄၂ | ၂၀၃ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
အိမ်တွင်သာ
နေပါ

# ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၌သာ တွေ့ရှိနိုင်သော တောင်ငုံးရင်မည်းငှက်မျိုးစိတ်အား

## ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်လို

**သိန်းညွန့် (PZL)**



ကမ္ဘာပေါ်တွင် တောင်ငုံးငှက်အမျိုးအစား ၁၄ မျိုး ရှိသည့်အနက် မြန်မာနိုင်ငံတွင် ၁၀ မျိုးတွေ့ရှိနိုင်သည်။ (Craig Robson 2008) ထိုသို့ မြန်မာနိုင်ငံတွင် တွေ့ရှိရသော တောင်ငုံးငှက် အမျိုးအစား ၁၀ မျိုးအနက် တောင်ငုံးရင်မည်းငှက်မျိုးစိတ် Gurney's Pitta (Hydronis gurneyi) သည် ကမ္ဘာပေါ်တွင် IUCN အနီရောင်စာရင်းအရ မျိုးသုဉ်းပျောက်ကွယ်ရန် ထိပ်ဆုံးသို့ရောက်ရှိနေသော Critically endangered ငှက်အမျိုးအစားဖြစ်သည်။

### မြေနိမ့် မြေပြန့်တွင် တွေ့ရှိနိုင်

အဆိုပါ ငှက် မျိုး စိတ် အား ကမ္ဘာပေါ်တွင် ထိုင်း နိုင်ငံနှင့် မြန်မာနိုင်ငံတွင်သာတွေ့ရနိုင်ပြီး နေထိုင်ကျက်စားရာနေရာမှာလည်း မြေနိမ့်မြေပြန့်တော အမျိုးအစား

> တောင်ငုံးရင်မည်းငှက်မျိုးစိတ်များသည် ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံတည်း၌သာ တွေ့ရှိနိုင်သော ငှက်မျိုးစိတ်တစ်မျိုးဖြစ်ခြင်းကြောင့် မျိုးသုဉ်းပျောက်ကွယ်မသွားစေရေး လူသားတိုင်းက တာဝန်သိသိ၊ စေတနာရှိရှိဖြင့် ပါဝင်လက်တွဲ ပူးပေါင်းဆောင်ရွက်သင့်

(Sundaland) မျိုးတွင်သာ တွေ့ရှိနိုင်သော ငှက်မျိုးစိတ်ဖြစ်သည်။ ရှားပါးငှက်မျိုးစိတ် ဖြစ်သော တောင်ငုံးရင်မည်းငှက်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေရင်းဖြင့် ၎င်းတို့နေထိုင်ကျက်စားရာနေရာများ တဖြည်းဖြည်းပျောက်ဆုံးပြီး ယခုဆိုလျှင် ထိုင်းနိုင်ငံတွင် သဘာဝတောထဲ၌ လုံးဝမျိုးသုဉ်း ပျောက်ကွယ်သွားပြီဖြစ်ကြောင်း ထိုင်းနိုင်ငံရှိ ငှက်ပညာရှင်များက ၂၀၁၄ ခုနှစ်တွင် ဖော်ပြထားသည်။

ယခုဆိုလျှင် တောင်ငုံးရင်မည်းငှက်မျိုးစိတ်ကို မြန်မာနိုင်ငံတစ်နိုင်ငံတည်းတွင်သာ တွေ့ရှိနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး တောင်ဘက်ပိုင်း ဝေနံသစ်တောကြိုးဝိုင်းနှင့် လေညာသစ်တောကြိုးဝိုင်းတို့တွင် တွေ့ရှိနိုင်သည်။

### တီတူးငှက်ဟုလည်း ခေါ်ဆိုကြ

တောင်ငုံးရင်မည်းငှက်သည် မြေပြင်တွင်သာ ကျက်စားတတ်သော သေးငယ်သည့် တောင်ငုံးအမျိုးအစားငှက်ဖြစ်ပြီး အရောင်အသွေးစုံလင်လှသည်။ ဒေသခံများက ထိုငှက်ကို တီတူးငှက်ဟုလည်း ခေါ်ဆိုကြသည်။ သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်လိုသော ဆန္ဒတူ၊ စေတနာတူ၊ ဝါသနာတူသူတို့ဖြင့် စုပေါင်းဖွဲ့စည်းထားသည့် အသင်းအဖွဲ့များသည် တောင်ငုံးရင်မည်းငှက်လေ့လာခြင်းကို ၂၀၁၀ ပြည့်နှစ်မှ စတင်ကာ ၂၀၁၆ ခုနှစ်အထိ လေညာနှင့် ဝေနံသစ်တောကြိုးဝိုင်းအတွင်း လေ့လာခဲ့ကြသည်။

ထိုသို့ နှစ်စဉ်လေ့လာချက်များအရ ၎င်းတို့နေထိုင်ကျက်စားရာနေရာများသည် သဘာဝတောများအဖြစ်မှ ဆီအုန်းစိုက်ခင်းများ၊ ရော်ဘာစိုက်ခင်းများ၊ ကွမ်းသီးပင်များအဖြစ် အလျင်အမြန် ပြောင်းလဲလာခဲ့ကြောင်း၊ ၁၉၉၉ ခုနှစ်ကတည်းက အစပြုပြောင်းလဲလာခဲ့သော ဆီအုန်းစိုက်ခင်းများသည် ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းတွင် ကုမ္ပဏီကြီးများမှ ဆီအုန်းနှင့် ရော်ဘာပင်များ စိုက်ပျိုးရန် သစ်တော ဧရိယာများကို ပိုမိုချဲ့ထွင်လာခဲ့ကြကြောင်း စသည်ဖြင့် တွေ့ရှိခဲ့ကြသည်။ ပညာရှင်များ၏ လေ့လာသုံးသပ်ချက်များအရ တောင်ငုံးရင်မည်းငှက်များ နေထိုင်ကျက်စားရာနေရာသည် ၈၁ ရာခိုင်နှုန်း (ဧရိယာအားဖြင့် ၃၂၂၅ စတုရန်းကီလိုမီတာမှ ၆၅၆ စတုရန်းကီလိုမီတာခန့်) အထိ ကျဆင်းလာခဲ့သည်ဟု သိရသည်။ ထို့အပြင် အချို့နေရာများတွင် လမ်းဖောက်ခြင်းကဲ့သို့သော လုပ်ဆောင်မှုများ ပြုလုပ်လာခြင်းကြောင့် တောင်ငုံးရင်မည်းငှက်သာမက အခြားသော တောရိုင်း တိရစ္ဆာန်များပါ နေထိုင်ကျက်စားရာနေရာများ ပျောက်ဆုံးလာခဲ့ရသည်။

ထို့ပြင် လေညာနှင့် ဝေနံသစ်တောကြိုးဝိုင်းအတွင်း အမဲလိုက်ခြင်းကြောင့် သားရိုင်းတိရစ္ဆာန်များ အကောင်ရေများ တဖြည်းဖြည်း ကျဆင်းနည်းပါးလာခဲ့ကြောင်း၊ ဒေသခံများသည် တစ်နိုင်တစ်ပိုင် စားဝတ် နေရေးအတွက် သားရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးကြသလို ထိုင်းနိုင်ငံဘက်မှလည်း မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်၍ နို့တိုက်သတ္တဝါများ၊ အောက်ချင်းငှက်များ၊ သင်းခွေချပ်များနှင့် လိပ်များကို ဖမ်းဆီးခြင်းများ လည်းရှိကြောင်း သိရသည်။

တောင်ငုံးရင်မည်းငှက်များသည် အမဲလိုက်မုဆိုးများ ပစ်မှတ်ထားဖမ်းဆီးလိုသော သတ္တဝါမျိုးစိတ်မဟုတ်သော်ငြား သင်းခွေချပ်များကို ဖမ်းဆီးရန် မြေပြင်တွင် ထောင်ချောက်ဖြင့် ထောင်သော အခါတွင် တောင်ငုံးရင်မည်းငှက်များ အဆိုပါထောင်ချောက်တွင်မိကာ ဖမ်းဆီးခံရသည်များလည်း ရှိသည်။

ယခုအခါ မြန်မာနိုင်ငံအတွင်းရှိ တနင်္သာရီတောင်ပိုင်းတွင်သာ တွေ့ရှိနိုင်သော တောင်ငုံးရင်မည်းငှက်မျိုးစိတ်များရှင်သန်ကျက်စားရာ လေညာနှင့် ဝေနံသစ်တောကြိုးဝိုင်းသည် တစ်ကမ္ဘာလုံးတွင် နောက်ဆုံးခံတပ်တစ်ခုသာဖြစ်ကြောင်း၊ နိုင်ငံခြားသား ငှက်သုတေသနပညာရှင်များက အဆိုပါငှက်မျိုးစိတ်အား လာရောက်သုတေသနပြုလေ့လာရန် ကြိမ်ဖန်များစွာ ဆက်သွယ်မေးမြန်းမှုများရှိနေကြောင်း၊ ၂၀၁၆ ခုနှစ်တွင် အကောင်ရေစာရင်း ကောက်ယူခဲ့စဉ်က အဖိုအမကောင်ရေ ၂၀ ခန့် တွေ့ရှိမှတ်တမ်းတင်ထားနိုင်ခဲ့ကြောင်း အဆိုပါ ငှက်မျိုးစိတ်များကို လေ့လာသုတေသနပြုနေသူ ပညာရှင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

### ဦးစားပေးလုပ်ဆောင်လျက်ရှိ

မျက်မှောက်ပစ္စုပ္ပန်ကာလတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ကမ္ဘာတစ်ဝန်း ဦးစားပေးလုပ်ဆောင်လျက်ရှိနေသလို မြန်မာနိုင်ငံ သစ်တောဦးစီးဌာနအနေဖြင့်လည်း အဆိုပါ ရှားပါးတောင်ငုံးရင်မည်းငှက်မျိုးစိတ်များ အသက်ရှင်ရပ်တည်နိုင်ရေးနှင့် ၎င်းတို့၏ နေရင်းဒေသသဘာဝတောများ ထိခိုက်စေသော အခြေအနေမဖြစ်ပေါ်စေရေး ကိစ္စအဝဝကို ဝါသနာတူ၊ စေတနာ တရားရှိကြသူများဖြင့် ဖွဲ့စည်းကာ တောင်ငုံးရင်မည်းငှက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက် အလေးပေးဆောင်ရွက်နေကြောင်း ဝမ်းမြောက်ဖွယ်သတင်းစကား ကြားသိရပါသည်။

သို့ဖြစ်သည်နှင့်အညီ တောင်ငုံးရင်မည်းငှက်မျိုးစိတ်များသည်ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ တစ်နိုင်ငံတည်း၌သာ တွေ့ရှိနိုင်သော ငှက်မျိုးစိတ်တစ်မျိုးဖြစ်ခြင်းကြောင့် အဆိုပါရှားပါးငှက်မျိုးစိတ်များ မြန်မာ့မြေပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်မသွားစေရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့်အတူ လူသားတိုင်းက တာဝန်သိသိ၊ စေတနာရှိရှိဖြင့် ပါဝင်လက်တွဲ ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း စိတ်ရင်းစေတနာအမှန်ဖြင့် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။



# မီးမရှို့ပါနှင့်

အိုင်းရစ်(စ်)



နွေကာလမို့ သစ်ရွက်ခြောက်တို့က မြေပြင်အနှံ့ပြန့်ကျဲလျက်ရှိသည်။ တောင်ယာများ၊ လယ်ကန်သင်းများတွင်လည်း ပေါင်းမြက်ခြောက်တို့ အပုံသား။ တောတောင်များတွင် ရွှေ့ပြောင်းတောင်ယာအတွက် လေသင့်မည့်နေရာကနေ မီးရှို့လိုက်ရန် ပြင်ဆင်နေကြသည်။ မီးရှို့ခြင်းဖြင့် ယင်းအရာတို့ကို ဖြေရှင်းလာခဲ့သည်မှာ ရှေးကပင်ဖြစ်ပါသည်။ သို့သော် တောင်ယာမီးရှို့ခြင်း၊ တောမီးရှို့ခြင်း၊ သစ်ရွက်ခြောက်၊ ပေါင်းမြက်ခြောက်များ မီးရှို့လိုက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့အပေါ် ထိခိုက်လာနိုင်သည်ကိုမူ လျစ်လျူရှုနေကြသည်။ သစ်ရွက်နှင့် သစ်တောများ မီးရှို့ခြင်းသည် သဘာဝဂေဟစနစ်ကို ဆိုးရွားစွာထိခိုက်စေပါသည်။

သစ်ရွက်ခြောက်များကို စုပုံ၍မီးရှို့ပါက ဆိုးရွားသည့် အခိုးအငွေ့များကြောင့် မျက်စိမွန်ခြင်း၊ ယားယံခြင်းနှင့် အသက်ရှူကျပ်ခြင်းတို့ကို ကြုံကြရသည်။ အဘယ်ကြောင့်ဆိုသော် မီးခိုးငွေ့အတွင်း ကာဗွန်ဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနောက်ဆိုက်၊ နိုက်ထရိုဂျင်ဒိုင် အောက်ဆိုက်၊ မီသိန်းတို့ ပါဝင်နေသောကြောင့်ပင် ဖြစ်သည်။ စီးကရက်မီးခိုး၊ အင်ဂျင်မီးခိုးများကဲ့သို့ပင် ယင်းသည်လည်း ကျန်းမာရေးကို ထိခိုက်သည်။ မီးခိုးများကြောင့် အဆုတ်ကင်ဆာဖြစ်ပွားနိုင်သည်။ မီးခိုးငွေ့များက လေထုထဲကို အစုလိုက်အပြုံလိုက် ရောက်ရှိသွားသောကြောင့် လေထုညစ်ညမ်းသည်။ မြေပြင်တွင် မီးရိုက်၍ မြေဆီလွှာဂုဏ်သတ္တိ ဆုံးရှုံးရ၏။ ကာဗွန်မိုနောက်ဆိုက်၊ မီသိန်းစသည်တို့ကြောင့် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များလာပြီး အပူချိန်များမြင့်ကာ ရာသီဥတုဖောက်ပြန်လာရ၏။ ထို့ကြောင့်ပင် သီးနှံများ မဖြစ်ထွန်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပြီး စားနပ်ရိက္ခာရှားပါးခြင်းစသည်ဖြင့် ဆိုးကျိုးများ ဆင့်ကဲကြုံတွေ့နေကြသည်။

ယခုအခါ မရှို့မထွန်အစီအစဉ်များချမှတ်ကာ ပညာပေးနေကြသည်ကို မြင်တွေ့ရသည်။ သစ်ရွက်ခြောက်၊ ပေါင်းမြက်ခြောက်များကို မီးရှို့မည့်အစား သဘာဝအတိုင်းဆွေးမြည့်အောင်ထားကြမည်။ မြေဆွေးဖြစ်လာအောင် စုပုံ၍ ဖုံးအုပ်ပေးခြင်း၊ စိုက်ပျိုးသည့်အခါ ထယ်မထိုး၊ ထွန်မမွှေဘဲ စိုက်ကြောင်းဖော်၍၊ စူးထိုး၍ စိုက်ခြင်းတို့သည် သဘာဝကို ထိန်းသိမ်းရာရောက်သည်။ ရပ်ထဲရွာထဲတွင် ဆွေးမြည့်လွယ်သည့် သစ်ရွက်ခြောက်များကို စုပုံ၍ ရေဖျန်းထားပါက မကြာမီသဘာဝမြေဩဇာဖြစ်ကာ သစ်ပင်ပန်းမန်များတွင် အသုံးပြုနိုင်သလို တောင်ယာမီးရှို့ခြင်း၊ သစ်ရွက်မီးရှို့ခြင်းတို့ကို ရှောင်ကြဉ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာ ရောက်ပါလိမ့်မည်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်းက သစ်တောကြိုးဝိုင်းတွေ

မောင်မောင်သစ်

> ၂၀၁၇ ခုနှစ်ကနေ စတင်ခဲ့တဲ့ သစ်တောပြန်လည် တည်ထောင်ရေး စီမံကိန်းဟာ ဆယ်နှစ်တာ ကြာမြင့်မှာ ဖြစ်ပြီး ၂၀၂၆ ခုနှစ်အထိ ဆောင်ရွက်သွားမှာပါ

နိုင်ငံတော်က နှစ်ရှည်စီမံကိန်းတွေနဲ့ သစ်တောတွေ ပြန်လည်တည်ထောင်ရေးနဲ့ ရှိလက်စ သစ်တောကြိုးဝိုင်းတွေကို ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းစဉ်တွေ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၇ ခုနှစ်ကနေ စတင်ခဲ့တဲ့ သစ်တောပြန်လည်တည်ထောင်ရေး စီမံကိန်းဟာ ၁၀ နှစ်တာကြာမြင့်မှာဖြစ်ပြီး ၂၀၂၆ ခုနှစ်အထိ ဆောင်ရွက်သွားမှာပါ။

ရန်ကုန်တိုင်းဒေသကြီးမှာ သစ်တော ကြိုးဝိုင်း ၁၅ ခု၊ ကြိုးပြင်ကာကွယ်တော ငါးခုရှိပါတယ်။ သစ်တောကြိုးဝိုင်း ၁၅ ခုရဲ့ အကျယ်အဝန်းက ဧက ၂၆၀၀၀၀ ဝန်းကျင်ရှိပြီး ကြိုးပြင်ကာကွယ်တော ငါးခုကတော့ ဧက ၇၀၀၀ နီးပါးရှိပါတယ်။ လှည်းကူးမြို့နယ်အတွင်း ပေါင်းလင်း၊ မဟူရာ၊ ကလီထော်သစ်တောကြိုးဝိုင်းများ၊ တိုက်ကြီးမြို့နယ်အတွင်းက မာဂရီ၊ ဥက္ကံ၊ သပြူ၊ မြောက်လှိုင်ရိုးမ၊ တောင်လှိုင်ရိုးမ၊ လှိုင်ရိုးမတောင်ပေါ်၊ ဝါးနက်ချောင်းနဲ့ အင်းစိန်မြို့နယ် လှော်ကား၊ သန်လျင်မြို့နယ် ဘန့်ဘွေးကုန်း၊ တွံတေးမြို့နယ် ကုန်းတန်းကြိုးဝိုင်းစတဲ့နေရာတွေဟာ သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ထားတဲ့နေရာတွေဖြစ်ပါတယ်။

သစ်တောဦးစီးဌာနကနေ ဓမ္မတာမျိုးဆက်ခြင်း အထောက်အကူပြုလုပ်ငန်း၊ သဘာဝတော တန်ဖိုးမြှင့်စိုက်ပျိုးခြင်းလုပ်ငန်း၊ သစ်တောစိုက်ခင်းတည်ဆောက်ခြင်းလုပ်ငန်း၊ လူထုဖြန့်ပျိုးပင်ဖြန့်ဝေစိုက်ပျိုးခြင်းလုပ်ငန်း၊ ကိုင်းချိုင်ခြင်းနှင့် ရှင်းလင်းခြင်းလုပ်ငန်း၊ ပင်ကျပ်နုတ်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သစ်တော ပြန်လည်ထူထောင်ရေးစီမံကိန်းကာလ တစ်နှစ်ပြီးမြောက်ချိန်တုန်းကတော့ ၂၀၁၈ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးရဲ့ သစ်တောဖုံးလွှမ်းမှုက ၄ ဒသမ ၇၂ရာခိုင်နှုန်းရှိပါတယ်။ သစ်တောကြိုးဝိုင်းတွေအပြင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်း၊ သုံးခွ၊ ကျောက်တန်းနဲ့ ကွမ်းခြံကုန်းမြို့နယ်တွေမှာရှိတဲ့ မုတ္တမပင်လယ်ကွေ့ကမ်းတက်မြေတစ်လျှောက် ဒီရေတောကြိုးပြင်ကာကွယ်တောတွေကိုလည်း ဆောင်ရွက်လျက်ရှိနေပါတယ်။

# ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အာဆီယံလူငယ်များ၏ တင်ပြဖော်ထုတ်ခြင်းအစီအစဉ် ပါဝင်လိုသူများ ဆက်သွယ်မေးမြန်းနိုင်

နေပြည်တော် မတ် ၂၈

ဥရောပသမဂ္ဂ ( European Union)၏ ပံ့ပိုးကူညီမှုဖြင့် Biodiversity Conservation and Management of Protected Area in ASEAN (BCAMP) နှင့် ASEAN Center for Biodiversity(ACB)တို့မှ ကြီးမှူးကျင်းပသည့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အာဆီယံလူငယ်များ၏ တင်ပြဖော်ထုတ်ခြင်းအစီအစဉ် ( Young ASEAN Storytellers Programme) အား ၂၀၂၂ ခုနှစ် ဇွန်လမှ ဒီဇင်ဘာလအထိ ကျင်းပသွားမည်ဖြစ်သည်။

အစီအစဉ်တွင် ပါဝင်လိုသောလူငယ်ပညာရှင်များအနေဖြင့် ၂၀၂၂ ခုနှစ် မတ် ၃၁ ရက် နောက်ဆုံးထား၍ Online Application Channel https://aybp.asean biodiversity.org/yas မှတစ်ဆင့် လျှောက်ထားနိုင်ပြီး ပါဝင်လိုသူများသည် အသက် (၁၈)နှစ်မှ အသက် (၃၅)နှစ်ကြား အာဆီယံနိုင်ငံသားဖြစ်ရမည်။ ထို့ပြင် သက်ဆိုင်ရာ ဒေသဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားတို့အား ကျွမ်းကျင်ပိုင်နိုင်စွာပြောဆို၊ ရေးသားနိုင်၍ အစီအစဉ်အားလုံးတွင် ပါဝင်ဆောင်ရွက်နိုင်သူ (လူကိုယ်တိုင်ပါဝင်ခြင်း/ Online မှတစ်ဆင့် ပါဝင်ခြင်း) ဖြစ်ရမည်။

အစီအစဉ်တွင် အာဆီယံနိုင်ငံများမှ လူငယ်နှစ်ဦးစီအားရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသည့် လူငယ်များသည် မိမိတို့နိုင်ငံအတွင်းရှိ အာဆီယံအမွေအနှစ်ဥယျာဉ် (ASEAN Heritage Park–AHP) များ၌ တိရစ္ဆာန်မျိုးစိတ်များ၊ အပင်မျိုးစိတ်များ၊ သဘာဝအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ပေးနေပုံကို ဓာတ်ပုံဖြင့်ဖြစ်စေ၊ ဗီဒီယိုဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ အနုပညာလက်ရာဖန်တီးမှုတစ်ခုခု (ပန်းချီ/ လက်မှုပညာ) ဖြင့်ဖြစ်စေ၊ အခြားဖန်တီးမှုတစ်ခုခု (ဥပမာ–ပုံရိပ်ယောင် နည်းပညာ/ ကာတွန်း/ အချက်အလက်များဖြင့်တင်ပြခြင်း) ဖြင့်ဖြစ်စေ အာဆီယံပြည်သူလူထုထံသို့ သတင်းမီဒီယာများမှတစ်ဆင့် ပြန်လည်မျှဝေပေးရမည်ဖြစ်သည်။

ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အာဆီယံလူငယ်များ၏ တင်ပြဖော်ထုတ်ခြင်းအစီအစဉ်ပါဝင်လိုသူများအနေဖြင့် အစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို https://aybp.asean biodiversity.org/yas တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်မေးမြန်းလိုပါက လူငယ်ရေးရာဦးစီးဌာန၊ ဖုန်းနံပါတ် ၀၉–၄၃၁၃၉၄၂၂ ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

**ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။**

# မြန်မာ့ပင်လယ်ပြင်တွင် ရေသယံဇာတထုတ်ယူနိုင်သည့် ပမာဏထက် ပိုမိုထုတ်ယူသုံးစွဲနေသည့်အတွက် ရေသယံဇာတများ ရှားပါးလာ

မြိတ် မတ် ၂၈

မြန်မာ့ပင်လယ်ပြင်အတွင်းရှိ သယံဇာတများဖြစ်သော ငါး၊ ပုစွန်နှင့်အခြား ရေသတ္တဝါများကို အလွန်အကျွံထုတ်ယူသုံးစွဲမှုများရှိခဲ့သည့်အတွက် နှစ်ပေါင်း ၄၀ ခန့်အတွင်း ရေသယံဇာတများ ရှားပါးလာကြောင်း သိရသည်။

ထိုသို့ ပင်လယ်ပြင် ရေသယံဇာတများကို ထုတ်ယူနိုင်သည့်ပမာဏထက် ပိုမိုထုတ်ယူသုံးစွဲနေသည့်အတွက် သယံဇာတများ တဖြည်းဖြည်းလျော့နည်းရှားပါးလာကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မြန်မာ့ပင်လယ်ပြင် သယံဇာတတွေကို ၁၉၇၉ ခုနှစ်က တိုင်းထွာခဲ့တဲ့ ရလဒ်အရဆိုရင် တန်ချိန်အားဖြင့် ခုနစ်သိန်းခွဲလောက် တည်ရှိခဲ့ပါတယ်။ နောက်ဆုံး ၂၀၁၃ နဲ့ ၂၀၁၈ ခုနှစ်က ပြန်လည်တိုင်းထွာခဲ့တဲ့ ရလဒ်အရ တန်ချိန် ၃၁၀၀၀၀ လောက်ပဲရှိတော့တာတွေ့ရပါတယ်။ ရေအောက်လွှာအနေနဲ့ဆိုရင် ၆၀ ရာခိုင်နှုန်းလောက်လျော့နည်းသွားတာတွေ့ရတယ်။ ရေပေါ်အလွှာအနေနဲ့ဆိုရင် ၁၉၇၉ ခုနှစ်က တိုင်းထွာမှုအရ တန်ချိန် ၁၀ သိန်းလောက် ရှိခဲ့တယ်။ အခု ၂၀၁၈ ခုနှစ်မှာ ပြန်ပြီးတိုင်းတာခဲ့တဲ့အခါမှာတော့ တန်ချိန် ၁၆၀၀၀၀ လောက်ပဲရှိပါတော့တယ်။ သယံဇာတတည်ရှိမှုအနေနဲ့ဆိုရင် ၈၀ ရာခိုင်နှုန်းလောက်ကို လျော့နည်းသွားပါတယ်" ဟု မြိတ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်မင်းဦးက ပြောသည်။

ရေသယံဇာတများကို ထုတ်ယူသုံးစွဲနိုင်သည့် ပမာဏထက်ကျော်လွန်ပြီးသုံးစွဲနေသည့်အတွက် ရေအောက်သယံဇာတ ၆၀ ရာခိုင်နှုန်းနှင့်ရေပေါ်သယံဇာတ ၈၀ ရာခိုင်နှုန်း ပြုန်းတီးသွားခဲ့ကြောင်း၊ ၁၉၇၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ မြန်မာ့ပင်လယ်ပြင်အတွင်း ရေသယံဇာတများ တည်ရှိနေမှုကို သုတေသနသုံးကြိမ် ပြုလုပ်ခဲ့ပြီး



ရေပေါ်ရေအောက်များတွင် ထုတ်ယူနိုင်သည့်ပမာဏထက် ပိုမိုထုတ်ယူနေကြသည့်အတွက် နိုင်ငံတကာက သတိပေးထားမှုများရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှထွက်ရှိသော ရေသယံဇာတများကို ထိုင်းနိုင်ငံ ရနောင်းမြို့ ငါးဈေးကွက်သို့ ခေတ်အဆက်ဆက် တင်ပို့ရောင်းချနေရသည်။ တိုင်းဒေသကြီးအတွင်း ကမ်းဝေးငါးဖမ်းလှေအစင်းရေ ၁၅၀၀ ကျော်ရှိပြီး မြိတ်ခရိုင်တွင် လိုင်စင်ပြုလုပ်ထားသည့် ကမ်းနီးငါးဖမ်းအစင်းရေ ၆၀၀၀ ကျော်ရှိကာ ရေထွက်သယံဇာတများ ထုတ်ယူနိုင်သည့် ပမာဏထက် ဖမ်းဆီးသည့်ပမာဏက ပိုများနေသည့်အတွက် လိုင်စင်အသစ်များ ထုတ်ပေးထားခြင်း မရှိတော့ဘဲ ထုတ်ပေးပြီးသားလိုင်စင်အဟောင်းကို သက်တမ်းတိုးပေးခြင်းသာ ဆောင်ရွက်ပေးနေကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

မြင့်ဦး(မြိတ်)

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ ရေနံစိမ်း၊ မော်တော်ယာဉ်နှင့် လိုင်စင်မဲ့ဆိုင်ကယ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၈

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၂၅ ရက်က ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျိုင်းတုံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ ကျိုင်းဖောင်းဂိတ်အနီးတွင် ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ ထွက်ခွာမည့် ကုန်တင်ယာဉ်တစ်စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကြက်သွန်ဖြူ အိတ် ၁၄၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် (၁၂)ဘီး ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၈၀၀၀၀၀) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၂၆ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကျိုင်းတုံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ ကျိုင်းဖောင်းဂိတ်အနီးတွင် ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ ထွက်ခွာမည့် မော်တော်ယာဉ် တစ်စီးပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၄၀၀၀၀) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူ**

ထို့အပြင် မတ် ၂၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကရင်ပြည်နယ် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ကုန်တင်ယာဉ် နှစ်စီးပေါ်တွင် သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်း မရှိသည့် လေအေးပေးစက်၊ လျှပ်စစ်ထမင်းပေါင်းအိုးနှင့် ဖိနပ်မျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၀၀၀၀) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်တွင် သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည့်ပစ္စည်းများနှင့်အတူ ရောနှောတင်ဆောင်လာသော စားသောက်ကုန်များ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၆၆၈၀၀) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးခရိုင် မင်းဘူးမြို့နယ်အတွင်း တရားမဝင် ရေနံစိမ်း ၃၈ ဂါလန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၄,၄၇၀) ဖမ်းဆီးရမိခဲ့ပြီး ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မတ် ၂၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင် သစ်မျိုးစုံ (၄၁ ဒသမ ၆၁၃၆) တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၈,၀၁၀,၈၆၀) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ပူးပေါင်းစစ်ဆေးရေးအဖွဲ့ စစ်ဆေး**

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကသာခရိုင် ထီးချိုင့်မြို့နယ်အတွင်း လိုင်စင်မဲ့ SHAYAN –125 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ YINXING –125 အမျိုးအစား ဆိုင်ကယ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀) ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း၊ သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ကသာခရိုင် ဗန်းမောက်မြို့နယ်အတွင်း စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင် ကျွန်းခွဲသား (၁ ဒသမ ၃၀၉၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၂၇၀၀) သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၉၂၇၀၀) ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၂၅ ရက်၊ ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၈၀၄၈၃၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်






# အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် မတ် ၂၈

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်တစ်သက်ကျခံရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ကန်စွယ်ရွာနေ မမော်မော်လွင်(ခ)ဇင်မာဌေး(ခ)အားလီ က မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်နေ မ---- (၂၉ နှစ်)ကို တရုတ်နိုင်ငံရှိ မြီးရှည်ဆိုင်တွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ယွမ် ၁၃၀၀ ရမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ကာ တရုတ်အမျိုးသားနှင့် အဓမ္မလက်ထပ်ရန် ရောင်းစားပြီး ငွေကြေးအကျိုးအမြတ်များရယူခဲ့သဖြင့် စလင်းမြို့နယ် လင်းဇင်းနယ်မြေရဲစခန်း (ပ) ၄ / ၂၀၂၀၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်၍ မင်းဘူးခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားခံ မမော်မော်လွင်(ခ) ဇင်မာဌေး (ခ)အားလီ သည် လွယ်ဂျယ်နယ်မြေရဲစခန်း (ပ) ၆/ ၂၀၂၀၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံနေရပြီး လူကုန်ကူးမှုအား ထပ်မံကျူးလွန်သူဖြစ်၍ မတ် ၂၄ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၁ အရ ထောင်ဒဏ်တစ်သက် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၃-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရွှေ့သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ဒီမိုကရေစီဆိုသည်မှာ
**၀၉:၃၀** ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ **'အင်္ဂလိပ်စာဘာသာရပ်'**
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** မြန်မာ့ရှေးဟောင်းပေ၊ ပုရပိုက်အကြောင်း သိမှတ်ဖွယ်ရာ
**၁၃:၃၀** MRTV National News
**၁၆:၃၅** ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ **'တတွင်ဗေဒဘာသာရပ်'**
**၁၇:၁၅** ကုန်ကြမ်းမှသည်ကုန်ချောဆီသို့
**၁၇:၃၀** မြန်မာနိုင်ငံ၏မြို့တော်နေပြည်တော် (အပိုင်း-၆)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ငအောင်ပွဲမဏ္ဍိုင် ရင်ဆိုင်ချီတက်'** (အပိုင်း-၁၇)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'တားဆီးကျော်ဖြတ် စုံစမ်းဖော်ထုတ်'** (အပိုင်း-၃)
**၂၂:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း **'လှူဖို့'**

**mitv**

**07:01** Parami Taw (Hnin Hnin Htoo)
**07:08** Aesthetic Painting on Pathein Umbrella
**07:22** Secret Recipes by Gourmet Chefs (Thai)
**07:54** Dances of Myanmar: Rvwang Traditional Dance
**08:01** Healthy Diet: Fasting Diet
**08:10** Great Shwedagon - The Architectural Heritage
**08:36** Home for the Beautiful Star Tortoises
**08:52** Gardener: Rose Plantation
**09:01** News
**09:27** Global Partnership for Brighter Future: Niger Pavilion at Expo 2020 Dubai
**09:34** Skilful Marionette Performance of New Generation Artistes
**09:49** 6th Anniversary of the Mekong-Lancang Cooperation

**MRTV NRC**

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်ရိုးရာဝတ်စုံ လက်ရက်ကန်းလုပ်ငန်း

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ရောဝတီရဲ့အရိုင်းဆန်တဲ့အလှ ဂေါ်ရန်ဂျီ (အပိုင်း-၁)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ရေကည္ဆွတ်ဟင်း

**ချင်း (လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)**
သင်မယ်၊ ရေးမယ် တို့ချင်းစာ (အပိုင်း-၄၉)

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၃)

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ဓါတ်တော်ချိုင့်ရေတံခွန်သို့ အလည်တစ်ခေါက်

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၂)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ညှိသည်လာရင်ပြန်မှာစိုးရိုးသားတဲ့လူမျိုး

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ရေခြားမြေကွာအခက်အခဲများစွာကြားမှ ကျရာတာဝန်ကျေပွန်ကြသူများ (အပိုင်း-၅)

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၅)

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
အစာသည်ဆေး ဆေးသည်အစာ အစားမှားရင်တော့ဘေး

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၂၀** သမိုင်းကိုမြင်နိုင်သည့်ယဉ်ကျေးမှုအမွေ

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'တစ်လင်နှင့်တစ်မယား'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆)
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၆)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၇:၀၀** အသေးစားလုပ်ငန်းထုထောင်ရေးမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုဆီသို့
**၀၇:၅၅** တောင်သူ့ဘဝသုတကမ္ဘာ
**၀၈:၃၀** မြနန္ဒီသီးနှံအခြောက်ခံစက်ရုံ
**၀၉:၁၅** တစ်ပိုင်တစ်နိုင်ဇီဝဓာတ်ငွေ့ထုတ်လုပ်ခြင်း
**၀၉:၃၅** ကျန်းမာသုခဝင်ငွေရတဲ့ မိသားစုဘဝလေးတည်ထောင်စို့

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# သီပေါ ကျောင်းစုကျေးရွာ ရှေးဟောင်းမဟာဘဏ္ဍာမုနိစေတီ ပြန်လည်ပြုပြင်မွမ်းမံမည်

**သီပေါ မတ် ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ကျောင်းစုကျေးရွာ ဘဏ္ဍာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ရှေးမင်းအဆက်ဆက်နှင့် ရှမ်းစော်ဘွားများ တည်ထားကိုးကွယ်ခဲ့သည့် ရှေးဟောင်းမဟာဘဏ္ဍာမုနိစေတီတော်မြတ်ကြီးအား အသစ်တစ်ဖန် ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ မိလိန္ဒ အရှင်သူမြတ်နှင့် ဆရာတော် သံဃာတော်များဦးဆောင်ကာ အနေကဇာ တင်ခြင်းနှင့် မြေသန့်မင်္ဂလာဆင်ယင်ကျင်းပသည်။

အဆိုပါ ရှေးဟောင်းမဟာဘဏ္ဍာမုနိစေတီတော်ကြီးမှာ နှစ်ပေါင်းများစွာ ကြာမြင့်သည့်အလျောက် လေဒဏ်၊ မိုးဒဏ်များကြောင့် ပြိုကျပျက်စီးလျက်ရှိသဖြင့် မဟာနန္ဒာကန်သာကျောင်းတိုက် ပဓာနနာယက ဆရာတော် သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တဇာနေယျ ဦးဆောင်မှုဖြင့် စေတီတော်အမြင့် ၄၂ ပေမှ ၇၂ ပေအထိ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်မည်ဖြစ်သဖြင့် ကုသိုလ်ယူပါဝင်လှူဒါန်းလိုကြသော အလှူရှင်များအနေဖြင့် မဟာနန္ဒာကန်သာကျောင်းတိုက် ဆရာတော် အရှင်သူမြတ် ဖုန်း ၀၉-၄၀၃၇၉၉၉၀၁ နှင့် ဂေါပကအဖွဲ့ဝင် ၀၉-၇၇၅၈၅၈၁၂၄ (KP) သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မစားရဝခမန်း မက်လုံးပေးပြီး ဝန်ထမ်းများအပေါ် CDM လုပ်ဖို့ အယုံသွင်းနေကြသော ဒုက္ခတွင်းထဲက ဘုံပျောက်နေတဲ့ အစွန်းရောက်ပြည်ဖျက်မိစ္ဆာများ"** ခေါင်းစဉ်ဖြင့် မတ် ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဆူးကြားက ဘူးခါး (သို့မဟုတ်) EPC"** နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈-၃-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၂၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၂၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၈၀/၂၂၀၀ ကျပ် | ၂၂၀၀/၂၂၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၉၀/၂၂၁၅ ကျပ် | ၂၂၂၅/၂၂၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၀၀/၂၀၅၅ ကျပ် | ၂၀၈၀/၂၁၀၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၉၅/၂၁၃၅ ကျပ် | ၂၂၁၀/၂၂၄၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | | |
|---|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ | . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၄၇ | . ၄ |
| စင်္ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၆ | . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ | . ၆၈၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၃၅ | . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၁ | . ၀၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၈ | . ၉၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ | . ၃၂၄ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၈၀၀ | ၇၉၀၀ | ၁၂၉ | ၁၀၁၈၉၀၀ |
| MTSH | ၂၈၅၀ | ၂၈၀၀ | ၂၀၃ | ၅၆၈၅၅၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၁ | ၇၇၀၀ |
| FPB | ၁၈၅၀၀ | ၁၈၅၀၀ | ၂၈၉ | ၅၃၄၆၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၄၃၂ | ၁၁၄၄၈၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၁၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းရှိ Puma ဆီသိုလှောင်ရုံအား ဖောက်ခွဲရန် လုပ်ဆောင်နေသည့် တရားခံများ ဖမ်းဆီးရမိမှု




❖ *ကျောဖုံးမှ*

နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းရှိ Puma လေယာဉ်ဆီ သိုလှောင်ရုံအား ဒရုန်းဖြင့် ဖောက်ခွဲရန် စီစဉ်လျက်ရှိသော **ကျော်ဇင် (ခ) ကိုကျော်** (၄၁)နှစ်ကို ရွှေပေါက်ကံမြို့သစ် (၁၉)ရပ်ကွက်၌ DJI အမျိုးအစား ဒရုန်း တစ်စင်း၊ ၉ မမ ကျည်အတောင့် ၆၀၊ လက်ပစ်ဗုံး နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ကျော်ဇင် (ခ)ကိုကျော်**၏ ထွက်ဆိုချက်အရ မွန်းလွဲပိုင်းတွင် ရွှေပေါက်ကံမြို့သစ် (၁၄)ရပ်ကွက်၌ **ချစ်သက်ဦး** (၃၁)နှစ်ကို ဖမ်းဆီးရမိခဲ့သည့်အပြင် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ဉာဏရပ်ကွက်၌ လက်လုပ်သေနတ်နှင့် မိုင်းများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသဖြင့် မွန်းလွဲပိုင်းတွင် ဆက်လက်သွားရောက်ရှာဖွေ ဖမ်းဆီးခဲ့ရာ **ဉာဏ်ထွန်းအောင် (ခ) လုံးလုံး** (၂၂)နှစ်၊ **မျိုးသီဟဇော်** (၂၉)နှစ်၊ **ချမ်းထက်အောင်** (၂၃) နှစ်တို့ သုံးဦးကို လုပ်လက်စ လက်လုပ်သေနတ် နှစ်လက်၊ လက်လုပ်သေနတ်ကိုယ်ထည် ရှစ်ခု၊ ၉ မမ ကျည် ၃၅ တောင့်၊ လက်လုပ်သေနတ်နှင့် လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် ဆက်စပ်တရားခံများဖြစ်သည့် **ထွေးထွေးအောင်** (၃၁) နှစ်ကို တောင်ကြီးမြို့ ရတနာသီရိရပ်ကွက်၌ လည်းကောင်း၊ **ဖြိုးသူစိုး(ခ)ဂျက်လီ**(၂၅) နှစ်၊ **နေလင်းဦး**(၂၆)နှစ်တို့ နှစ်ဦးတို့ကို မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက်၌ လည်းကောင်း၊ မတ် ၂၃ ရက်တွင် **နိုင်ဝင်းထူး** (၂၉)နှစ်ကို မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက်၌လည်းကောင်း၊ **အောင်ကိုကိုခန့်**(၂၈)နှစ်ကို တောင်ကြီးမြို့ လမ်းမတော်ရပ်ကွက်၌လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ အမျိုးသား ကိုးဦး၊ အမျိုးသမီး တစ်ဦး ပေါင်း ၁၀ ဦးတို့ကို DJI အမျိုးအစား ဒရုန်းတစ်စင်း၊ လက်ပစ်ဗုံး နှစ်လုံး၊ ၉ မမကျည် ၉၅ တောင့်၊ လုပ်လက်စ လက်လုပ်သေနတ် နှစ်လက်၊ လက်လုပ်သေနတ် ကိုယ်ထည် ရှစ်ခု၊ လက်လုပ်သေနတ်နှင့် လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ၂၀၂၁ ခုနှစ် မေလခန့်တွင် **ဖြိုးသူစိုး(ခ) ဂျက်လီ**သည် KNU တပ်မဟာ(၃) နယ်မြေ၌ အကြမ်းဖက်ဖောက်ခွဲရေး သင်တန်း တက်ရောက်ခဲ့ပြီး ဇူလိုင်လတွင် မြောက်ဥက္ကလာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အား **ကျော်ဇင်(ခ) ကိုကျော်** ဦးဆောင်၍ **ဖြိုးသူစိုး(ခ) ဂျက်လီ၊ ချစ်သက်ဦး၊ နေလင်းဦး၊ နိုင်ဝင်းထူး၊ ဘုန်းကျော်၊ ဇေယျာထွန်း**နှင့် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ကိုဇေ(ခ)ကျော်ဇေယျ၊ ကျော်ကို၊ ကျော်ကျော်မိုး၊ ဇော်ကြီး၊ ပြည့်ဖြိုးကို၊ သားကြီး** တို့ဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ ထို့အပြင် အောက်တိုဘာလခန့်မှစ၍ **ကျော်ဇင်(ခ)ကိုကျော်** ဦးဆောင်၍ **ဉာဏ်ထွန်းအောင်၊ မျိုးသီဟဇော်** နှင့် **ချမ်းထက်အောင်**တို့သည် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ရှိ **ဉာဏ်ထွန်းအောင်**၏ နေအိမ်၌ လက်လုပ်သေနတ်နှင့် လက်လုပ်မိုင်းများ ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **ထွေးထွေးအောင်၊ ကျော်ဇင် (ခ)ကိုကျော်၊ ချစ်သက်ဦး (ခ) သူရ** တို့သည် KNLA တပ်မဟာ(၇)နယ်မြေ၌ ထွက်ပြေး တိမ်းရှောင်လျက်ရှိသည့် NUG အကြမ်းဖက်အဖွဲ့ဝင် **စိုးသူရထွန်း**နှင့် ချိတ်ဆက်၍ အများပြည်သူ ထိခိုက်နစ်နာစေရန်နှင့် လေယာဉ်များ ပျံသန်းရာတွင် လေယာဉ်ဆီ အခက်အခဲများ ဖြစ်ပေါ်စေရန် ရည်ရွယ်ပြီး ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းရှိ Puma လေယာဉ်ဆီ သိုလှောင်ရုံအား ဒရုန်းဖြင့် ဖောက်ခွဲရန် စီစဉ်ခဲ့ကြောင်း၊ အကြမ်းဖက် ဖောက်ခွဲမှုများ ဆောင်ရွက်ရန် လိုအပ်သော DJI ဒရုန်း တစ်စင်းကို ဝယ်ယူရန်အတွက် လိုအပ်သောငွေကြေးများကို စင်ကာပူနိုင်ငံနေ ဖမ်းဆီးရန်ကျန် တရားခံ **အိုင်းရင်း**က ထုတ်ပေးခဲ့ကြောင်းနှင့် **စိုးသူရထွန်း**က ပို့ဆောင်ပေးမည့် ဖောက်ခွဲရေးအတွက် လိုအပ်သော ယမ်းနှင့်ဆက်စပ်ပစ္စည်းများအား စောင့်ဆိုင်းနေစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။



၁၅-၂-၂၀၂၂ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (၁၆)ရပ်ကွက်ရှိ လျှပ်စစ်ရုံးရှေ့၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

မြောက်ဥက္ကလာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့သည် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန် ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု ငါးကြိမ် ကျူးလွန်ခဲ့ကြောင်း–

- ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (၁၆) ရပ်ကွက်ရှိ လျှပ်စစ်ရုံးကို လည်းကောင်း။
- ဖေဖော်ဝါရီ ၂၁ ရက်တွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်ဝင်း အနီး၌ လည်းကောင်း။
- ဖေဖော်ဝါရီ ၂၆ ရက်တွင် မြောက်ဥက္ကလာပ မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်း ကျောင်းဝင်း အနီး၌ လည်းကောင်း။
- မတ် ၅ ရက်တွင် သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၄)ရပ်ကွက် ဘော်စင် လမ်းသွယ်(၂)ရှိ အပြစ်မဲ့ပြည်သူ တစ်ဦး၏ နေအိမ်ကို လည်းကောင်း။
- မတ် ၁၇ ရက်တွင် မှော်ဘီမြို့နယ် မြောင်းတကာ ကျေးရွာရှိ အပြစ်မဲ့ ပြည်သူ တစ်ဦး၏ နေအိမ်ကို လည်းကောင်း လက်လုပ်ဗုံးဖြင့် ဖောက်ခွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

*စာမျက်နှာ ၂၁ သို့*



၂၁-၂-၂၀၂၂ ရက်တွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်ဝင်းအနီး၌ ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၂၆-၂-၂၀၂၂ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝင်းအနီး၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




၅-၃-၂၀၂၂ ရက်တွင် သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၄)ရပ်ကွက် ဘော်စင်လမ်းသွယ် (၂)ရှိ အပြစ်မဲ့ပြည်သူတစ်ဦး၏ နေအိမ်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၁၇-၃-၂၀၂၂ ရက်တွင် မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာရှိ အပြစ်မဲ့ပြည်သူတစ်ဦး၏ နေအိမ်၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၈**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်နေ တေဇာအောင်(ခ) တတ (၃၃)နှစ်နှင့် ၎င်း၏ညီမဖြစ်သူ အိမ့်မှူးကျော် (၂၀)နှစ်တို့ နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် “TA TA” Facebook အကောင့်နှင့် “Eaint Kyaw Hmue IV” Facebook အကောင့်များဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ အောင်ဆန်းရပ်ကွက်နေ ဇာနည်ကျော်မြင့် (ခ) ကတုံး (၃၂)နှစ်သည် ၎င်းအသုံးပြုသည့် “Zar Ni Kyaw Myint” Facebook အကောင့်ဖြင့်လည်းကောင်း အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အနာဂတ် လူငယ်လူရွယ်များ ပညာရည်မြင့်မားရေးအတွက် စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်ကို မလိုလားသည့် အကြမ်းဖက်သမားများက ပညာရေးဆိုင်ရာ အဆောက်အဦများအား မိုင်းထောင်ဖောက်ခွဲပစ်ခတ်ခြင်းများပြုလုပ်

**နေပြည်တော် မတ် ၂၈**

အနာဂတ် လူငယ်လူရွယ်များ ပညာရည် မြင့်မားရေးအတွက် စာသင်ကျောင်းများ ဖွင့်လှစ်၍ စာပေ သင်ကြားပေးလျက်ရှိသည်ကို လိုလားမှုမရှိသည့် နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် ဆရာ ဆရာမများအား ခြိမ်းခြောက်ခြင်း၊ ရက်စက်စွာ သတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ ရုံးဌာနများနှင့် စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လျက်ရှိရာ မတ် ၂၇ ရက် နံနက် ၃ နာရီ ၁၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက် နယ်မြေ (၆)ရှိ မုံရွာစီးပွားရေး တက္ကသိုလ်အား PDF အမည်ခံ အကြမ်းဖက်သမား (စိစစ်ဆဲ)တို့က စီးပွားရေးတက္ကသိုလ်၏ အရှေ့ဘက်ကိုက် ၃၀၀ ခန့်အကွာမှ လက်လုပ်စိန်ပြောင်းဖြင့် သုံးချက်ပစ်ခတ်ခဲ့ရာ နှင်းဆီအဆောင် အခန်းအမှတ်(၃) လူနေအိမ်အဆောက်အဦ၏ အမိုးနှင့် မျက်နှာကြက်တို့ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရှိရသည်။



မြောက်ဥက္ကလာပမြို့နယ်၌ မြို့နယ်ပညာရေးမှူးရုံးအား လာရောက်ပစ်ပေါက်ခဲ့သည့် လက်လုပ်ဗုံး။

အလားတူ မတ် ၂၇ ရက် ညနေ ၅ နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ် (ဆ)ရပ်ကွက် သုခမိန်လမ်းပေါ်ရှိ မြို့နယ်ပညာရေးမှူးရုံးအား ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်သမား အမျိုးသားနှစ်ဦးက လက်လုပ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ လက်လုပ်ဗုံးမှာ မြို့နယ်ပညာရေးမှူးရုံး အရှေ့ခြံစည်းရိုးအပြင် ပလက်ဖောင်းအနီး ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အဦ ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရသည်။

ထိုကဲ့သို့ ကလေးသူငယ်များ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည်ကို မလိုလားဘဲ နိုင်ငံ့ဝန်ထမ်းပီသစွာ စာပေသင်ကြားပေးလျက်ရှိသည့် ဆရာ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်ခြင်းနှင့် ပညာရေးဆိုင်ရာ အဆောက်အဦများကို ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိရေးနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မုံရွာမြို့စီးပွားရေးတက္ကသိုလ်အား PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ။

*စာမျက်နှာ ၂၀ မှ*

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိ တရားခံများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေ သူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာ နေထိုင်မှုသတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**


**ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။**

**ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။**


●*ကျောဖုံးမှ*

ယှဉ်ပြိုင်ပြီး နောက်ပိုင်းယခုနှစ်မှ အောင်ဖြိုးယှဉ်ပြိုင်ရန် ရွေးချယ်ခံရသဖြင့် ပြန်လည်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ အာရှဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် ယခုလအတွင်း ကာတာနိုင်ငံ၌ ကျင်းပသည့် ၂၀၂၂ အာရှဘီလိယက်နှင့် စနူကာချန်ပီယံရှစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိသည့် ကစားသမားများ ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး မြန်မာကစားသမားအောင်ဖြိုး ပါဝင်ခဲ့ခြင်းဖြစ်သည်။

**ပူးတွဲတတိယဆုရရှိ**

အာရှဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် အောင်ဖြိုးနှင့်အတူ အခြားကစားသမား အချို့လည်း ရွေးချယ်ခံထားရသည်။ အောင်ဖြိုးသည် ယခုလအတွင်း ကျင်းပသည့် ကမ္ဘာ့စနူကာချန်ပီယံရှစ်ပြိုင်ပွဲနှင့် အာရှစနူကာချန်ပီယံရှစ် ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အာရှပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိခဲ့သည်။ ထို့ကြောင့် အာရှဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်က ရွေးချယ်သည့် လူစာရင်းတွင် ပါဝင်လာခြင်းဖြစ်သည်။

**တစ်ကျော့ပြန်ရွေးချယ်ခံ**

အောင်ဖြိုးသည် မြန်မာ့လက်ရွေးစင် စနူကာကစားသမားအဖြစ် တစ်ကျော့ပြန်ရွေးချယ်ခံထားရသူဖြစ်ပြီး မေလတွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရဲရင့်လွင်**

# ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ပထမအသုတ် ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/ လုပ်ငန်းများ

*ယမန်နေ့မှအဆက်*

| စဉ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| ၅၃၄ | "ကိုကိုနိုင်" မင်္ဂလာစည်တော် ဦးသန်းနိုင် | ကြာနီကန်ရပ်ကွက်၊ ရွှေတောင်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၃၅ | "ရွှေပြည်ဟိန်း" မင်္ဂလာစည်တော် ဦးမောင်မောင်တုတ် | ကြာနီကန်ရပ်ကွက်၊ ရွှေတောင်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၃၆ | "စူပါဗိုလ်ဟိန်း"မင်္ဂလာဆိုင်း ဦးဉာဏ်ဟိန်း | ဆံတော်နယ်မြေ၊ နဂါးလိမ်တန်း၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၃၇ | "ဇော်ဝင်းနိုင်" မင်္ဂလာဆိုင်း ဦးမြစန်း | ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၃၈ | "ထာဝရသစ္စာ" အငြိမ့် ဦးမြတ်လင်း | ဖက်တန်းရပ်၊ ရွာဘဲ၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၃၉ | "အောင်ရတနာ" မင်္ဂလာစည်တော် ဦးမြင့်အောင် | ကြာနီကန်ရပ်ကွက်၊ စိန်ဇေရပ်လမ်း၊ ရွှေတောင်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၄၀ | "ပေါက်ကျော်မ" မင်္ဂလာဆိုင်း ဒေါ်သန်းသန်းအေး | ဥသျှစ်ပင်ရွာ၊ ပန်းတောင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၄၁ | "စိန်ကိုမြင့်" နတ်ဆိုင်း ဦးမြင့်သောင်း | ဥသျှစ်ပင်ရွာ၊ ပန်းတောင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၄၂ | "စိန်တင်စိုး" နတ်ဆိုင်း ဦးတင်စိုး | သစ်စိမ့်ပင်ရွာ၊ ပန်းတောင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၄၃ | "ဇေယျာရွှေ" နတ်ဆိုင်း ဦးတင်ရွှေ | လဲကျေးရွာ၊ ပန်းတောင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၄၄ | "ပိုင်ပိုင်" ကန္နားစီးဒေဝါ ဦးစန်းလှိုင် | ကျားအိုရွာ၊ ပန်းတောင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၄၅ | "တွယ်တာမောင်" ကန္နားစီးဒေဝါ ဦးကျော်သီဟ | ဥသျှစ်ပင်ရွာ၊ ပန်းတောင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၄၆ | "လင်းလင်း" ကန္နားစီးဒေဝါ ဦးလင်းနိုင်ကျော် | ဥသျှစ်ပင်ရွာ၊ ပန်းတောင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၄၇ | "ဦးသိန်းနိုင်" နတ်သဘင် ဦးသိန်းနိုင် | အင်းတိုင်ပုကျေးရွာ၊ နတ်တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၄၈ | "ဦးရွှေပန်" နတ်ဒေဝါ ဦးရွှေပန် | နတ်သျှင်နောင်လမ်း၊ ရွာမရပ်ကွက်၊ နတ်တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၄၉ | "ဦးသိန်းစိုး" နတ်ဒေဝါ ဦးသိန်းစိုး | ဝက်ပုတ်၊ ရွာမရပ်ကွက်၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၀ | "ကျော်မင်းဝင်း" နတ်သဘင် ဦးဝင်းစိုး | ပေါင်းတည်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၁ | "ဦးလှကြည်" နတ်ဒေဝါ ဦးလှကြည် | သရက်ကုန်းကျေးရွာ၊ နတ်တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၂ | "ဇော်ဝင်းထွန်း" နတ်သဘင် ဦးဇော်ဝင်း | နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၃ | "အေးချစ်သူ" မင်္ဂလာဆိုင်း ဒေါ်သူဇာအေးအောင် | နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၄ | "ဦးအောင်မိုးထွန်း" နတ်သဘင် ဦးအောင်မိုးထွန်း | အေးငြိမ်းသာမြို့သစ်၊ နတ်တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၅ | "နတ်မင်းသားစန်းစန်း" နတ်သဘင် ဦးမောင်စန်း | သဲကုန်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၆ | "ကျော်မင်းစိုး" နတ်သဘင် ဦးဝင်းမြင့်စိုး | ပေါင်းတည်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၇ | "စန်းစန်းမိုး" နတ်သဘင်အဖွဲ့ ဒေါ်စန်းစန်းမိုး | နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၈ | "ဦးထွန်းထွန်းမင်း" နတ်ဒေဝါ ဦးထွန်းထွန်းမင်း | မိုးညို၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၉ | "အောင်အောင်" နတ်တွဲဆိုင်း ဦးအောင်အောင် | နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၆၀ | "စန်းသော်တာစိုးစိုး" နတ်ဒေဝါ ဦးခင်စိုး | နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၆၁ | "ဦးဇော်လတ်" နတ်သဘင်အဖွဲ့ ဦးဇော်လတ် | အောင်မင်္ဂလာလမ်း၊ ရွာမရပ်ကွက်၊ နတ်တလင်း၊ ပဲခူးတိုင်းဒေသကြီး |
| ၅၆၂ | "ဦးကျော်ကျော်" နတ်ဒေဝါ ဦးကျော်ကျော် | သဲကုန်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၆၃ | "ဦးဘိုဘို (ခ) အောင်မြတ်ကျော်" မင်္ဂလာဆိုင်း | ဇီးကုန်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၆၄ | "ဒေါ်စန်းဝင်း" နတ်သဘင် | နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၆၅ | "ဦးစိုးနိုင်" နတ်သဘင်အဖွဲ့ | ဇီးကုန်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၆၆ | "ဦးကျော်ဇောလင်း" နတ်ဒေဝါ ဦးကျော်ဇောလင်း | တာပွန်ကျေးရွာ၊ နတ်တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၆၇ | ဦးဝင်းမြင့်ဦး (ဒေဝါတည်ထောင်) | ကုန်းသာကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၆၈ | ဦးမင်းတင် (ဒေဝါဆိုင်း) | ဖိုးထောင်ကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၆၉ | ဦးဝါဝါမိုး (ဒေဝါတည်ထောင်) | အကယ်ကြီးကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၇၀ | ဦးထွန်းထွန်း (ဒေဝါဆိုင်း) | ကာသစ်ကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၇၁ | ဦးသိန်းသန်းစိုး (ခ) သန်းတင် (ဒေဝါတည်ထောင်) | သောင်ကြီးကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၇၂ | ဦးခိုင်စပါယ် (ဒေဝါတည်ထောင်) | ဝဲကြီးကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၇၃ | ဦးနောင်နောင်စိုး (ဒေဝါတည်ထောင်) | အောင်ဆန်းရပ်ကွက်၊ ဘောဝတီလမ်း၊ ကျုံပျော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၇၄ | ဦးရီတင် (မင်္ဂလာဆိုင်း) | အောင်ဆန်းရပ်ကွက်၊ ကျုံပျော်မြို့၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၇၅ | ဦးကျော်လွင် (ဒေဝါတည်ထောင်) | သဘောရိုးကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၇၆ | ဦးမိုးကျော်ကျော် (ဒေဝါတည်ထောင်) | မိုးကြိုးပစ်ကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၇၇ | ဦးမြင့်စိုး (ဒေဝါတည်ထောင်) | သပြေကွင်းကျေးရွာ၊ ပျဉ်းကတိုးကုန်းအုပ်စု၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၇၈ | ဦးညီညီ (ဝါဝါနိုင် ကန္နားစီးဒေဝါ) | ကုန်းသာလေးကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၇၉ | ဦးဝင်းရွှေ ( မင်းမင်းစိုး ကန္နားစီးဒေဝါ) | ထော်ဦးကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၈၀ | ဦးစိုးသိန်း ( အောင်စိုးမင်း ကန္နားစီးဒေဝါ) | သပြေအိုင်ကျေးရွာ၊ ရေကြည်မြို့နယ်၊ ပိတောက်ချောင်း၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၈၁ | ဦးစိန်ဝင်း (ဖြူဖြူဝင်း ကန္နားစီးဒေဝါ) | ရေကြည်မြို့နယ်၊ နေဝင်းရပ်ကွက်၊ (၁၀) လမ်း၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၈၂ | ဦးမြတ်ထွေး (ဒီပါရမ်-မင်္ဂလာစည်တော်) | သံဒင်းကျေးရွာ၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၈၃ | ဦးနိုင်ဦး (မိမိနိုင်-ကန္နားစီးဒေဝါ) | ဆရာစံရပ်ကွက်၊ ကြံခင်းစုကျေးရွာ၊ ရေကြည်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၈၄ | ဦးကိုဝင်း (စိုးမင်းဝင်း ဒေဝါ) | သပြေအိုင်ကျေးရွာ၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၈၅ | ဒေါ်နှင်းနှင်းအေး (ကန္နားစီးဒေဝါ) | ကွမ်းခြံကုန်းကြီးကျေးရွာ၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၈၆ | ဦးထွန်းထွန်း ( ဆန်းမင်းဦး ကန္နားစီးဒေဝါ) | အုန်းတောလမ်း၊ ရေကြည်မြို့နယ်၊ အသုတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၈၇ | ဦးညီညီထွန်း ( နွယ်နီဝင်း ကန္နားစီးဒေဝါ) | ဆေးရုံကွက်သစ် (၂) လမ်း၊ ရေကြည်မြို့နယ်၊ အသုတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၈၈ | ဦးသိန်းရွှေ (မြသိန်းရွှေ ဒေဝါဆိုင်း) | ငါးဘတ်အိုင်ကျေးရွာအုပ်စု၊ ကနီကျေးရွာ၊ ဓနုဖြူမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၈၉ | ဦးမြင့်ခိုင် (မင်းဗိုလ်ဗိုလ် မင်္ဂလာဆိုင်း) | အမှတ် (၁၂) ရပ်ကွက်၊ စမ်းချောင်းလမ်း၊ ဓနုဖြူမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉၀ | ဒေါ်သိန်းနု (သန့်ဇင်မိုး ဒေဝါဆိုင်း) | အမှတ် (၁၈) ရပ်ကွက်၊ ဦးပုညလမ်း၊ ဓနုဖြူမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉၁ | ဒေါ်တင်တင်ထွေး (ကန္နားစီး ဒေဝါ) | အမှတ် (၃)၊ ဗိုလ်ချုပ်လမ်း၊ အသုတ်မြို့၊ ရေကြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉၂ | ဦးလှိုင်ထွန်း (စိန်လှိုင်ထွန်း မင်္ဂလာဆိုင်း) | ထူးကြီးမြို့၊ အင်္ဂပူမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉၃ | ဆွေဆွေနွယ် နတ်ဒေဝါ | ဈေးပိုင်းလမ်း၊ ဘုရားကုန်းကျေးရွာ၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉၄ | ဦးမျိုးလေး (မျိုးမင်းဇော် ကန္နားစီးဒေဝါ) | ယုံသလင်းကျေးရွာ၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉၅ | ဦးသန်းထိုက်အောင် (အောင်မိုးလင်း ကန္နားစီးဒေဝါ) | မရမ်းချိုကျေးရွာ၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉၆ | ဒေါ်ငွေးငွေးမြင့်(ရွှေ မင်္ဂလာဆိုင်း) | (၁၀၂)၊ ကြည့်ကန်လမ်း၊ တာငါးဆယ်မြောက်ရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉၇ | ဦးစိုးနိုင် (ဒေဝါဆိုင်း) | လိမ်ချောင်း၊ ကြက်တူရွေးကျေးရွာ၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉၈ | ဦးမိုးဝင်း (မြန်မာပြည်မိုးဝင်း မင်္ဂလာဆိုင်း) | တက္ကသိုလ်လမ်းမကြီး၊ ကနောင်စုရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၉၉ | ဦးမြသန်း (မြဖိုးဆောင်း မင်္ဂလာဆိုင်း) | တာကလေးရပ်ကွက်၊ ဗဂျီနီးယား (၃) လမ်း၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၀ | ဦးကျော်သန်း (ပေါက်ပေါက်ကျော် ကန္နားစီးဒေဝါ) | ချင်းဘိုအုပ်စု၊ ပေါက်ကုန်းကျေးရွာ၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၁ | ဦးအောင်မိုးဇော် (ကန္နားစီးဒေဝါ) | လယ်တီကွင်းကျေးရွာ၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၂ | ဦးကျော်ဝင်းထွဋ် (ကျော်လင်းထွဋ် ဒေဝါဆိုင်း) | ယုံသလင်းကျေးရွာ၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၃ | ဦးနေဝင်း (ကန္နာစီးဒေဝါ) | တာကလေးရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၄ | ဦးတင်ဦးလေး (တင်ဦးလေး နတ်ဒေဝါ) | အင်္ဂပိုအုပ်စု၊ သဲကုန်းကြီးကျေးရွာ၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၅ | ဒေါ်ညိုညိုစန်း (ရန်ကုန် ကျော်ကျော်နိုင်မင်္ဂလာဆိုင်း) | ပိုးစတောလမ်း၊ တာကလေးကျေးရွာ၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၆ | ဦးဖြိုးဝေအောင် (မျိုးမမ ကန္နားစီးဒေဝါ) | ယုသလင်း အရှေ့မြို့ရပ်ကွက်၊ ဟင်္သာတမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၇ | ခင်မာသန်း-ကန္နားစီးဒေဝါ | စာရေးကွင်းကျေးရွာ၊ လေးမျက်နှာမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၈ | မြတ်ပန်းဝါ ဒေဝါ/ဇာတ် | အမှတ် (၂) ရပ်ကွက်၊ လေးမျက်နှာမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၀၉ | ထက်ထက်နိုင်-ကန္နားစီးဒေဝါ | ယုံသလင်း/ အင်းကြီးကျေးရွာ၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၁၀ | စိန်ဖြိုးအောင် (သား) OK ဖြိုး မင်္ဂလာဆိုင်း | အမှတ် (၅၈)၊ ဒေါနလမ်း၊ (၉) ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၁၁ | ထက်ကိုကို မင်္ဂလာဆိုင်းအဖွဲ့ | အမှတ် (၃၆)၊ မင်္ဂလာလမ်း (၉) ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၁၂ | မြန်မာပြည်စစ်ထွေးအောင် ဆိုင်း | အုတ်ကျင်းရပ်ကွက်၊ အိမ်မဲမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၆၁၃ | ထွန်းကို-ကန္နားစီးဒေဝါ | ဒါးက မြဝတီရပ်ကွက်၊ ကန်ကြီးထောင့်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |

*(ဆက်လက်ဖော်ပြပါမည်)*

# ပုသိမ်မြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ပုသိမ် မတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ပူးပေါင်း၍ မတ် ၂၆ ရက်က အမှတ် (၃) ရပ်ကွက်ရှိ အထက (၁) ကျောင်း ရတနာတန်ဆောင်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်းနှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပုသိမ်မြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်၊ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းရှိန်နှင့် ခရိုင် အားကစားနှင့် လူငယ်ရေးရာ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇံတို့က ကျောင်းသားလူငယ်များ အကျင့်စာရိတ္တ ကောင်းမွန်ရေး၊ အသိပညာတိုးပွားရေး၊ ကျန်းမာရေးဆိုင်ရာများနှင့် နွေရာသီကျောင်းအားလပ်ရက်များတွင် ဖွင့်လှစ်သင်ကြားသွားမည့် အားကစားနည်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **ခရိုင်(ပြန်/ဆက်)**



# အိမ်မဲမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**အိမ်မဲ မတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို အ.ထ.က (၁) ကျောင်း ရွှေညီလာခန်းမ၌ မတ် ၂၆ ရက်က ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ဌေးဌေးလှိုင်က လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ် ပြန်/ဆက် ဦးစီးမှူးက အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးခေါင်းစဉ်၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒေါ်အိအိမျိုးက လူငယ်နှင့် ကျန်းမာရေး ခေါင်းစဉ်၊ အလယ်တန်းပြဆရာမ ဒေါ်စန်းယုရွှေက စာတတ်ဖို့သာမက ပညာတတ်ဖို့ပါကြိုးစားကြ ခေါင်းစဉ်များဖြင့် ဟောပြော၍ ကျောင်းသားကျောင်းသူ ၁၆၀ ခန့် တက်ရောက်ကြောင်းသိရသည်။

**ချစ်သက်လယ်(အိမ်မဲ)**

# လူငယ်များအတွက် နွေရာသီ အားကစားနှင့် ပန်းချီ သင်တန်းများ မြို့နယ်များ၌ဖွင့်လှစ်

**ကျောင်းသား ကျောင်းသူများ၊ လူငယ်များအနေဖြင့် နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကိုအကျိုးရှိရှိ အသုံးချတတ်စေရန်၊ ကျန်းမာကြံ့ခိုင်စေရန်နှင့် အသိပညာတိုးတက်စေရန်အတွက် နွေရာသီအားကစားသင်တန်းများနှင့် ပန်းချီသင်တန်းများကို အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က မြို့နယ်အသီးသီး၌ ဖွင့်လှစ်ပို့ချလျက်ရှိသည်။**

**ဟိုပန်**

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း အားကစားကွင်း၌ ဟိုပန်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက နွေရာသီ အခြေခံအားကစားသင်တန်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်းတွင် အားကစားနည်း ခြောက်မျိုးကို မတ် ၂၅ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ဘောလုံးအားကစားနည်းသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၀၀၊ ကြက်တောင်ရိုက်တွင် ၂၀၊ ဘော်လီဘောတွင် ၂၀၊ ပိုက်ကျော်ခြင်းတွင် ၃၀၊ စားပွဲတင်တင်းနစ်တွင် ၁၀ ဦးနှင့် ပြေးခုန်ပစ်အားကစားနည်းတွင် ၂၀ စုစုပေါင်း သင်တန်းသားသင်တန်းသူ ၂၀၀ တက်ရောက်လျက်ရှိကြောင်းနှင့် သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**မိုးမိတ်**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့နယ်၌ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသား ကျောင်းသူများ မိမိတို့ဝါသနာပါရာ အားကစားနည်းများ လေ့လာသင်ကြားနိုင်ရန် အခြေခံအားကစားသင်တန်းများကို မြို့နယ်ပြည်သူ့အားကစားကွင်း၌ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို မတ် ၂၅ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဂျူဒို၊ ကရာတေး၊ အေရိုးဗစ်၊ Fitness Dance စသည့် အားကစားနည်းများကို သင်ကြားပို့ချပေးလျက်ရှိကာ သင်တန်းကို နေ့စဉ် ညနေ ၄ နာရီမှ ၆ နာရီအထိ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိပြီး သင်တန်းသား သင်တန်းသူစုစုပေါင်း ၁၇၅ ဦးခန့် တက်ရောက်လျက်ရှိကြောင်း၊ မျိုးဆက်သစ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန်နှင့် မြို့နယ်ကိုယ်စားပြုမှတစ်ဆင့် နိုင်ငံ့လက်ရွေးစင်ကစားသမားများပေါ်ထွန်းလာစေရန် ရည်ရွယ်၍ နွေရာသီအားကစားအခြေခံသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။ **ခရိုင် (ပြန်/ဆက်)**



**မိုင်းရယ်**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရန်အတွက် Fitness Dance သင်တန်းကို မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မတ် ၂၈ ရက်က ဖွင့်လှစ်သည်။ အဆိုပါ Fitness Dance သင်တန်းတွင် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၅ ဦး တက်ရောက်ပြီး မတ် ၂၈ ရက်မှ ဧပြီ ၉ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသားကျောင်းသူများအတွက် အခြေခံပန်းချီသင်တန်း၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများကိုလည်း ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

**ပန်းတနော်**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက နွေရာသီအခြေခံအားကစားသင်တန်းကို မတ် ၂၅ ရက်မှ ဧပြီ ၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းတွင် ရိုးရာခြင်း၊ ဘောလုံး၊ အေရိုးဗစ်၊ ပြေးခုန်ပစ်၊ မြန်မာ့ရိုးရာသိုင်းအားကစားနည်းများကို သင်ကြားပေးလျက်ရှိပြီး ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များ နွေရာသီ ကျောင်းပိတ်ရက်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ ထူးချွန်ထက်မြက်၍ အရည်အသွေးပြည့်ဝသော အားကစားသမားများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ အဆိုပါသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်းနှင့် သင်တန်းသို့ ပန်းတနော်မြို့နယ်အတွင်းရှိ ကျောင်းသားကျောင်းသူ လူငယ် ၁၅၀ ခန့် တက်ရောက်သင်ကြားလျက်ရှိကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားနည်းစနစ်မှူး ဒေါ်သိမ့်သိမ့်နွေးထံမှ သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

**လဲချား**

ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ် အားကစားခန်းမ၌ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက နွေရာသီ အခြေခံပညာအားကစားသင်တန်းများကို အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

မြန်မာ့သိုင်း၊ အေရိုးဗစ်၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ စားပွဲတင် တင်းနစ်၊ ကိုယ်ကာယကြံ့ခိုင်မှု စသည့် အားကစားနည်းများကို မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးထိန်လင်းနှင့် သင်တန်းနည်းပြများက မတ် ၂၂ ရက်မှ စတင်ဖွင့်လှစ်ပို့ချနေခြင်းဖြစ်ပြီး နေ့စဉ် နံနက်၊ ညနေ နှစ်ပိုင်းခွဲ၍ ဧပြီ ၁၀ ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် အဆိုပါသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် လူငယ် လူရွယ်နှင့် ကျောင်းသား ကျောင်းသူများ အားကစားအပေါ် စိတ်ပါဝင်စားလာစေရန်၊ အားကစားနည်းများကို အခြေခံနည်းစနစ်တကျ တတ်မြောက်စေရန်၊ မျိုးဆက်သစ်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**လွှမ်းသူနောင် (လဲချား)**



**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများ နွေရာသီတွင် ပန်းချီပညာကို တတ်မြောက်နိုင်စေရန် ရည်ရွယ်၍ နွေရာသီ အခမဲ့သင်တန်းအဖြစ် ပန်းချီသင်တန်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်) လူထုအခြေပြုဗဟိုဌာနခန်းမ၌ မတ် ၂၇ ရက်က ဖွင့်လှစ်သည်။

သင်တန်းတွင် နည်းပြများအဖြစ် ပန်းချီဆရာဦးသက်တင်၊ ဦးကြင်မောင်၊ ဦးသန်းထိုက်ရွှေ၊ ပန်းချီနွေနှင်းလတ်တို့က ပန်းချီအခြေခံနှင့် လူပုံရေးဆွဲနည်း၊ ရှုခင်းရေးဆွဲနည်း၊ သရုပ်ဖော်ဒီဇိုင်းနှင့် လက်ရေး၊ အခြေခံမျဉ်းရေးဆွဲနည်း စသည့်ပန်းချီပညာရပ်များကို မတ် ၂၈ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ကာ သင်တန်းသား ၂၀ တက်ရောက်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကျိုင်းတုံမြို့ ကျိုင်းလဲကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တမအား ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်

**နေပြည်တော် မတ် ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျိုင်းလဲကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တမအား ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းလဲကျောင်းတိုက်၌ ပြုလုပ်ရာ ကျိုင်းတုံမြို့ ကျိုင်းယင်း ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တခေမာစာရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျိုင်းယင်းကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များက အာယုဝနဇာတာဆက် ပရိတ်တော်များ ရွတ်ဖတ်ပူဇော်ကာ ကျိုင်းလဲကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥတ္တမ၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားကြည်ညိုကြသည်။ ထို့နောက် ကျိုင်းလဲကျောင်းတိုက်ဆရာတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆက်ကပ်သည့် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို တိုင်းမှူးက ဆက်ကပ်တော်မူပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ၊ အလှူငွေများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကျိုင်းတုံမြို့ ဖကျောက်ကျောင်းတိုက်သို့ သွားရောက်၍ ဘဝနတ်ထံ ပျံလွန်တော်မူသွားသည့် အဆိုပါ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဘောဂ၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကာ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာ ကျင်းပရန်အတွက် အလှူငွေကျပ် ၁၀ သိန်းကို ဟိုခုံ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဆန္ဒောဘာသထံ ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

**နေပြည်တော် မတ် ၂၈**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ထူးကြီး ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ရန်အောင်မြင်တိုက်သစ် ကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ရှိ မြို့မပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ပုညကာရီခဲလယ် စာသင်တိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မင်းကျောင်းပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း(ဝဲပုံ) ဆရာတော် သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။



**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနက ဆွမ်းဆန်တော် ဆန်၊ ဆီ၊ ပဲ၊ ကြက်ဥ၊ Mask နှင့် Handgel ထောက်ပံ့လှူဒါန်း

**နေပြည်တော် မတ် ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးစင်တာများတွင် ကျန်းမာရေးဆိုင်ရာ အထောက်အကူပစ္စည်းများနှင့် ဘုန်းကြီးကျောင်းများမှ ရဟန်း၊ သာမဏေများ၊ သီလရှင်ကျောင်းများအား အာဟာရဖြည့် အစားအစာများကို ထောက်ပံ့လှူဒါန်းပေးလျက်ရှိသည်။

ထိုသို့ လှူဒါန်းထောက်ပံ့ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အောင်ဇေယျရပ်ကွက်ရှိ ထီလာဦးကျောင်းတိုက်၌ သီတင်းသုံးနေသော ရဟန်း၊ သာမဏေများအား ဆွမ်းဆန်တော်အခက်အခဲမရှိစေရေးအတွက် မိတ္ထီလာခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းထွန်းနှင့်ဝန်ထမ်းများက ဆွမ်းဆန်တော်၊ ဆီ၊ ပဲ၊ ကြက်ဥ၊ Maskနှင့် Handgel စသည့် လှူဒါန်းဖွယ် ထောက်ပံ့ပစ္စည်းများကို ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံသို့ သွားရောက်ဆက်ကပ်လှူဒါန်းသည်။(အောက်ပုံ)

**သတင်းစဉ်**



## ရေချွေတာရေး နည်းလမ်းများ

❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။

# မြန်မာ့ရိုးရာလက်ဝှေ့ ပြန့်ပွားတိုးတက်ရေးအတွက် ရုရှား-မြန်မာ တွေ့ဆုံ ဆွေးနွေး

**ရန်ကုန် မတ် ၂၈**

မြန်မာ့ရိုးရာလက်ဝှေ့ ပြန့်ပွားတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် ရုရှား-မြန်မာ ချစ်ကြည်ပူးပေါင်းဆောင်ရွက်ရေးအသင်း၊ စစ်ပြန်များအသင်း၊ အားကစားနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအဖွဲ့တို့ ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့အားကစားရုံတွင် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဦးသိန်းအောင်နှင့် အမှုဆောင်များက ရုရှား-မြန်မာ ချစ်ကြည် ပူးပေါင်းဆောင်ရွက်ရေးအသင်း စီမံချက်မန်နေဂျာ Mr.ILia Nesterov၊ စစ်ပြန်များအသင်း၊ အားကစားနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအဖွဲ့ ဥက္ကဋ္ဌ Mr.Ivan Ivanov တို့က မြန်မာ့ရိုးရာ လက်ဝှေ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးကြသည်။(ယာပုံ)

"သူတို့ရည်ရွယ်ချက်ကတော့ သူတို့ဆီကို ကျွန်တော်တို့ဆီက အားကစားသမားတွေကို ခေါ်ပြီးတော့ လေ့ကျင့်မှုတွေပေးမယ်။ သူတို့ ကစားသမားတွေနဲ့ ပူးပေါင်းပြီးတော့ လေ့ကျင့်ပေးမယ်။ ကျွန်တော်တို့ လက်ဝှေ့အားကစားနည်းကိုလည်း သူတို့ လေ့လာချင်တယ်ဆိုလို့ ကစားပြတာပါ။ အဓိကကတော့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ဖို့လာတာပါ။ ဒီက ကစားသမားတွေက သတ္တိရှိတယ်၊ တကယ်ထိုးရဲတယ်။ ကစားသမားတွေကို လေ့ကျင့်ပေးရင် အောင်မြင်မယ်ပေါ့၊ ဒီက ကစားသမားတွေရဲ့ ဝိတ်တန်းအနေအထား၊ ခန္ဓာကိုယ်ဖွံ့ဖြိုးမှု အပိုင်းတွေ လေ့လာတယ်။ သူတို့ဆီက ကစားသမားတွေနဲ့တော့ ကွာတာပေါ့၊ အဲဒါလေးတွေကိုချိန်ထိုးပြီးတော့ ဘယ်လိုပူးပေါင်းပြီး လေ့ကျင့်မလဲဆိုတာကို ဆွေးနွေးကြတာပါ"ဟု မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် အထူးသရုပ်ပြတွဲဆိုင်းများအနေဖြင့် လုံးချော (ညောင်တုန်း) နှင့် ဇာထက်(မိတ္ထီလာ)၊ သုံးချီ စိန်ခေါ်ပွဲစဉ်များအဖြစ် တမကျား(A.M.T.2)နှင့် ဂရေဟန်(လုံးချောကလပ်)၊ လေပြေသွေး(A.M.T.2) နှင့် ထွန်းလင်းအောင်(လုံးချောကလပ်)၊ စဘာလက် (ကမ္ဘာအေး)နှင့် ကိုကို(တောင်ဥက္ကလာ) တို့ယှဉ်ပြိုင် ထိုးသတ်ပွဲများပြသခဲ့ကြောင်း သိရသည်။

**အာကာစိုး**



# တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့

**ဟိုပုံး မတ် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသားကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်းကို ယမန်နေ့က အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက် ထောက်ပံ့ပေးအပ်သည်။

ထိုသို့လှူဒါန်းရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့်အဖွဲ့သည် ဟိုပုံးမြို့နယ်အတွင်းရှိ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် ကြက်ဥ၊ သီးစုံဓာတ်ဆား၊ ခေါက်ဆွဲထုပ်နှင့်ကွေကာထုပ်များ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

## ပညာရေးဝန်ကြီးဌာန
## ရန်ကုန်တက္ကသိုလ်
## အိတ်ဖွင့်ဈေးနှုန်းလွှာတင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၂-၂၀၂၃)ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်တက္ကသိုလ်အားကစားရုံ(သထုံလမ်း)၊ အားကစားရုံ(လှိုင်နယ်မြေ)နှင့် ရန်ကုန်တက္ကသိုလ် ရေကူးကန်(သထုံလမ်း)၊ ရေကူးကန်(အင်းလျားလမ်း)တို့အား လုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို တစ်စောင်လျှင် ကျပ် ၂၀၀၀/-နှုန်းဖြင့် ရန်ကုန်တက္ကသိုလ်၊ စီမံရေးရာဌာနတွင် (၂၉-၃-၂၀၂၂)ရက် နံနက် ၁၀နာရီမှ ၂၀-၄-၂၀၂၂ရက် မွန်းလွဲ ၁ နာရီထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက်မှာ (၂၀-၄-၂၀၂၂)ရက် ညနေ ၃နာရီ ဖြစ်ပါသည်။

၄။ တင်ဒါဖွင့်ရက်မှာ (၂၆-၄-၂၀၂၂)ရက် နံနက် ၁၁နာရီ ဖြစ်ပါသည်။

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စီမံရေးရာဌာန၊ ဖုန်း-၀၁-၇၅၃၂၃၁၀၊ ၀၁-၇၅၃၅၇၅၁တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၉)
## ၈ မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
## (အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း)
## တင်ဒါအမှတ်စဉ်( ၁ )

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၉) မှ (၂၀၂၁-၂၀၂၂) ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်အတွင်းရှိ ရွှေးမြစ်နှင့်ပြာမလော့မြစ်အကြား ရေငန်တားတာတည်ဆောက်ခြင်းစီမံကိန်းလုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော စံချိန် စံညွှန်းမီ အရည်အသွေးပြည့်ဝသော ဒီဇယ်ဆီ (H.S.D)နှင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအားမြန်မာငွေ(ကျပ်)၊ ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်။

| | |
|---|---|
| အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - ၁ - ၄ - ၂၀၂၂ ရက် |
| အိတ်ဖွင့်တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်/အချိန် | - ၈ - ၄ - ၂၀၂၂ ရက် ညနေ (၄:၀၀ )နာရီ |
| အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းခြင်းပိတ်မည့်ရက်/အချိန် | - ၁၈ - ၄ - ၂၀၂၂ ရက် ညနေ (၄:၀၀ )နာရီ |
| အိတ်ဖွင့်တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် | - ၂၀ - ၄ - ၂၀၂၂ ရက်၊ မွန်းလွဲ (၁:၀၀)နာရီ |
| အိတ်ဖွင့်တင်ဒါဖွင့်ပွဲ ကျင်းပမည့်နေရာ | - တည်ဆောက်ရေး(၉)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ ဆည်မြောင်းရိပ်သာ၊ လပွတ္တာမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ |

၂။ တင်ဒါလျှောက်လွှာများကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၉)၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ၈ မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ် သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း- ၀၁-၆၆၄၇၆၇, ၀၁-၆၆၄၅၁၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်း နိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း အသင်းသူ/အသင်းသားများသိရှိစေရန် သတိပေးကြေညာချက်

၁။ အသင်းကြီးအနေနှင့် အသင်းဖွဲ့စည်းမှုဉ်းအခန်း(၄)ပြဋ္ဌာန်းချက်များနှင့်အညီ အသင်းဝင်လျှောက်လွှာများ လက်ခံစိစစ်ပြီး အသိအမှတ်ပြုစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ပါသည်။

၂။ သင်းဖွဲ့စည်းမျဉ်းအခန်း (၅) အပိုဒ်(၁၃) (ဆ-၄)တွင် "သတ်မှတ်ထားသောနှစ်စဉ်ကြေး၊ လစဉ်ကြေးထည့်ဝင်ငွေများကို သတ်မှတ် ကာလကျော်လွန်သည့်တိုင်အောင် ပေးသွင်းမှုမရှိသဖြင့် စာဖြင့် အကြောင်းကြားတောင်းဆိုသည့်တိုင်အောင် (၃)လအတွင်း ပေးသွင်းမှုမရှိခြင်း" အခြေအနေပေါ်ပေါက်ပါက အသင်းဝင်အဖြစ်မှ ရပ်စဲခြင်းခံရမည်ဟူ၍ ပါရှိပါသည်။

၃။ အသင်းကြီး၏ တာဝန်ရှိလူကြီးမင်းများအနေနှင့် အသင်းကြီးတိုးတက်ရေး၊ စည်းမျဉ်းဥပဒေများနှင့်အညီ ရှင်သန်ရပ်တည်ရေးတို့ အပြင် နိုင်ငံတော်၏ တာဝန်ရှိအာဏာပိုင်အဖွဲ့အစည်းများမှ အခါအားလျော်စွာ ညွှန်ကြားတောင်းဆိုသည့် အချက်အလက်များ လိုက်နာတင်ပြရေးတို့ကိုပါ ဆောင်ရွက်နေကြပါသည်။ ထိုကိစ္စများတွင် အသင်းသားများ၏ မှတ်ပုံတင်စာရင်း Update ဖြစ်စေရေး၊ အသင်း သားစိစစ်ရေးများကိုပါ အကျုံးဝင်ဆောင်ရွက်နေကြရပါသည်။

၄။ သို့ဖြစ်ပါ၍ အသင်းသူ/အသင်းသားတိုင်းသည် (၂၅-၄-၂၀၂၂)ရက် ညနေ ၃နာရီကို နောက်ဆုံးထား၍ အသင်းရုံးခန်း အမှတ်(၄၂/၅၀)၊ ပထမထပ်၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ရုံးထိုင်တာဝန်ရှိ ပုဂ္ဂိုလ်ထံသို့

(၁) နိုင်ငံသားစိစစ်ရေးကတ်တစ်မျိုးမျိုးနှင့်အိမ်ထောင်စုလူဦးရေစာရင်း (မူရင်း+ဓာတ်ပုံမိတ္တူ)
(၂) အသင်းဝင်ကတ်ပြားဟောင်း
(၃) အမြဲတမ်းနေရပ်လိပ်စာ၊ ဆက်သွယ်ရမည့်လိပ်စာ
(၄) တယ်လီဖုန်းအမှတ်နှင့် အီးမေးလိပ်စာ
(၅) (၂၅-၄-၂၀၂၂)ရက်အထိ ပေးဆောင်ရမည့်အသင်းဝင်ကြေး၊ နှစ်စဉ်ကြေးငွေများ ဆက်သွယ်ပေးအပ်ကြပါရန် သတိပေးကြေညာလိုက်ပါသည်။

၅။ ပျက်ကွက်ပါက သင်းဖွဲ့စည်းမျဉ်းအခန်း(၅)၊ အပိုဒ်(၁၃)(ဆ)ပါစည်းကမ်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းသိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ငြိမ်း(ဖောင်တော်သီ)(စဉ်-၂၃၀၂)** **ဒေါ်ခင်မေသန်း(စဉ်-၃၂၂၈)**
**B.A(Law),LL.B,D.B.L,D.M.L** **LL.B,D.B.L,D.M.L,D.I.L**

**ဦးမျိုးသိန်းဌေး(စဉ်-၁၃၉၃၃)**
**LL.B,D.B.L,D.I.L,D.M.L,D.I.P.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၆၂၊ ပထပ်)၊ ၃၅-လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ပျောက်ဆုံးကြောင်း

ဦးချစ်ဖြိုးဝေ (ဘ) ဦးမြင့်ဌေး ၁၄/ဟကက(နိုင်)၀၃၄၇၀၀ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၄၂၆၉၂၈၆၄**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးစိုးစံထွေး ၂/လကန(နိုင်)၀၈၅၈၁၅ ၏ နိုင်ငံကူးလက်မှတ် အမှတ်(MC 070174 )သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ၀၉- ၂၅၃၇၆၇၂၇၆ သို့ အကြောင်းကြားပေးပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/2436, ISUZU NKR 81E, Truck(4X2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်ဇော် ၁၂/အစန(နိုင်)၁၂၉၀၀၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၅/အလင်းရောင်ရပ်)၊ ဦးပိုင်အမှတ်(၄/၁)၊ မြေဧရိယာ ( ၀ဒသမ၁၆၉)ကေရှိ အစိုးရ(မြို့မြေ)မြေကွက်အား ဒေါ်စုသက်ထွန်း(ဘ)ဦးထွန်းထွန်း ၉/လဝန(နိုင်) ၁၅၉၇၄၂မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများတင်ပြ၍ အဆောက်အအုံဆောက်လုပ်ခွင့်ပြု မိန့်တင်ရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိ ပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သန်းဇော်လွင် (ဘ) ဦးလှရွှေ ၉/တကန(နိုင်) ၁၄၈၃၅၂ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၉၃၄၆၁၀၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်ရပ်ကွက်၊ ဓမ္မဒါနလမ်း၊ အမှတ်-၂၉၊ (၅လွှာ /ယာ) အကျယ်အဝန်း(၁၅ပေx ပေ၆၀) တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်မြတ်ခိုင်သူ (၁၁/စတန(နိုင်)၀၀၂၆၈)မှ ဝယ်ယူပိုင်ဆိုင်ထားကာ အကျိုးခံစားခွင့်နှင့် အခွင့်အရေးအရပ်ရပ်ရှိ၍ လက်ဝယ် ရှိလျက် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ် ၏မိတ်ဆွေများမှ ဝယ်ယူရန် ၁၆-၃-၂၀၂၂ ရက်တွင် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား မူရင်းများဖြင့် အောက်ပါလိပ်စာသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက် ခြင်းမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူညွန့်**
**B.A, H.G.P. D.B.L. D.M.L ၊ အထက်တန်းရှေ့နေ**
**အမှတ်(၅၈/၃)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၇)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၈၃၁/အင်ဘုကွင်း)၊ ဦးပိုင်အမှတ် (N-၃၂)၊ မြေဧရိယာ ၀ဒသမ ၀၇၉ကေရှိ အစိုးရ(မြို့မြေ)မြေကွက်အား ဒေါ်သီတာ(ဘ)ဦးစိုးမင်း ၉/ပမန(နိုင်)၁၇၄၃၁၃ မှ အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက် မူရင်းများတင်ပြ၍ အဆောက်အအုံ ဆောက်လုပ်ခွင့် ပြုမိန့် တင်ရန် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4L/9888, Ford Ranger Pickup(open cab) 4x4 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျူလီဆန်း ၁၃/လရန(နိုင်)၁၀၇၁၅၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

**စာအုပ်စာပေ**
**လူ့မိတ်ဆွေ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာအုပ်စု၊ မြို့ဟောင်းအရှေ့ ဘုရားနီတိုးချဲ့ကွက်သစ်၊ သန်လျင်မြောက်ကွင်း၊ ကွင်းအမှတ် ၆၈၄၊ ဦးပိုင်အမှတ် ၃၇/ဆ၊ ခြံအမှတ်- ၂၈/က၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ) မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်သင်း သင်းမော် ၁၂/မဂတ(နိုင်)၀၉၂၆၈၉ မှ လက်ရှိပိုင်ဆိုင်ထားကာ အခွင့်အရေးနှင့် အကျိုးခံစားခွင့်ရှိ၍ လက်ဝယ်ရှိလျက် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ၂၆-၃-၂၀၂၂ရက်တွင် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား မူရင်းများဖြင့် အောက်ပါလိပ်စာသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူညွန့်**
**B.A, H.G.P,D.B.L, D.M.L ၊ အထက်တန်းရှေ့နေ**
**အမှတ်၅၈/၃၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်**
**ရန်ကုန်တိုင်း ဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်းအမှတ်/အမည်-RA III/ကွက်ပြင် (၃)၊ ဦးပိုင်အမှတ်(၇၁-စ)၊ ဧရိယာ(၀.၂၂)ကေရှိ ဂရန်မြေကွက်အား ဒေါ်ခင်စန္ဒာမော် ၁၂/သကတ(နိုင်)၁၃၄၁၄၂က မြေငှားဂရန် အမည်ပြောင်းပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ် ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်းအမှတ်/အမည်-RA V/ကွက်ပြင်၊ ဦးပိုင်အမှတ်(၄၉/၃၁)၊ ဧရိယာ(၀.၀၆၇)ကေရှိ ဂရန်မြေကွက်အား ဦးကိုကိုစိုး ၁၂/ကတတ(နိုင်)၀၁၂၄၇၃က မြေငှားဂရန် အမည်ပြောင်းပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့် အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

**ပြည့်ဝဆီများကို**
**တတ်နိုင်သမျှ**
**လျှော့စား၍**
**အသွင်ပြောင်းဆီများ**
**စားသုံးခြင်းကို**
**လုံးဝရှောင်ကြဉ်ပါ**




## ဦးမောင်နိုင် သိရှိစေရန်

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်၊ အုပ်စု-၁ ညွှန့်ကြည်သာလမ်း၊ အိမ်အမှတ် မိုင်း/၃ နေ ဒေါ်ခင်ညို (ဘ) ဦးချစ်မြိုင် ၅/ဒပယ(နိုင်) ၀၃၃၉၅၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ရှမ်းပြည်တောင်ပိုင်း၊ ရွာငံမြို့၊ မြို့ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(ကွင်းပြင်)၊ ဦးပိုင်အမှတ်(N2)၊ ဧရိယာ(၀ဒသမ၄၈)ကေအတွင်းမှ (၀ဒသမ ၁၆)ကေခန့် (၈၅x၈၅) ပေရှိ ယာမြေအား ၂၀၂၀ပြည့်နှစ် ဇူလိုင်လ ၇ ရက်တွင် ငွေကျပ်သိန်း(၂၆၀)ဖြင့် ကျွန်ုပ်မိတ်ဆွေထံ အရပ် ကတိစာချုပ်ဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

ဦးမောင်နိုင်(ဘ)ဦးအောင်သိန်း ၅/ဒပယ(နိုင်)၀၆၆၃၁၀သည် လယ်ယာမြေ လုပ်ကိုင်ခွင့်မှတ်ပုံတင်ဆောင်ရွက်ခြင်းကိစ္စ၊ နာမည်ပြောင်း လျှောက်ထားရယူခြင်းကိစ္စ၊ မြေအား လက်ရောက်ပေးအပ်ရန်ကိစ္စရပ်များကို ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ ကျွန်ုပ်မိတ်ဆွေ လုပ်ပိုင်ခွင့်ရရှိရန်အတွက် လူကြီးမင်းမှ ဆောင်ရွက်ပေးရန် ကျန်ရှိနေသည်တွင် လူကြီးမင်းအနေဖြင့် (၄-၄-၂၀၂၂)ရက်နောက်ဆုံးထား ကျွန်ုပ်မိတ်ဆွေထံသို့ ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် လူကြီးမင်းမှ သတ်မှတ်ရက်အတွင်း ဆက်သွယ် ဆောင်ရွက်ပေးခြင်းမရှိဆက်လက်ရှောင်တိမ်းပျက်ကွက်နေပါကတည်ဆဲ တရားဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ခင်ညို(ဘ)ဦးချစ်မြိုင်** | **ဒေါ်နန်းသက်သက်ဝေ(LL.B)** |
| **၅/ဒပယ(နိုင်)၀၃၃၉၅၅** | **တရားလွှတ်တော်ရှေ့နေ(စဉ်/၁၅၁၃၇)** |
| **မိုင်း/၃၊ နယ်မြေ-၁မိုင်းလုံးရပ်ကွက်၊** | **မြို့ဦးရပ်ကွက်၊ နယ်မြေ-၂၊** |
| **လွိုင်ကော်မြို့၊ ကယားပြည်နယ်** | **ဟိုပုံးမြို့၊ ရှမ်း/တောင်** |

# မူဆယ်မြို့နယ်တွင် ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ကတ်ထုတ်ယူ

**မူဆယ် မတ် ၂၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ အ.ထ.က အမှတ်(၁)၊ (၂)၊ (၃) ကျောင်းများရှိ ကျောင်းသား ကျောင်းသူများ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆို ခွင့်ကတ်ထုတ်ယူခြင်းကို မတ် ၂၄ ရက်မှစ၍ စတင်ထုတ်ပေးနေပြီး မတ် ၃၀ ရက်အထိ နေ့စဉ် နံနက် ၉နာရီခွဲမှ ညနေ ၄ နာရီအထိ ထုတ်ပေးသွားမည်ဖြစ်ကြောင်း ပညာရေးဌာနမှ သိရသည်။

အဆိုပါ ဖြေဆိုခွင့်ကတ်ကို ထုတ်ယူရာတွင် အ.ထ.က အမှတ်(၁)ကျောင်းမှ ကျောင်းသား ကျောင်းသူ ငါးဦး၊ အမှတ်(၂) ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၀ နှင့် အမှတ်(၃) ကျောင်းမှ ကျောင်းသား ကျောင်းသူ လေးဦး စုစုပေါင်း ဖြေဆိုခွင့်ကတ်ထုတ်ယူသူ ၂၉ ဦးရှိပြီး မူဆယ်ခရိုင်အတွင်းရှိ ပန်ဆိုင်း (ကြူကုတ်)မြို့၊ မိုင်းယု (၁၀၅) မိုင်နှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများတွင် စုစုပေါင်းကျောင်းတွင်း ဖြေဆိုသူ ၂၈၁ ဦးနှင့် အပြင်ဖြေဆိုသူ ၃၅ ဦး စုစုပေါင်း ၃၁၆ ဦးရှိကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၆၀ ဆူ | ၁၆၅ ဆူ | ၅၉၅ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၀. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆

## ၂၆-၃-၂၀၂၂ ရက်စွဲပါ ကြေးမုံသတင်းစာ၌ ဦးစိုးမင်းဇော် ၁၂/အစန(နိုင်)၁၈၄၆၉၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်းနှင့်ပတ်သက်၍ အများသိစေရန်ပြန်လည်ကန့်ကွက်အသိပေးရှင်းလင်းကြော်ငြာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်စိန်စိန်သန်း ၁၂/အစန(နိုင်)၂၀၄၃၃၃၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ပြန်လည်ကန့်ကွက်ကြော်ငြာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က-ခ)ရပ်ကွက်၊ (က/၂)လမ်း၊ အမှတ်(၁၀၃/B)၊ (၆)ထပ်တိုက်၏ (ဒုတိယထပ်) အလျားxအနံ (၂၀x၆၀)ပေရှိ တိုက်ခန်းနှင့်ပတ်သက်သော ပိုင်ဆိုင်မှုအကျိုးခံစားခွင့်နှင့်ပတ်သက်ပြီး ပိုင်ရှင်ဖြစ်သူမှာ ဦးစိုးမင်းဇော်ဖြစ်သည်ဆိုသော ကြော်ငြာချက်သည် မှန်ကန်မှုမရှိကြောင်း ကန့်ကွက်ပါသည်။

အဆိုပါတိုက်ခန်း၏ ပိုင်ရှင်အစစ်အမှန်မှာ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်စိန်စိန်သန်းဖြစ်ပြီး မြေရှင်ဒေါ်မြညွန့် (တိုက်ခန်းပိုင်ရှင်)ထံမှ ၂၀၁၉ခုနှစ် ဇန်နဝါရီ ၁၄ရက်တွင် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော တိုက်ခန်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်စိန်စိန်သန်း၏ သဘောတူညီခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းပေးကမ်းခြင်း၊ အကျိုးအမြတ်တစ်စုံတစ်ရာရယူပြီး မည်သည့်လွှဲပြောင်းရောင်းချခြင်းမှ မပြုလုပ်ရန် သတိပေးတားမြစ်ပါသည်။ တားမြစ်ကန့်ကွက်ချက်များအား ကျူးလွန်ဆောင်ရွက်ပါက မည်သူကိုမဆို သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ တရားမကြောင်းအရလည်းကောင်း၊ ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ကန့်ကွက် အသိပေး ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဒေါ်ချိုသဲလွင်(LL.B, D.I.L) | ဒေါ်ဇာနည်ဝင်းထွန်း(LL.B) | ဒေါ်မို့မို့လွင်(U.B) |
| စဉ်-၈၆၈၄/၂၀၁၃ | စဉ်-၁၇၂၇၅/၂၀၂၁ | စဉ်-၁၇၃၅၁/၂၀၂၁ |

တရားလွှတ်တော်ရှေ့နေများ
အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၂၀၀၃၅၉၂၄၁၊ ၀၉-၂၆၅၉၇၅၄၃

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စိုင်းကိုကိုမင်း ၁၄/ဒဒရ(နိုင်)၁၈၈၃၀၉ ၏ နိုင်ငံကူးလက်မှတ်နှင့် သင်္ဘောသား (CDC No: 82306) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၄၆၄၄၉၁၄

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3K/8658 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5D/9242, Mazda Premacy, Mini Van(4x2)R ယာဉ်လက်ဝယ်ရှိသူ Akwe(ခ)ဘရှင် ၁၂/တကန(ဧည့်)၀၀၀၀၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ယ/၆၇၃၄၄ ယာဉ်လက်ဝယ်ရှိသူ ဦးမင်းဇင်ဗိုလ်ဗိုလ် ၃/ဘအန(နိုင်)၁၂၁၆၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/3629 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/68771, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်အေး ၁၄/ကကန(နိုင်)၀၀၈၄၄၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

## ဖခင်အမည်မှန်

လားရှိုးမြို့၊ ရပ်ကွက်(၁၁)၊ နယ်မြေ(၂)၊ သစ္စာလမ်းနေ မရှောက်ရင်း (စတုတ္ထတန်းအောင်)၏ ဖခင်အမည် ဦးရှောက်တုံးဆိုသည်မှာ မှားယွင်းနေပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးလောက်ရှုံးဖြစ်ပါသည်။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးကိုခ ဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
## ထားဝယ်ခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် -၁

| | | |
|---|---|---|
| ဒေါ်အောင်ရီ | နှင့် | ဒေါ်ချိုမာလွင် |
| တရားလို | | တရားပြိုင် |

ညင်းမော်ကျေးရွာ၊ လောင်းလုံးကျေးရွာအုပ်စု၊ လောင်းလုံးမြို့နယ်နေ ဒေါ်ချိုမာလွင် (ယခုလိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အောင်ရီက ကွင်းအမည်-ညင်းမော်၊ ဦးပိုင်အမှတ်(N/၁၀)အတွင်းမှ မျက်နှာ၁၀-၂၂တောင်၊ အနောက် အတောင်(၂၀၀)ရှိမြေပေါ်မှ အခမဲ့ထားသူအား နှင်လိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဧပြီ ၁၉ရက် (၁၃၈၄ခုနှစ် တန်းခူးလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် မတ် ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ဝင်းဝင်းနွယ်)
ခရိုင်တရားသူကြီး
ထားဝယ်ခရိုင်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရလပ-၂၂)၊ မြေကွက်အမှတ် ၆၅၄၊ အလယ်ကျေးရွာအုပ်စု၊ ပိတောက်လမ်းဟုခေါ်တွင်သော ဒေါ်စန္ဒာလင်း ၁၄/ကကန(နိုင်)၁၀၅၂၂၀ အမည်ပေါက်မြေကွက် အလျား ပေ၂၀xအနံ ပေ၆၀ရှိ ဂရန်မြေနှင့်အိမ်ကို ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးဖြိုးသူရ ၇/မညန(နိုင်)၁၁၀၉၇၀ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးဂန်နော် ၁၁/မပန(နိုင်)၁၄၉၆၃၀ မှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံ တရားဝင်စာမှတ်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဇင်မာဦး
LL.B, D.I.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၉၈/၅-၁၂-၂၀၁၉)
အမှတ်(၅၈၉/၈၂)၊ မြို့ပတ်လမ်း၊ ရွာမအနောက်ရပ်ကွက်၊
အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၈၇၅၇၉၈၄၅၈

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့၊ မြို့မ (၂)ရပ်ကွက်၊ ရွှေပေါက်ကံအပိုင်းမှ ဦးမြင့်သိန်း ၇/ရကန(နိုင်)၀၁၇၃၁၀ ၏သမီး မတင်နီလာဝင်းသည် ဖခင်၏စကားကို နားမထောင်ဘဲ မိမိဆန္ဒသဘောဖြင့် ပြုလုပ်သွားပါသဖြင့် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။
(မေးမြန်းခြင်းသည်းခံပါ။)

(ဖခင်)ဦးမြင့်သိန်း
ပိန်းဇလုပ်မြို့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇောတိကအိမ်ရာ၊ တိုက်အမှတ်(A3)၊ အခန်းအမှတ်(၁၀၃)ကို မူလအမည်ပေါက် ဦးညွန့်ရီထံမှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်အက်စတာရိုင်း ၁၂/မဂတ(နိုင်)၀၆၈၆၀၈ မှအမည်ပြောင်း၍ ပိုင်ဆိုင်မှုစာအုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ(၁၄)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ နန္ဒဝင်းကုန်းရပ်ကွက်၊ သုမင်္ဂလာအိမ်ရာ၊ (ဒုတိယအဆင့်)၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၂၀၃)(ဒုတိယထပ်) အခန်း၏ အမည်ပေါက် ဦးမျိုးဇော် ၁၄/မအပ(နိုင်)၁၅၉၃၇၀ အမည်ဖြင့် ဌာနမှထုတ်ပေးထားသော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာ မိတ္တူမှန်စာရွက်မှာ ပျောက်ဆုံးသွားပါသဖြင့် အခွန်ပေးဆောင်ပြီး အမည်ပြောင်းလဲခွင့်ပြုပါရန် ယင်းအခန်းအား ဝယ်ယူထားကြောင်းစာချုပ်စာတမ်း အထောက်အထားများဖြင့် ဒေါ်သန္တာဦး ၁၂/သဃက(နိုင်)၀၃၅၂၁၀ က လျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ် ၃၁၄ မြေကွက်တည်နေရာ အမှတ် ၃၁၄၊ ချမ်းမြေ့သာယာလမ်း (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း)မြို့နယ် ဦးထွန်းရင် (AA-၀၉၅၄၇၈) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား ဂရန် အမည်ပေါက် ဦးထွန်းရင် (ဖခင်)နှင့် (မိခင်) ဒေါ်သန်းရွှေတို့ ကွယ်လွန်သဖြင့် သား/သမီးများဖြစ်သော ဒေါ်သန်းသန်းအေး ၁၂/စခန(နိုင်)၀၀၈၁၀၆ ဒေါ်မြမြသန်း၁၂/စခန(နိုင်)၀၀၈၀၉၈၊ ဒေါ်သန်းသန်းနု၁၂/စခန(နိုင်)၀၀၈၁၀၉၊ ဒေါ်အေးအေးနိုင် ၁၂/ဒဂမ (နိုင်)၀၀၃၄၆၂တို့မှ ကွယ်လွန်သူမိဘများတွင် မိမိတို့ ညီအစ်မ လေးဦးတည်းကိုသာ မွေးဖွားကြောင်းနှင့် အခြားကိတ္တိမ သား/သမီးအဖြစ် မွေးစားထားခြင်း မရှိကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၇ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ဦးခွန်မောင်ဖစ် ၁၃/တကန(နိုင်)၀၅၅၈၆၇ နှင့် အများသိစေရန်ကြေညာခြင်း

ညောင်ဦးမြို့၊ နယ်မြေ(၆)ရပ်ကွက်၊ ရွှေကုံ့ကော်လမ်းနေ ဒေါ်သက်ထက်စံ ၅/မရန(နိုင်)၂၃၉၆၃၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးခွန်မောင်ဖစ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်ထက်စံ ၅/မရန(နိုင်)၂၃၉၆၃၂ သည် တောင်ကြီးမြို့၊ ဝင်းယရပ်ကွက်၊ ကျောက်တစ်လုံးလမ်းနေ ဦးခွန်မောင်ဖစ် ၁၃/တကန(နိုင်)၀၅၅၈၆၇ ထံမှ မြဝတီမြို့၊ ရေပူစမ်း၊ အမှတ်(၅)ရပ်ကွက်ရှိ ကွင်း/အကွက်အမှတ်နှင့်အမည် (၅၃-ဘီ-၁)၊ ဦးပိုင်အမှတ်(၃၂)၊ ဧရိယာ ၇ ဒသမ ၆၀ ဧကရှိ ဦးမျိုးမင်းသူ အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ရရှိထားသော လယ်ယာမြေအား ၂-၂-၂၀၁၇ ရက်တွင် ငွေကျပ်သိန်း ၁၇၅၀(ကျပ်သိန်းတစ်ထောင့်ခုနစ်ရာ့ငါးဆယ်တိတိ)ကို အပြေအကျေပေးချေကာ အပြီးအပိုင်လွှဲပြောင်းဝယ်ယူခဲ့ပြီး ထိုရက်တွင်ပင် အဆိုပါလယ်ယာမြေအား လက်ရောက်ရရှိခဲ့၍ ယနေ့အချိန်ထိ အကျိုးခံစားလုပ်ကိုင်နေသော လယ်ယာမြေဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့်ရက်တွင် အထက်ဖော်ပြပါ လယ်ယာမြေနှင့်ပတ်သက်သည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)၊ မြေစာရင်းပုံစံ(၁၀၅)တို့၏ မူရင်းမှာ ဦးခွန်မောင်ဖစ်ထံ၌ အဆင်သင့်ပါလာခြင်းမရှိဘဲ မိတ္တူသာပါလာသောကြောင့် အဆိုပါမိတ္တူနှင့်အတူ ဦးမျိုးမင်းသူထံမှ ဦးခွန်မောင်ဖစ်ဝယ်ယူထားသော အရောင်းအဝယ်စာချုပ်မိတ္တူတို့ကို ပေးအပ်ထားရှိပြီး မူရင်းကို ဦးခွန်မောင်ဖစ်နေထိုင်ရာ တောင်ကြီးမြို့သို့ လာရောက်ရယူရန် ကတိပြုခဲ့ကြသည်။ ထိုသို့ကတိပြုပြီးနောက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်ထက်စံမှာ အနယ်နယ်အရပ်ရပ်သို့ ခရီးလွန်နေခြင်း၊ ကိုဗစ်-၁၉ ရောဂါပြန့်ပွားနေ၍ တောင်ကြီးမြို့မှ လူအဝင်အထွက်ကန့်သတ်ထားခြင်းတို့ကြောင့် ဦးခွန်မောင်ဖစ်ထံမှ အထက်ဖော်ပြပါ ဝင်းမြေ၏စာရွက်စာတမ်းမူရင်းများ သွားရောက်ရယူခဲ့ရခြင်းမရှိပါ။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်ထက်စံမှ ၎င်းရရန်ရှိသည့် အထက်ဖော်ပြပါ ဝင်းမြေ၏စာရွက်စာတမ်းများကို ပေးအပ်ရန်တောင်းရာ ဦးခွန်မောင်ဖစ်မှ နောက်ထပ်သိန်း ၁၀၀ (ကျပ်သိန်းတစ်ရာ)ပေးမှ စာရွက်စာတမ်းမူရင်းများပေးမည်ဟုပြောဆိုပြီး ဦးခွန်မောင်ဖစ်၏မိတ်ဆွေဖြစ်သူ တောင်ကြီးမြို့၌ နေထိုင်သော ဦးခွန်အောင်ဝင်းထံသို့ လွှဲပေးရန်ပြောဆိုသဖြင့် ၁၄-၃-၂၀၂၂ ရက်တွင် ငွေကျပ်သိန်း ၁၀၀(ကျပ်သိန်းတစ်ရာ)အား ဦးခွန်အောင်ဝင်းထံသို့ လွှဲအပ်ပေးသော်လည်း ယနေ့အချိန်အထိ စာရွက်စာတမ်းမူရင်းများကို ပေးအပ်ခြင်းမရှိသည့်အပြင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်ထက်စံ လုပ်ကိုင်နေသော အထက်ဖော်ပြပါလယ်ယာမြေအတွင်းသို့ ဦးခွန်မောင်ဖစ်၏ မိတ်ဆွေများမှ လာရောက်တားဆီးခြင်း၊ ခြိမ်းခြောက်ခြင်းပြုလုပ်နေသည်ဟု ကျွန်ုပ်၏မိတ်ဆွေ ပြောပြချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ လယ်ယာမြေနှင့်ပတ်သက်ပြီး လက်ရှိထား အကျိုးခံစားပိုင်ဆိုင်နေသူမှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်ထက်စံသာလျှင်ဖြစ်ပြီး ၎င်းရရန်ရှိသည့် အထက်ဖော်ပြပါ လယ်ယာမြေ၏စာရွက်စာတမ်းမူရင်းများကို ယခု ကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း လာရောက်အပ်နှံရန်နှင့် အထက်ဖော်ပြပါ လယ်ယာမြေသို့ ဦးခွန်မောင်ဖစ်အပါအဝင် မည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်တားဆီး ခြိမ်းခြောက်ခြင်းများမပြုလုပ်ရန် ဦးခွန်မောင်ဖစ်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။ ထိုရက်ကျော်လွန် သည်အထိ ဦးခွန်မောင်ဖစ်ဘက်မှ အထက်ဖော်ပြပါ လယ်ယာမြေ၏ စာရွက်စာတမ်းမူရင်း များအားလုံးကို လာရောက်ပေးအပ်ခြင်းမပြုလုပ်ပါက အဆိုပါ လယ်ယာမြေနှင့် ပတ်သက်၍ ဒေါ်သက်ထက်စံ အမည်ပေါက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ရရှိရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်ဆင့်အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဒေါ်သက်ထက်စံ | ဦးထွန်းမြတ် (စဉ်-၈၄၇၃) |
| ၅/မရန(နိုင်)၂၃၉၆၃၂ | တရားလွှတ်တော်ရှေ့နေ |
| ရွှေကုံ့ကော်လမ်း၊ နယ်မြေ(၆)၊ ညောင်ဦးမြို့ | ကျောက်ကျောလမ်း၊ ရန်ကင်းရပ်၊ မုံရွာမြို့ |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ (၂)လမ်း၊ ပြည်သာယာအိမ်ရာ၊ အမှတ်(၁၁၇/ခ-၂၉) အကျယ်အဝန်း(၈၀ ပေ x၉၂ပေ) ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒေါ်ဝင်းဝင်းမော် အမည်ပေါက် နှစ် (၆၀)မြေငှားဂရန်ဖြစ်သည့် မြေကွက်အား အမည်ပေါက်သူ ဒေါ်ဝင်းဝင်းမော်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်ထွန်းက အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကုန်ဆုံးသည့်ရက်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်သည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်ဇင်ဝင်းထိုက်(LL.B) | ဒေါ်အိဇင်မာဆန်း(LL.B) |
| စဉ်-၁၂၂၄(၁၄-၃-၂၀၁၇) | စဉ်-၁၀၅၀၆(၂၆-၃-၂၀၁၅) |

(တရားလွှတ်တော်ရှေ့နေများ)
အမှတ်-(၅၇၄)၊ဒူးယား(၄)လမ်း၊ (၅၀)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၇၂၄၀၂၁၈၈

## ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(ထင်းရှူးမြိုင်တိုးချဲ့)၊ ဦးပိုင်အမှတ်(၃၇)၊ မြေဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ မြေကွက်အား ခရိုင်မြို့ပြစနစ်စီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီ၊ လားရှိုးမြို့၏ ၂၂-၄-၂၀၁၄ ရက်စွဲပါ မြေပေးမိန့် အမှတ်(၇၁/၂၀၁၄)ဖြင့် ဦးအိုက်ပေါင်း၊ ဒေါ်နန်းတွမ်၊ ဒေါ်ထုရာတို့အမည်ဖြင့် ချထားပေးခဲ့ပြီး ဦးအိုက်ပေါင်း ၁၃/လရန(နိုင်)၀၁၉၅၄၉၊ ဒေါ်နန်းတွမ် ၁၃/လရန(နိုင်)၀၂၉၃၆၉ နှင့် ဒေါ်ထုရာ (၁၈-၈-၂၀၁၉ ကွယ်လွန်) ကိုယ်စား ၎င်း၏အမွေခံမောင်ဖြစ်သူ ဦးအောင်လ ၁/မကန(နိုင်)၁၀၁၇၄၈ တို့ထံမှ ၅-၁-၂၀၂၁ ရက်တွင် ဒေါ်ကေသီလှိုင် ၁၃/လရန(နိုင်)၁၄၅၅၃၀ သို့ အရပ်ရောင်း/ဝယ်စာချုပ်ဖြင့် ရောင်းချပေးပြီးဖြစ်၍ ဒေါ်ကေသီလှိုင်မှ မြေငှားဂရန်အသစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း ၂၀ အတွင်း လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

## မြိတ်မြို့ ကမ္ဘောဇဘဏ်နှင့် မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု၊ တောရကျောင်းရပ်၊ တောရအောက်ကျောင်းမှ ဦးပဍ္ဍင်း ဦးနန္ဒာစရိယနှင့် အများသိစေရန် ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကလွင်ကျေးရွာအုပ်စု၊ တောရကျောင်းရပ်၊ တောရအောက်ကျောင်းမှ ဦးပဍ္ဍင်း ဦးကောသလ္လ ၉/မခန(သ)၀၀၁၄၅၆ သည် ၁၄-၈-၂၀၂၁ ရက်တွင် ပျံလွန်ခဲ့ပါသည်။ ဦးကောသလ္လ၏မြိတ်မြို့ ကမ္ဘောဇဘဏ်တွင် အပ်နှံထားသော ငွေစာရင်းအမှတ်(၀၁၂၁၂၁၀၀၄၉၇၄၉) (0121210049749)ရှိ ငွေကျပ် ၂၃၉၇၉၀၃.၉၇ (ကျပ်နှစ်ရာတစ်ဆယ့်သုံးသိန်းကိုးသောင်းခုနစ်ထောင်ကိုးရာ သုံးကျပ် ကိုးဆယ့်ခုနစ်ပြား)တိတိကို ဦးပဍ္ဍင်း ဦးနန္ဒာစရိယ ၈/နမန(သ)၀၀၀၉၃၀ ၏ မြိတ်ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်(၀၁၂၁၂၀၀၈၇၈၇၁)(012120087871) သို့ စာရင်းလွှဲပြောင်းထုတ်ပေးခဲ့ကြောင်း သိရပါသည်။

ဤသို့ စာရင်းလွှဲပြောင်းထုတ်ယူခဲ့ခြင်းနှင့် ပတ်သက်၍ ဦးကောသလ္လ၏ မွေးချင်းညီအစ်ကိုမောင်နှမတို့က သဘောမတူကန့်ကွက်ပါကြောင်း မြိတ်မြို့ ကမ္ဘောဇဘဏ် ဦးနန္ဒာစရိယနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးငွေးအောင်ကျော်
(ဦးကောသလ္လ၏အစ်ကို)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၇၇)
၃၅/နယ်မြေ(၂)၊ ရပ်ကွက်(၉)၊ လားရှိုးမြို့
ဖုန်း-၀၉-၅၂၆၂၁၃၀

## အများသိစေရန်သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၅)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်(၈၇)နေ ဒေါ်သက်မာဦး ၁၂/ဒဂရ(နိုင်)၀၀၄၇၆၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်မာဦးမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၅၅ရပ်ကွက်၊ အမှတ်(၁၄၈၆/ခ)၊ အောင်မင်္ဂလာလမ်းရှိ ဒေါ်ခင်ခင်အေး ၁၂/ဗဟန(နိုင်)၀၃၀၄၇၀ အမည်ပေါက်မြေချပါမစ်မူရင်း၊ ဧရိယာ (၄၀ပေx၆၀ပေ) အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် ဧရိယာ (၂၀ပေx၆၀ပေ) ပါမစ်မူရင်း (ခြေရင်းခြမ်း)အား ဦးအောင်ကျော်မိုးထံမှ အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ အထက်ဖော်ပြပါ မြေချပါမစ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် အထက်ပါမြေချပါမစ်မူရင်းအား လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့်တစ်စုံတစ်ရာလွှဲပြောင်းထားခြင်းများ သိရှိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဒေါ်သက်မာဦး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုရည်လှိုင်(LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၃၄၅၀)
အမှတ် ၆၁၀၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်
ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅

## ဦးခွန်မြမောင် ၁၃/တကန(နိုင်)၀၀၈၀၆၄နှင့် အများသိစေရန် ကြေညာခြင်း

ညောင်ဦးမြို့၊ နယ်မြေ(၆)ရပ်ကွက်၊ ရွှေကုံ့ကော်လမ်းနေ ဒေါ်သက်ထက်စံ ၅/မရန(နိုင်)၂၃၉၆၃၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးခွန်မြမောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်ထက်စံ ၅/မရန(နိုင်)၂၃၉၆၃၂သည် တောင်ကြီးမြို့၊ ဝင်းယရပ်ကွက်၊ ကျောက်တစ်လုံးလမ်းနေ ဦးခွန်မြမောင် ၁၃/တကန(နိုင်)၀၀၈၀၆၄ထံမှ မြဝတီမြို့၊ ရေပူစမ်း၊ အမှတ်(၅)ရပ်ကွက်ရှိ ကွင်း/အကွက်အမှတ်နှင့် အမည် (၅၃-ဘီ-၁)၊ ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ ၂ ဒသမ ၅၀ဧကရှိ ဦးအောင်မင်းအမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိထားသော လယ်ယာမြေအား ၂-၂- ၂၀၁၇ရက်တွင် ငွေကျပ် ၅၇၅ သိန်း(ငါးရာခုနစ်ဆယ့်ငါးသိန်းကျပ်တိတိ)ကို အပြေအကျေ ပေးချေကာ အပြီးအပိုင်လွှဲပြောင်းဝယ်ယူခဲ့ပြီး ထိုရက်တွင်ပင် အဆိုပါလယ်မြေအား လက်ရောက်ရရှိခဲ့၍ ယနေ့အချိန်အထိ အကျိုးခံစားလုပ်ကိုင်နေသော လယ်ယာမြေဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့်ရက်တွင် အထက်ဖော်ပြပါလယ်ယာမြေနှင့် ပတ်သက်သည့်လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)၊ မြေစာရင်းပုံစံ(၁၀၅)တို့၏ မူရင်းမှာ ဦးခွန်မြမောင်ထံ၌ အဆင်သင့်ပါလာခြင်းမရှိဘဲ မိတ္တူသာပါလာသောကြောင့် အဆိုပါမိတ္တူနှင့်အတူ ဦးအောင်မင်းထံမှ ဦးခွန်မြမောင် ဝယ်ယူထားသော အရောင်းအဝယ်စာချုပ်မိတ္တူတို့ကို ပေးအပ်ထားရှိပြီး မူရင်းကို ဦးခွန်မြမောင်နေထိုင်ရာ တောင်ကြီးမြို့သို့ လာရောက်ရယူရန် ကတိပြုခဲ့ကြသည်။ ထိုသို့ကတိပြုပြီးနောက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်ထက်စံမှာ အနယ်နယ်အရပ်ရပ်သို့ခရီးလွန်နေခြင်း၊ ကိုဗစ်-၁၉ ရောဂါပြန့်ပွားနေ၍ တောင်ကြီးမြို့မှ လူအဝင်အထွက်ကန့်သတ်ထားခြင်းတို့ကြောင့် ဦးခွန်မြမောင်ထံမှ အထက်ဖော်ပြပါ ဝင်းမြေ၏ စာရွက်စာတမ်းမူရင်းများ သွားရောက်ရယူခဲ့ရခြင်းမရှိပါ။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်ထက်စံမှ ၎င်းရရန်ရှိသည့် အထက်ဖော်ပြပါဝင်းမြေ၏ စာရွက်စာတမ်းများကို ပေးအပ်ရန်တောင်းရာ ဦးခွန်မြမောင်မှ နောက်ထပ်သိန်း (၁၀၀)(ကျပ်သိန်းတစ်ရာ) ပေးမှ စာရွက်စာတမ်းမူရင်းများပေးမည်ဟု ပြောဆိုပြီး ဦးခွန်မြမောင်၏ မိတ်ဆွေဖြစ်သူ တောင်ကြီးမြို့၌ နေထိုင်သော ဦးခွန်အောင်ဝင်းထံသို့ လွှဲပေးရန်ပြောဆိုသဖြင့် ၁၄-၃-၂၀၂၂ ရက်တွင် ကျပ်သိန်း ၁၀၀ (ကျပ်သိန်းတစ်ရာ)အား ဦးခွန်အောင်ဝင်းထံသို့ လွှဲအပ်ပေးသော်လည်း ယနေ့အချိန်ထိ စာရွက်စာတမ်းမူရင်းများကို ပေးအပ်ခြင်းမရှိသည့်အပြင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်ထက်စံလုပ်ကိုင်နေသော အထက်ဖော်ပြပါ လယ်ယာမြေအတွင်းသို့ ဦးခွန်မြမောင်၏ မိတ်ဆွေများမှ လာရောက်တားဆီးခြင်း၊ ခြိမ်းခြောက်ခြင်း ပြုလုပ်နေသည်ဟု ကျွန်ုပ်၏မိတ်ဆွေ ပြောပြချက်အရ သိရှိရပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါလယ်ယာမြေနှင့်ပတ်သက်ပြီး လက်ရှိထား အကျိုးခံစားပိုင်ဆိုင်နေသူမှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်ထက်စံသာလျှင်ဖြစ်ပြီး ၎င်းရရန်ရှိသည့် အထက်ဖော်ပြပါလယ်ယာမြေ၏ စာရွက်စာတမ်းမူရင်းများကို ယခုကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်အပ်နှံရန်နှင့် အထက်ဖော်ပြပါ လယ်ယာမြေသို့ ဦးခွန်မြမောင်အပါအဝင် မည်သူတစ်ဦးတစ်ယောက်မျှ ဝင်ရောက်တားဆီးခြိမ်းခြောက်ခြင်းများ မပြုလုပ်ရန် ဦးခွန်မြမောင်နှင့်အများသိစေရန် ကြေညာအပ်ပါသည်။ ထိုရက်ကျော်လွန်သည်အထိ ဦးခွန်မြမောင်ဘက်မှ အထက်ဖော်ပြပါ လယ်ယာမြေ၏ စာရွက်စာတမ်းမူရင်းများအားလုံးကို လာရောက်ပေးအပ်ခြင်းမပြုလုပ်ပါက အဆိုပါလယ်ယာမြေနှင့်ပတ်သက်၍ ဒေါ်သက်ထက်စံအမည်ပေါက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ရရှိရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်ဆင့်အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဒေါ်သက်ထက်စံ | ဦးထွန်းမြတ် (စဉ်-၈၄၇၃) |
| ၅/မရန(နိုင်)၂၃၉၆၃၂ | တရားလွှတ်တော်ရှေ့နေ |
| ရွှေကုံ့ကော်လမ်း၊ နယ်မြေ(၆)၊ ညောင်ဦးမြို့ | ကျောက်ကျောလမ်း၊ ရန်ကင်းရပ်၊ မုံရွာမြို့ |

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သောလုပ်ငန်းများဖြစ်သော Nonfood Items များနှင့် Oxygen Plant 20 Nm3 Containerized (Included Generator) လုပ်ငန်းဆောင်ရွက်ရန် အိတ်ပိတ်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါပုံစံစတင် ထုတ်ယူရမည့်အချိန် | - ၂၉-၃-၂၀၂၂ရက်၊ နံနက် ၁၀:၀၀နာရီ |
| | တင်ဒါပုံစံများနောက်ဆုံး လာယူရမည့်ရက် | - ၁-၄-၂၀၂၂ရက်၊ ညနေ ၄:၀၀နာရီ |
| | တင်ဒါပိတ်မည့် ရက်နှင့်အချိန် | - ၆-၄-၂၀၂၂ရက် ၊ ညနေ ၃:၀၀နာရီ |
| | တင်ဒါပုံစံများကို ထုတ်ယူရမည့် နေရာနှင့်တင်သွင်းရမည့်နေရာ | - ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူဖြည့်တင်းရေးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရန်ကုန်ရုံးခွဲ၊ အမှတ်-၄၂၊ ကမ်းနားလမ်း၊ စတုတ္ထအထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းအသေးစိတ်ကိုသိရှိရန် ဖုန်းအမှတ်-၀၁-၃၉၂၀၂၈၊ ၃၉၂၀၂၉၊ ၃၉၂၀၃၀(လိုင်းခွဲ-၁၁၉) တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ အောင်ချမ်းသာကျေးရွာ၊ ကွင်း/ အကွက်အမှတ်(၆၅၅)၊ ဦးပိုင်အမှတ်(၂က/၂)၊ မြေဧရိယာ ၀ ဒသမ ၆၄၁ ဧကရှိ မြေကွက်နှင့် ၎င်းမြေပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အအုံ၊ ရေ၊ မီး၊ မီတာအပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား (၁) ဒေါ်တင်တင်ချို ၁၂/ဥကတ(နိုင်)၀၂၄၀၆၇၊ (၂) ဒေါ်ဝင်းမာကြည် ၇/ပတန(နိုင်)၀၆၅၉၈၀ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အိမ်ခြံမြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြဖြူဖြူမင်း(စဥ်-၄၀၁၉၄)**
**အထက်တန်းရှေ့နေ**
**ရပ်ကွက်ကြီး(၁၇)၊ အနီးစခန်း၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၅၀၉၃၃၃၀**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်(RA-III/ကွက်ပြင်)၊ ဦးပိုင်အမှတ်(၇၇-ခ/၃)၊ မြေယာအမှတ်(၂၀/၄၄၇-D)၊ မြေဧရိယာ ၀ ဒသမ ၇၄ ဧကမှ ယာယီသတ်မှတ်ထားသော မြေကွက်အမှတ်(A-3)၊ အကျယ်အဝန်း(၂၄-၂၇x၃၈) ပေရှိ မြေကွက်အား ဒေါ်နန်းစိန်မြအမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေကွက်တွင် အဆောက်အအုံဆောက်လုပ်ခြင်း ဆောင်ရွက်နိုင်ရေး ဒေါ်နန်းစိန်မြ ၉/မမန(နိုင်) ၀၃၉၀၇၆မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးရုံး အင်ဂျင်နီယာဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ကြော်ငြာပါသည့်ရက်မှစ၍ ရက် ၃၀ အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်နန်းစိန်မြ ၉/မမန(နိုင်)၀၃၉၀၇၆**
**ကွင်း/အကွက်အမှတ်(RA-III/ကွက်ပြင်)**
**နှင်းဆီလမ်းသွယ်(၁)၊ ရက်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဝါးခယ်မမြို့နယ်၊ ရွှေလောင်းကျေးရွာ၊ အမှတ်(၅၅၄)၊ သီတာလမ်းနေ (ဦးစိန်မောင်) ၁၄/ဝခမ(နိုင်)၀၄၅၉၄၂နှင့် ဒေါ်ယဉ်ဆွေ ၁၄/ဝခမ(နိုင်)၀၄၅၉၄၁ တို့၏ သား မောင်မင်းဇင် ၁၄/ဝခမ(နိုင်)၁၅၉၅၃၈သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ဆိုဆုံးမမှုကို မနာခံသဖြင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**(ဦးစိန်မောင်)-ဒေါ်ယဉ်ဆွေ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ရွှေလဝင်းလမ်း၊ တိုက်အမှတ်(၁၇/၁၉)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၇)ထပ်တိုက်၏ ဆဋ္ဌမထပ်(၇-လွှာ)(ဘီ)တိုက်ခန်းနှင့် တိုက်ခန်းတွင်တပ်ဆင်ထားသော ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်ဆက်စာချုပ်များဖြင့် ဝယ်ယူထားသူ ဒေါ်မြတ်စန္ဒာယု ၁၂/ကမတ(နိုင်)၀၅၀၀၆၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဝင်းထွန်း ၁၂/စခန(နိုင်)၀၆၀၂၅၄ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇေယျ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၂၄၅)**
**တိုက်အမှတ်(B-6)၊ အခန်း(၄၀၁)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၇၇၈၃၅၁၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ မြို့မရပ်ကွက်၊ မြို့မ(၁)လမ်းရှိ အကွက်အမှတ်(၁)၊ အုတ်ဖိုအရှေ့ရပ်၊ ဦးပိုင်အမှတ်(၈၄-က)၊ မြေဧရိယာ အကျယ်အဝန်း ၀ ဒသမ ၀၅၈ ဧက၊ အလျား ၉၀ ပေ၊ အနံ ၂၈ ပေရှိသော မြေကွက်နှင့် အဆိုပါမြေကွက်၏ မူလပိုင်ရှင် ဦးချစ်နိုင်(ကွယ်လွန်)သူ၏ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် သားသမီးများဖြစ်သော ဦးဝေမျိုးထက် ၇/အဖန(နိုင်)၀၀၁၂၉၆၊ ဒေါ်သဥ္ဇာမျိုးထက် ၇/အဖန(နိုင်)၀၆၁၄၄၆ နှင့် ဦးနေဇော်မျိုးထက် ၇/အဖန(နိုင်)၀၇၈၉၆၆ တို့မှ အဆိုပါ မြေကွက်နှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အပါအဝင် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံအရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေထံသို့ ရောင်းချခဲ့ပြီး အဆိုပါအရောင်းအဝယ်အတွက် ငွေအပြေအကျေ ပေးချေရန် အနည်းငယ်သာလိုအပ်သည်ဖြစ်ပါသဖြင့် ယခုအရောင်းအဝယ်နှင့် ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ယခုကြေညာပါသည့်ရက်မှစပြီး ၁ လအတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းဇော်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၉၅၃) (၁၃-၁၁-၂၀၁၈)**
**အင်းဝလမ်း၊ မိုးညိုတန်းရပ်ကွက်၊ အုတ်ဖိုမြို့၊ ဖုန်း-၀၉-၂၅၄၄၅၈၆၆၅**

## အများသိစေရန် သတိပေးတားမြစ်ကြော်ငြာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူဦးဝင်းစိုလ်(၁၂/ဥကတ(နိုင်)၀၁၆၅၉၈)၊အမှတ်(၃၂)၊ကျောက်မြောင်းဈေးလမ်း၊တာမွေမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြော်ငြာအပ်ပါသည်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြတ်မွန်လမ်း၊ မြေကွက်အမှတ်(၄၈၂)၊ အကျယ်အဝန်း (၄၄ပေ×၆၀ပေ)ရှိ ဦးလှရွှေ(CE-၀၄၂၄၀၄) အမည်ပေါက်နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်ကြသည့် ဒေါ်စန်းစန်းငွေ(၁၂/ဥကတ(နိုင်)၀၅၆၉၀၄)၊ ဦးဇော်ထွန်း(၁၂/ဥကတ(နိုင်)၁၂၄၉၈၅)၊ဒေါ်စုစုကြည်(၁၂/ဥကတ(နိုင်)၀၅၁၁၄၆) ဒေါ်ကြည်ကြည်ဝင်း(၁၂/ဥကတ(နိုင်)၀၅၆၇၃၀)နှင့် ဒေါ်ရီဝေထွန်း (၉/မထလ(နိုင်)၂၁၃၆၈၃)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှဝယ်ယူခဲ့သည်ဖြစ်၍စရံငွေ တစ်ချို့တစ်ဝက်အား လည်း ပေးချေထားပြီးဖြစ်ပါသည်။ ထိုသို့ဝယ်ယူရာတွင် ငွေဆက်လက်ပေးချေခြင်းအား ရောင်းသူများမှ အကြောင်းအမျိုးမျိုးပြ၍ လက်မခံဘဲ အရောင်းအဝယ်အား နှောင့်နှေးကြန့်ကြာအောင် ဆောင်ရွက်နေပါသည်။

သို့ပါ၍ အထက်ဖော်ပြပါအိမ်ခြံမြေနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်တို့၏မိတ်ဆွေနှင့်တကွ ကျွန်ုပ်တို့မသိမရှိဘဲ ကာယကံရှင်တို့မှသော်လည်းကောင်း၊ တဆင့်လွှဲပြောင်းရယူထားသူများမှသော်လည်းကောင်း၊ ထပ်မံလွှဲပြောင်းရောင်းချခြင်းနှင့် တကွ ကျွန်ုပ်တို့၏ မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ စီမံခန့်ခွဲမှုများဆောင်ရွက်ပါက တည်ဆဲဥပဒေအ ရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းဝင်းဖြိုး** — LL.B, D.B.L, D.I.L, U.F.L (eng) — အထက်တန်းရှေ့နေ (စဥ်-၃၇၈၂၄) — Hein Htet San Law Firm

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးဇော်မျိုးနိုင်** — LL.B, D.B.L — အထက်တန်းရှေ့နေ (စဥ်-၄၅၆၅၃) — ဖုန်း - ၀၉-၂၅၀၂၉၀၇၈၁၊၀၉-၄၂၁၁၂၀၃၄၇

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်1G/9952 Honda Fit GD2,Hatch Back (4x2)R ယာဉ်အမည်ပေါက်သူ ဒေါ်မြင့်မြင့်အေး ၁၂/ဒပန (နိုင်)၀၂၁၁၈၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်5G/6777 Toyota Crown GRS1x2 S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ညီမိုးဝေ ၁၂/ဥကတ(နိုင်)၁၉၅၉၉၁က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ ဒု-တပ်ကြပ်ငွေသိန်း (ကိုယ်ပိုင်အမှတ် ၆၁၆၇၀၆) ၇/ရတန(နိုင်)၀၀၄၈၉၀ (ဘ) ဦးညို အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(c)၂၉၃၄ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်မာလာမြင့် ၁၂/အစန(နိုင်)၁၀၅၈၈၂ (ဘ) ဦးမြင့်သန်းမှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မှုရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဒု-တပ်ကြပ်ငွေသိန်း သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ ကြို့သုံးပင်ရပ်ကွက်၊ အမှတ်(၅/၁၀၉)၊ ဗိုလ်ချုပ်လမ်း၊ ကွင်း/အကွက်အမှတ်(847-C/6)ဆီးယင်းမြောက်၊ ဦးပိုင်အမှတ်(၁၄၅)၊ မြေဧရိယာ ၀ ဒသမ ၀၄၃ ဧကရှိမြေကွက်အား လက်ရှိနေထိုင်အသုံးပြုလျက်ရှိသည့်ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးဇော်ဖြိုးထက် ၅/ကလထ(နိုင်)၁၈၀၀၈၀ အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရန် လျှောက်ထားရယူမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ မြေငှားဂရန်အသစ်လျှောက်ထားမှုအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မှတ်ပုံတင်၊ စာချုပ်စာတမ်းစသည့်အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းနိုင်ဦး (LL.B)**
**စဥ်-၁၄၂၈/၁၈**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၄၀၀၃၀၉၆၃၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဒေါ်သီတာဖြူ ၁၂/သဃက (နိုင်)၀၀၃၆၉၇ (ဘ) ဦးကျော်သိန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၀၁၇၁)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၂၉/၂၀၂၁(၂၉-၁၀-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်နေထက်ထွန်း ၅/ကလတ(နိုင်)၀၀၁၃၀၇ (ဘ) ဦးစံလှမှ ဒေါ်အေးအေးငြိမ်း ၉/ခအဇ(နိုင်)၀၁၅၉၉၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## ပတ်စ်ပို့ပျောက်

ကျွန်မ မပွင့်ဖြူ ၈/တတက(နိုင်)၂၀၈၇၁၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် ကိုထွေး ၈/သရန (နိုင်)၁၀၆၀၈၁ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မမာမာ ၈/တတက(နိုင်)၁၄၆၅၄၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4L/6839 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/9492 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7M/7569 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/6579 Honda Fit S/W (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွေး ၁၂/သဃက(နိုင်) ၀၉၅၆၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပျောက်ဆုံးကြောင်း

ကျွန်မ မနားဆာဒွေ့ ၁/မကန(နိုင်)၂၅၁၁၂၄၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၅၉၅၆၁၅**

## ပျောက်ဆုံးကြောင်း

ကျွန်မ မကာရီသရီး ၁/မကန(နိုင်)၂၄၃၄၄၈၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၉၈၅၇၄၀၀**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်းအမှတ်/အမည် ၇/ပဒေသာ၊ ဦးပိုင်အမှတ်(၇၇)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဂရန်မြေကွက်အား ဒေါ်ရွှေရီ ၉/မမန(နိုင်)၀၅၅၀၈၃ နှင့် ဒေါ်ချိုဇင်ယု ၉/မမန(နိုင်)၀၈၇၀၃၈က မြေငှားဂရန် အမည်ပြောင်းပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ် ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုး၊ ဆန္ဒမွန်လမ်း၊ အမှတ်(၅၇၇)နေ (ဦးမိုးခိုင်)-ဒေါ်တင်တင်အေး ၉/မမန(နိုင်)၀၀၉၄၄၁ တို့၏သား မောင်မိုးသူရိန် ၉/ပဥလ(နိုင်) ၀၅၆၀၆၂သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှ ထွက်သွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်ဆောင်ရွက်သော ကိစ္စရပ်များသည် မိဘများနှင့် သက်ဆိုင်မှုမရှိသဖြင့် မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဒေါ်တင်တင်အေး ၉/မမန(နိုင်) ၀၀၉၄၄၁**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၃၉၃

| | | |
|---|---|---|
| ဦးမျိုးလှိုင် | နှင့် | ၁။ ဒေါ်စန်းစန်းရီ<br>၂။ ဒေါ်ရီလေးလွင်<br>၃။ ဒေါ်မေသက်ထားအောင်<br>၄။ ဒေါ်ယဉ်မိုးသက် |
| တရားလို | | တရားပြိုင်များ |

ရန်ကုန်တိုင်းဒေသကြီးမင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရှေ့ရပ်ကွက်၊ သိမ်ဖြူလမ်း၊ ပထမထပ်(ဝဲ) အမှတ် ၅၂၅/က ရပ်နေ ဒေါ်ယဉ်မိုးသက် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဦးမျိုးလှိုင်က ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး၏ တရားမကြီးမှုအမှတ်-၂၁၈/၂၀၁၁ ၏(၆-၁-၂၀၁၆)ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီသည် တရားလိုအပေါ် အကျိုးသက်ရောက်မှု မရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဧပြီ ၁၉ ရက် (၁၃၈၄ ခုနှစ် တန်ခူးလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလိုအဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် မတ် ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မြတ်မြတ်ထွန်း)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း Yangon Region Gold Entrepreneurs Association (YGEA)၏ အများပြည်သူသိစေရန် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းသည် ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် ၄၂/၅၀(ပထမထပ်)တွင် ၂၀၀၈ခုနှစ်မှ စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အသင်း၏ Logo အမှတ်တံဆိပ်၊ စည်းတံဆိပ်များဖြင့် တရားဝင်ရုံးခန်းဖွင့်လှစ်ကာ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နေသော အသင်းအဖွဲ့ဖြစ်ပါသည်။ အသင်းရုံးသည် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ဖွင့်လှစ်ထားပြီး တနင်္ဂနွေနေ့တွင် ပိတ်ရက်အဖြစ် သတ်မှတ်ထားကာ ကမ္ဘာ့ရွှေဈေးကွက်နှင့်အညီ နေ့စဉ်ရွှေဈေးများကို ဖွင့်လှစ်၍ အချိန်ကာလအလိုက် Current ရွှေဈေးများကို တရားဝင်ထုတ်ပြန်ကြေညာလျက်ရှိပါသည်။ အသင်းကို သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများနှင့်အညီ ဖွဲ့စည်းထားပြီး အသင်းသားများကို စည်းမျဉ်းစည်းကမ်းနှင့်အညီ လက်ခံခွင့်ပြုခဲ့ပါသည်။ ယခုအခါ မသမာသူ/ရွှေ အရောင်းအဝယ်လုပ်သူ စီးပွားရေးသမားတချို့က အစဉ်အလာကောင်းဖြင့် ရန်ကုန်ရွှေဈေးကွက်ဖွင့်လှစ်ဆောင်ရွက်နေသော ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း၏ ပုံရိပ်ကို ထိပါးစေသည့် အရေးအသား၊ အပြောအဆို၊ ဖြန့်ဝေခြင်း စသည့် ဥပဒေနှင့်မညီသည့် လုပ်ရပ်များကို ဆောင်ရွက်နေကြောင်း သိရှိလာရပါသည်။ အဆိုပါ အပြုအမူလုပ်ရပ်များကို ရပ်တန့်ကြပါရန် သတိပေးတားမြစ်ပါသည်။ အသင်း၏တာဝန်ရှိ အလုပ်အမှုဆောင်အဖွဲ့လူကြီးများနှင့် အဖွဲ့၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆုံးဖြတ်ကြေညာဆောင်ရွက်ချက်များကိုလည်းကောင်း၊ အသင်း၏ရည်ရွယ်ချက်၊ နိုင်ငံတော်၏အခါအားလျော်စွာ ထုတ်ပြန်သော မူဝါဒများနှင့်အညီ ရွှေဈေးနှုန်းတည်ငြိမ်ရေးကို အဓိက ဦးစားပေးလုပ်ဆောင်နေသည့် YGEA အသင်းကို ဆန့်ကျင်သမျှလုပ်ရပ်များကိုလည်းကောင်း၊ YGEA အသင်း၏ တရားဝင်ကုန်အမှတ် တံဆိပ်၊ လုပ်ငန်းအမည်ကောင်းတို့နှင့်တကွ YGEA ၏ပုံရိပ်ကိုထင်ယောင်ထင်မှား အလွဲအသုံးချ၍ ကိုယ်ကျိုးစီးပွားရှာသည့်လုပ်ရပ်များကိုလည်းကောင်း၊ (အသင်း၏ပုံရိပ်ကို ထိခိုက်သမျှ လုပ်ရပ်များအားလုံးကို) တည်ဆဲ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ငြိမ်း(ဖောင်တော်သီ)(စဥ်-၂၃၀၂)** — B.A(Law),LL.B,D.B.L,D.M.L
**ဒေါ်ခင်မေသန်း(စဥ်-၃၂၂၈)** — LL.B,D.B.L,D.M.L,D.I.L
**ဦးမျိုးသိန်းငွေး(စဥ်-၁၃၉၃၃)** — LL.B,D.B.L,D.I.L,D.M.L,D.I.P.L
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၆၂၊ ပထပ်)၊ ၃၅-လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း ဒါယိကာမကြီး

# ဒေါ်ကျင်သန်း(ခ)ရီကင်

### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ (လှည်းတန်း)၊ ပေ ၅၀လမ်း၊ အမှတ် ၄၈နေ (ဦးစွိတီ-ဒေါ်သိန်းညွန့်) တို့၏သမီး၊ (ဦးထူးဆန်း-ဒေါ်ကျင်မှုံ)တို့၏ ချွေးမ၊ [ဉူးသူရိယ(ခ)ခွန်ဟော့(ခ)ဦးသန်းရွှေ] ၏ဇနီး၊[ ဦးလှညွန့်(ခ)ဆန်နီ]-ဒေါ်မြင့်မြင့်၊ ဦးရွှေဆန်း-ဒေါ်မိမိသွင်၊ ဦးညွန့်မောင်(ခ)မော်နီ-ဒေါ်စန်းစန်းဝင်း(ဖူးသစ်စ စတိုး)၊ ဦးဝင်းမြင့်ဦး-ဒေါ်မိမိမော်၊ ဦးစိုးနိုင်(ခ)ပေါက်ကြီး-ဒေါ်ချိုချိုသန်း၊ ဦးဘသန်း(ခ) တိုးတိုး-ဒေါ်ဆွေဆွေနိုင်(ဝင်းသော်တာ စတိုး)တို့၏ မွေးသမိခင်၊ မြေး ၁၆ယောက်၊ မြစ် ငါးယောက်တို့၏ အဘွားသည် ၂၇-၃-၂၀၂၂ရက်(တနင်္ဂနွေနေ့) ညနေ ၆:၂၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၂၂ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

(နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂-၄-၂၀၂၂ရက်(စနေနေ့)နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒေါ်မြအေး

## ကွမ်းခြံကုန်းမြို့

### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ကုန်သည်လမ်း၊ တိုက်အမှတ်(၄၃၂)၊ မြေညီထပ်နေ (ဦးဖိုးမှင်-ဒေါ်ဖြူ)တို့၏သမီး၊ (ဦးအေး)(လယ်စိုက်ရှင်း)၏ဇနီး၊ ဦးမြင့်သူ (မြန်မာ့ပုလဲ)-ဒေါ်ခင်သန်းလွင်၊ ဦးကြည်လွင်ဦး-ဒေါ်ခင်သန်းစိန်၊ ဦးဇော်မြင့်-ဒေါ်တင်တင်ဝင်း၊ ဦးစိုးမိုးနိုင်-ဒေါ်အေးအေးမွန်တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေးကိုးယောက်တို့၏ချစ်လှစွာသော အဘွား ဒေါ်မြအေး အသက်(၈၇)နှစ်သည် ၂၈-၃-၂၀၂၂ရက် နံနက် ၆:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၂၂ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးရဲကျော်မြ

### အသက်(၅၃)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲကျော်မြသည် ၂၆-၃-၂၀၂၂ရက် (စနေနေ့) နံနက် ၉:၂၀နာရီတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ**
**သံတမန်ရေးရာဦးစီးဌာန**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါသည်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေကွက်အမှတ် (ဒ-၂၃၆၅)၊(၁၁၀ X၁၀၀)ပေ၊ ဧရိယာ ၀ဒသမ ၂၃၇ ဧကရှိ မြေကွက်အား မူလပိုင်ရှင် ဒေါ်ခင်စုစုရီ ၇/ထတပ(နိုင်)၀၀၂၄၀၀ မှ အမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်ဌွေး ၈/မမန(နိုင်)၁၂၅၈၃၂ မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း စာချုပ်စာတမ်းမူရင်းများ နှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမြင့်ဌွေး** | **ဒေါ်တင်မို့မို့စိန်(စဉ်-၉၃၀၉/၂၀၁၃)** |
| **၈/မမန(နိုင်)၁၂၅၈၃၂** | **တရားလွှတ်တော်ရှေ့နေ** |
| **အိမ်အမှတ်(၃၅၃)၊ လမ်း ၄၀နှင့်** | **အိမ်အမှတ်(၄၀၈)၊ ပိတောက်လမ်း** |
| **မဟာစည်လမ်းထောင့်** | **ပြည်စံအောင်ရပ်ကွက်၊** |
| **မဟာအောင်မြေမြို့နယ်၊** | **ဇေယျာသီရိမြို့** |
| **မန္တလေး၊ရွှေမင်းသားရပ်၊** | **နေပြည်တော်၊** |
| | **ဖုန်း-၀၉-၄၃၀၃၅၉၉၇** |

## ကန့်ကွက်နိုင်ပါသည်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေကွက်အမှတ် (ဒ-၂၃၄၆)၊(၁၂၀ X ၁၀၀)ပေ၊ ဧရိယာ ၀ဒသမ ၂၂၉ ဧကရှိ မြေကွက်အား မူလပိုင်ရှင် ဒေါ်သိင်္ဂီဝင်း ၇/သဝတ(နိုင်)၀၆၃၇၄၆ မှ အမည်ပေါက် ပိုင်ဆိုင်ပြီး ၎င်းထံမှ ဦးနီတိုး(ခ) ဦးအုံးဖေ ၁၂/တမန(နိုင်)၀၇၀၃၄၃ မှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယင်းမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို ဦးနီတိုး(ခ)ဦးအုံးဖေမှ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်ဌွေး ၈/မမန(နိုင်)၁၂၅၈၃၂ မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးမြင့်ဌွေး** | **ဒေါ်တင်မို့မို့စိန်(စဉ်-၉၃၀၉/၂၀၁၃)** |
| **၈/မမန(နိုင်)၁၂၅၈၃၂** | **တရားလွှတ်တော်ရှေ့နေ** |
| **အိမ်အမှတ်(၃၅၃)၊ လမ်း ၄၀နှင့်** | **အိမ်အမှတ်(၄၀၈)၊ ပိတောက်လမ်း** |
| **မဟာစည်လမ်းထောင့်** | **ပြည်စံအောင်ရပ်ကွက်၊** |
| **မဟာအောင်မြေမြို့နယ်၊ မန္တလေး၊** | **ဇေယျာသီရိမြို့** |
| **ရွှေမင်းသားရပ်၊** | **နေပြည်တော်၊ ဖုန်း-၀၉-၄၃၀၃၅၉၉၇** |

## ပုလောမြို့နယ်အသင်း(ရန်ကုန်)

# ဒေါ်တင်ကြူ(ပုလော)

### သက်ကြီးကန်တော့ခံပုဂ္ဂိုလ်၊ အသင်းဝင်အမှတ်-၈၃၈

### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်၊ အောင်ချမ်းသာ အိမ်ရာ၊ တိုက် ၅၊ အမှတ် ၂၀၃/၂၀၄ နေ(ဦးခင်နွယ်၊ နာယက၊ ပုလောမြို့နယ်အသင်း၊ ရန်ကုန်) ၏ဇနီးသည် ၂၇-၃-၂၀၂၂ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၂၂ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

**အမှုဆောင်အဖွဲ့**

# ဒေါ်တင်ရီ

## (လျှော်ရွေး လျှော်ထုတ်လုပ်ငန်း)(အငြိမ်းစား)

### အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ (ဦးဝင်းတင်)၏ဇနီး၊ ရန်ကုန်မြို့နေ (ဦးဘမောင်-ဒေါ်နှင်းညွန့်)တို့၏သမီးထွေး၊ (ဦးအောင်စိန်-ဒေါ်တင်တင်အေး)တို့၏ သမီးချွေးမ၊ (ဦးလှိုင်တုတ်)(ဒေါ်တင်အေး)၊(ဒေါ်တင်လှ)၊(ဦးညွန့်ဟန်-ဒေါ်နန့်သိန်း)၊ (ဦးညွန့်စိန်) တို့၏အစ်မ၊ ဒေါ်တင်ထူးထူးအောင်(မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)၊ ဦးမြင့်ကိုကို-ဒေါ်တင်လင်းလင်းအောင်( San Lwin Co.,Ltd)တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မဆုလဲ့ရတီ၏ အဘွားသည် ၂၈-၃-၂၀၂၂ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၂၂ရက် မွန်းလွဲ ၂နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါသည်။

(နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၂၂ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

# ဦးရဲကျော်မြ

## ညွှန်ကြားရေးမှူးချုပ်

## နိုင်ငံခြားရေးဝန်ကြီးဌာန

### အသက်(၅၃)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲကျော်မြသည် ၂၆-၃-၂၀၂၂ရက် (စနေနေ့) နံနက် ၉:၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီးနှင့်အရာထမ်း/အမှုထမ်းများ**
**မြန်မာသံရုံး၊ တိုကျိုမြို့**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဦးရိုကူးငါ ၁၂/မဂဒ(နိုင်)၀၄၂၈၁၈ နှင့် ဦးဂျေလီအောင် ၄/မတပ(နိုင်)၀၅၀၆၂၉ တို့သည် ဦးနေဝင်းသိန်း ၁၂/မဂဒ(နိုင်)၀၉၆၀၆၁ ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ရွာသစ်ကျေးရွာ၊ ရွှေသဇင်လမ်း၊ အမှတ် ၁၆၃၊ ဦးပိုင်အမှတ် (၅၆)၊ ကွင်းအမှတ်(၅၂၈/ခ)၏ မခွဲမစိတ်ရသေးသော မြေကွက်မှ အကျယ်အဝန်း (၃၀X၆၀)ပေ မြေပိုအပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုစာမှတ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်ခင်-တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၆)**
**တိုက်(၂၅၅)၊ အခန်း(၅)၊ ရန်အောင်လမ်းသွယ်(၇)၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်**
**ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်အိအိခင် ၁၂/ရကန(နိုင်)၀၆၈၆၄၉ သည် ဒေါ်ခင်ထူး ၁၁/ရဗန(နိုင်)၀၀၀၉၈၁ ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊(၂)ရပ်ကွက်၊ ရန်အောင်လမ်း၊ တိုက်အမှတ် (၂၆၅)၊ အခန်း အမှတ်(၆) ဟုခေါ်တွင်သော တိုက်ခန်းနှင့် ထိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုစာမှတ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်ခင်-တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၆)**
**တိုက်(၂၅၅)၊ အခန်း(၅)၊ ရန်အောင်လမ်းသွယ်(၇)၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်**
**ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆**

## အများသိစေရန် ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ ဂေါ်ရခါးလမ်း၊ အမှတ် ၆၈နေ ဒေါ်ကြူကြူ ၉/မမန(နိုင်)၀၁၇၁၉၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ရပ်ကွက်ကြီး(၄)၊ (၆)ရပ်ကွက်၊ ဈေးမြောက်ရပ်၊ မြေယာအမှတ်(7)၊ ဦးပိုင်အမှတ်(၅၄)၊ ဧရိယာ ၀ဒသမ ၀၈၆ ဧကပေါ်တွင် ဆောက်လုပ်ထားသော အခန်းအမှတ်(A-7)၊ (၁၉ X ၄၅)ပေနှင့်B-4(၁၅ X ၅၀)ပေရှိ တိုက်ခန်းများမှာ ပိုင်ဆိုင်မှု စာရွက်စာတမ်းများနှင့် တကွ ဒေါ်ကြူကြူမှ လက်ရှိထား ပိုင်ဆိုင်၍ ငှားရမ်းနေသော အခန်းများဖြစ်ပါသည်။ ဒေါ်ကြူကြူ ကွယ်လွန်လျှင် အဆိုပါ အခန်းများအား ဦးဟိန်းလင်းထွန်း ၉/ပဥလ(နိုင်)၀၆၀၇၈၁ ကို ပေးကမ်းလိုသောကြောင့် ၅-၆-၂၀၂၀ ရက်တွင် မေတ္တာဖြင့် အပေးစာချုပ်ချုပ်ဆိုခဲ့သော်လည်း ဦးဟိန်းလင်းထွန်း လက်ဝယ်သို့ အဆိုပါ တိုက်ခန်းများသော်လည်းကောင်း၊ ပိုင်ဆိုင်မှုစာရွက်စာတမ်းများသော်လည်းကောင်း၊ တစ်စုံတစ်ရာ လက်ရောက်ပေးအပ်ခဲ့ခြင်းမရှိပါက၊ ယခုအခါ ဒေါ်ကြူကြူ သက်ရှိထင်ရှားရှိစဉ် ဦးဟိန်းလင်းထွန်းမှာ ၁၈-၃-၂၀၂၂ရက်၌ ကွယ်လွန်သွားပြီးဖြစ်၍ ဒေါ်ကြူကြူကွယ်လွန်လျှင် ဦးဟိန်းလင်းထွန်းရရှိစေရန် ရည်ရွယ်၍ ချုပ်ဆိုပေးခဲ့သော အဆိုပါ တိုက်ခန်းများ၏ ၅-၆-၂၀၂၂ရက်စွဲပါ အပေးစာချုပ်မှာ ပျက်ပြယ်သွားပြီဖြစ်ကြောင်းနှင့် ဒေါ်ကြူကြူဘက်မှလည်း ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း၊ အဆိုပါ အခန်းများကို ဒေါ်ကြူကြူမသိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်းတို့ မပြုလုပ်ပါရန် အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ကြူကြူ** | **ဦးထွေးနိုင်(စဉ်-၉၈၃၅)** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **LL.B(Q), D.B.L, P.G.D.E, G.T.I(Civil)(Q)** |
| | **အမှတ်(၁)၊ (၄)ကွက်၊ မန္တလေး-လားရှိုးလမ်း၊ ပြင်ဦးလွင်မြို့** |
| | **၂၅လမ်း၊ ၆၃ X ၆၄လမ်းကြား၊ အောင်မြေသာစံမြို့နယ်** |
| | **မန္တလေးမြို့၊ ဖုန်း-၀၉-၂၀၄၆၂၅၅၊ ၀၉-၉၆၂၀၄၆၂၅၅** |

# ဒေါ်တင်

## (တင်ချိုဝင်းစတိုး)

## သိမ်ကြီးဈေး

### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်(၃၇/က)နေ (ဦးစိန်ဝင်း)၏ဇနီး၊ ဒေါက်တာဆန်းလွင်-ဒေါ်တင်တင်ဝင်း၊ ဦးအောင်ဇော်ဝင်း - ဒေါ်မိုးမိုးအောင်၊ ဒေါ်ချိုချိုဝင်းတို့၏ ကျေးဇူးရှင်မိခင်၊ မောင်ရဲဝင့်အောင်-မမြတ်ပန်းနှစ်၊ မောင်ကောင်းထက်အောင်တို့၏ အဘွားသည် ၂၈-၃-၂၀၂၂ ရက် (တနင်္လာနေ့) နံနက် ၁၁:၄၀ နာရီတွင် ရန်ကုန်မြို့ SSC ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၃၀-၃-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

# Dr.ခင်မောင်သန်း(သာစည်မြို့)

### အသက်(၆၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်နေ (ဦးလှဒင်-ဒေါ်စောတင်)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၅၈)နေ(ဗိုလ်မှူးဖေသန်းမောင် - ဒေါ်သန်းသန်းနွယ်)တို့၏ သားသမက်၊ ဦးဝေယံစိုး-ဒေါ်ဝင်းလဲ့ဝေ၊ ဦးဝင်းသူ-ဒေါ်မေစပယ်ဖူးတို့၏ မွေးဖခင်၊ မြေး နှစ်ယောက်တို့၏အဘိုး၊ ဒေါ်ချိုမာဦး၏ ခင်ပွန်း ဒေါက်တာ ခင်မောင်သန်း(သာစည်မြို့)သည် ၂၈-၃-၂၀၂၂ရက် နံနက် ၇နာရီတွင်သာစည်မြို့၌ ကွယ်လွန်သွားပါကြောင်း အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/97775, Yunde 110 ယာဉ်လက်ဝယ်ရှိသူ ထူးထက်အောင် ၉/ပမန(နိုင်)၂၅၀၃၆၃ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

## အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ အကွက်အမှတ်(၁၅/၁-၂)၊ ဦးပိုင်အမှတ်(၁၇၀)၊ ဧရိယာ(၀ဒသမ၁၈၄)ကေရှိ မြေကွက်ကို ဒေါ်လှရွှေ ၁/မကန(နိုင်) ၁၀၆၈၀၇ မှ ဝယ်ယူပိုင်ဆိုင်ပြီး ဒေါ်လှရွှေမှ အမည်ပြောင်းလျှောက်ထားပါသည်။ ယင်းမြေကွက်အား ဒေါ်လှရွှေ မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းများ မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်သည့် အရှုပ်အရှင်းများကိုလည်း ဖြေရှင်းပေးမည် မဟုတ်ပါကြောင်းကိုလည်း အသိပေးကြေညာအပ်ပါသည်။

**ကြေညာသူ- ဒေါ်လှရွှေ ၁/မကန(နိုင်) ၁၀၆၈၀၇**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် (၇/ဘိုးတော်ဘုရား)၊ ဦးပိုင်အမှတ်(၂၉)၊ ဧရိယာ(၀ဒသမ၀၇၂)ကေအား ဦးကြည်တင်(ဘ)ဦးဌွေး ၉/တကန(နိုင်) ၀၁၁၀၅၅၊ ဒေါ်ခင်စန်းရီ (ဘ)ဦးဆယ် ၉/တကန(နိုင်) ၀၁၁၀၅၄ တို့မှ မြေငှားဂရန်မိတ္တူ၊ မြေငှားဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ အမှတ်(၂၄/၂၀၂၁)၊ မြေငှားဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ မြေငှားဂရန်ပျောက်ဆုံးကြောင်း ရဲစခန်းထောက်ခံချက်၊ နိုင်ငံသား စိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားဂရန်မိတ္တူမှန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁)လအတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဦးမောင်နိုင်သိရှိစေရန်

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်၊ အုပ်စု-၁ညွန့်ကြည်သာလမ်း၊ အိမ်အမှတ်(မိုင်း/၃)နေ ဒေါ်ခင်ညို (ဘ)ဦးချစ်မြိုင် ၅/ဒပယ(နိုင်) ၀၃၃၉၅၅၏ လွှဲအပ်ညွှန်ကြားချက်အရ-

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်၊ မြို့ကြီးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် O.S.Sတိုင်းတာပြင်ပ(ယာပြင်)၊ ဦးပိုင်အမှတ်(၈)၊ ဦးမောင်နိုင်အမည်ပေါက်ပိုင်ဆိုင်သော ယာမြေ ၂၆ ဧက၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ-၇နှင့်မြေစာရင်းပုံစံ ၁၀၅ တို့အား ဦးမောင်နိုင်မှ မည်သည့်စာချုပ်မျှ ချုပ်ဆိုပေးခြင်းမရှိဘဲ ကျွန်ုပ်မိတ်ဆွေထံသို့ပေးအပ်ကာ ငွေကျပ်သိန်း(၁၀၀)တိတိအား ရယူသွားခဲ့ပြီးနောက် ယနေ့ချိန်ထိအဆက်အသွယ်ပြုလုပ်လာခြင်းမရှိ ရှောင်နေကြောင်း သိရှိရပါသည်။

လူကြီးမင်းဦးမောင်နိုင်အနေဖြင့် (၂၀၂၂ခုနှစ်၊ ဧပြီလ ၄ )ရက် နောက်ဆုံးထား လာရောက်ဖြေရှင်းရန်နှင့် လာရောက်ဖြေရှင်းဆောင်ရွက်မှုမရှိပါက လူကြီးမင်း၏ တာဝန်သာဖြစ်ပါ၍ တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ခင်ညို(ဘ)ဦးချစ်မြိုင်** | **ဒေါ်နန်းသက်သက်ဝေ(LL.B)** |
| **၅/ဒပယ(နိုင်) ၀၃၃၉၅၅** | **တရားလွှတ်တော်ရှေ့နေ(စဉ်/၁၅၁၃၇)** |
| **မိုင်း/၃၊ နယ်မြေ-၁မိုင်းလုံးရပ်ကွက်၊** | **မြို့ဦးရပ်ကွက်၊ နယ်မြေ-၂၊ ဟိုပုံးမြို့၊** |
| **လွိုင်ကော်မြို့၊ ကယားပြည်နယ်** | **ရှမ်း/တောင်** |

## ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ စည်ပင်ကျေးရွာ အထက စတုတ္ထတန်းမှ မညိုညိုသဲ၏ ဖခင်အမည်မှန်မှာ ဦးသန်းမောင် ဖြစ်ပါကြောင်း။

**ဦးသန်းမောင်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/1259 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**ကညန၊**

**တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ပတ်စ်ပို့ပျောက်

ကျွန်မ မအေးမိုးခိုင် ၈/သရန (နိုင်)၁၀၉၈၇၁ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ အထက(ဇီးဖြူပင်)မှ Grade-7 ဖြေဆိုထားသော မောင်သန့်ဇင်ကို၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်း ၈/စလန(နိုင်)၁၀၁၉၈၂ ဖြစ်ပါကြောင်း။

**ဦးမင်းမင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်၊ သက်တော်ရှည်ရပ်ကွက်နေ ဦးစိုးသိန်း၏သား ဦးရဲဝင့်အောင်နှင့် ဦးရဲဝင်းအောင် ၈/ပမန(နိုင်)၀၉၃၆၉၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးရဲဝင့်အောင်(ခ)ဦးရဲဝင်းအောင်**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ် (၂၈/သုမင်္ဂလာရပ်)၊ ဦးပိုင်အမှတ်(၁၂၃)၊ မြေယာအမှတ်(131)၊ မြေဧရိ ယာ(၀ဒသမ၀၈၉)ကေရှိ မြေကွက်အား မြေငှားဂရန် (မိတ္တူမှန်) လျှောက်ထားနိုင်ရေး ဦးလွင်အောင်အေး ၁၂/မဂဒ(နိုင်) ၀၂၂၅၆၃မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**နိုင်ငံတော်ကာကွယ်ရေးဟာ အနိမ့်ဆုံးအဆင့် ပြည်သူလူထုကို ကာကွယ်ရန်၊ အမြင့်ဆုံးအဆင့် နိုင်ငံတော်ရဲ့ အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေး (၃)ပါးကို ကာကွယ်ရန်ဖြစ်ပြီး ကျွန်တော်တို့ တပ်မတော်သားများဟာ ကိုယ်ပိုင်ဆန္ဒနဲ့အညီ ပုဂ္ဂလိကသဘောမဟုတ်ဘဲ အများအကျိုးအတွက် ကာကွယ်ရေးတာဝန် ထမ်းဆောင်နေခြင်းဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၁)နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့် ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

### ယနေ့ သတင်းအညွှန်း

**နေပြည်တော်၌ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ ရုံးခန်းဖွင့်လှစ်၍စားသုံးဆီများကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချ**

ပြည်တွင်းသတင်း စာ - ၇




**ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၌သာ တွေ့ရှိနိုင်သော တောင်ငုံးရင်မည်း ငှက်မျိုးစိတ်အား ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်လို**



ဇီဝစုံလင်သဘာဝဝန်းကျင် စာ - ၁၆

**အနာဂတ် လူငယ်လူရွယ်များ ပညာရည်မြင့်မားရေးအတွက် စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်ကို မလိုလားသည့် အကြမ်းဖက်သမားများက ပညာရေးဆိုင်ရာ အဆောက်အဦများအား မိုင်းထောင်ဖောက်ခွဲပစ်ခတ်ခြင်းများ ပြုလုပ်**

ပြည်တွင်းသတင်း စာ - ၂၁

## ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းရှိ Puma ဆီသိုလှောင်ရုံအား ဖောက်ခွဲရန် စီစဉ်လျက်ရှိသည့် တရားခံများကို လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၈**

နိုင်ငံတော် အစိုးရအနေဖြင့် CRPH ၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များမှ ပြည်သူလူထုအား လုပ်ကြံသတ်ဖြတ်ခြင်းနှင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်အတွက် အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် ပြည်သူလူထုပိုင် အဆောက်အဦများအား အကြောင်းမဲ့ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်နိုင်မှု မရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများ နေ့/ည မပြတ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၂ ရက်

*စာမျက်နှာ ၂၀ ကော်လံ ၁* ❖





မတ် ၂၂ ရက်က မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ဉာဏရပ်ကွက် အမှတ်(၁၆၄)၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများနှင့် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်(၁၉)ရပ်ကွက်၌ သိမ်းဆည်းရမိခဲ့သည့် ဒရုန်းနှင့် လက်နက်/ခဲယမ်းများ။

## ဇူလိုင်လတွင် ကျင်းပမည့် World Games ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာစနူကာကစားသမား အောင်ဖြိုး ရွေးချယ်ခံရ




**ရန်ကုန် မတ် ၂၈**

နိုင်ငံတကာ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၊ အာရှ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်တို့သည် ဇူလိုင် ၇ ရက်မှ ၁၇ ရက်အထိ အမေရိကန်နိုင်ငံ၌ ကျင်းပမည့် World Games ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် ကစားသမားစာရင်းအား ပြီးခဲ့သည့်ရက်ပိုင်းက ထုတ်ပြန်ခဲ့ရာ မြန်မာ့လက်ရွေးစင် စနူကာကစားသမား အောင်ဖြိုး ပါဝင်လာသည်။

World Games ပြိုင်ပွဲကို ၁၉၈၁ ခုနှစ်မှစ၍ လေးနှစ်တစ်ကြိမ် ကျင်းပခဲ့ပြီး မြန်မာအားကစားအဖွဲ့ ပုံမှန်ယှဉ်ပြိုင်လေ့ရှိသည့် အားကစားပြိုင်ပွဲမဟုတ်ဘဲ အခါအားလျော်စွာမှ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၉ ခုနှစ်တွင်

*စာမျက်နှာ ၂၁ ကော်လံ ၄* ●